ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday 9 April 2018 ၉၂၅၄

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ကျင်းပသည့် ဖျော်ဖြေတင်ဆက်မှု အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း တက်ရောက်ကြည့်ရှုအားပေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့ တေးသံရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဧပြီ ၈**

ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုး များ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ နေထိုင်စားသောက်ပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝအလှရှုခင်းများကို တစ်နေရာတည်းတွင် တစုတဝေးတည်း ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံခေတ်ပေါ်တေးဂီတဝိုင်းအဖွဲ့နှင့် ဝန်ထမ်းတေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသည့် ဝန်ထမ်းမိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့သည် နံနက် ၁၀ နာရီခွဲတွင် အခမ်းအနားကျင်းပသည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိလာရာ မြန်မာ့အသံခေတ်ပေါ်တေးဂီတဝိုင်းအဖွဲ့နှင့် တွဲဖက်၍ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များဖြစ်ကြသည့် မေသူကျော်၊ ကြူကြူခိုင်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ဒုတိယဝန်ကြီးများ ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ IDP စခန်း ဖျက်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေး စခန်းတာဝန်ခံများ၊ နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၁၀

**နာဂဒေသ ဝင်ပေါက် ချင်းတွင်းတံတား (ခန္တီး) ဖွင့်ပွဲကျင်းပ**



စာမျက်နှာ - ၁၉

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## အလုပ်အကိုင်အခွင့်အလမ်းနှင့် အလုပ်သမားအခွင့်အရေး

ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံကို အားရပါးရထောက်ခံမဲပေးခဲ့ကြသော မြန်မာပြည်သူတို့၏ မျှော်လင့်ချက်ကြီးတစ်ခုမှာ နေ့စဉ်လူမှုစီးပွားအကျပ်အတည်းများ ပြေလျော့ရေးဖြစ်သည်။ အလွန်အမင်းကျပ်တည်းနေသော အခြေခံစားဝတ်နေရေး ပြဿနာများ ချောင်လည်မှုအတော်အသင့်ရှိလျှင်ပင် နေပျော်ပါပြီဟူသော ပြည်သူအရေအတွက်မှာ မြန်မာနိုင်ငံအတွင်း၌ မနည်းမနော ရှိချေ၏။

ဆင်းရဲမွဲတေမှုနွံအတွင်းသို့ နစ်သည်ထက်နစ် မြုပ်သည်ထက်မြုပ်လာခဲ့သော မြန်မာပြည်သူအများစုမှာ စီးပွားရေးကျဆင်း ယုတ်လျော့မှုအခက်အခဲမှသည် နေ့စဉ်စားဝတ်နေရေး အခက်အခဲဆီသို့ ရောက်ရှိလာခဲ့သည်။ မြို့ပြ၊ ကျေးလက်ဒေသများမှ လူငယ်အမြောက်အမြားသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယ စသည့်နိုင်ငံများသို့ ရရာအလုပ်၊ ရရာလစာဖြင့် သွားရောက်လုပ်ကိုင်နေကြရသည်။ ယခုအခါ ကိုရီးယား၊ ဥရောပနှင့် အမေရိကန်နိုင်ငံတို့အထိ ခြေဆန့်လုပ်ကိုင်နေကြပြီ။

အလုပ်မရွေးနိုင်၊ မိမိဘဝရပ်တည်နိုင်ပြီဆိုရုံမျှနှင့် အိမ်မှာကျန်ခဲ့သော မိသားစုများကို အထိုက်အလျောက် ထောက်ပံ့နိုင်သည်ဆိုလျှင်ပင် လုပ်ရကျိုးနပ်ပြီဟု ဆိုကြသည်။ သည်လိုထဲမှာ ဖိနှိပ်မှုအမျိုးမျိုး၊ လိမ်လည်လှည့်ဖျားမှု အမျိုးမျိုးတို့နှင့်လည်း ရင်ဆိုင်နေကြရသည်။ ပြည်သူတို့၏ အခြေခံစီးပွားရေး၊ လူမှုရေးပြဿနာများ၏ ထွက်ပေါက်တစ်ခုမှာကား အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားများပြားလာအောင် မြှင့်တင်ပေးခြင်းဖြစ်ပါသည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းတို့သာမက ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများကိုပါ စနစ်တကျရှာဖွေ ပြင်ဆင်ပေးခြင်းတို့ လိုအပ်ပါမည်။

ထို့ပြင် ပြည်တွင်းပြည်ပ အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန်လည်း လိုပါမည်။ အလုပ်သမားအခွင့်အရေး ကာကွယ်သည်ဆိုရာ၌ စည်းကမ်းဥပဒေတို့နှင့်အညီ အကာအကွယ်ပေးရန် ဖြစ်ပါသည်။ ဥပဒေများ စိစစ်သုံးသပ်၍ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြဋ္ဌာန်းခြင်း စသည့်ဆောင်ရွက်မှုများ ဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားများပြားလာရေးကို အခြေခံအဖြစ် ရည်မှန်းရခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်တို့၏ အခွင့်အရေး၊ လုပ်ငန်းရှင်တို့၏ လုပ်ပိုင်ခွင့်မူဘောင်တို့ကိုလည်း ဥပဒေနှင့်အညီ စနစ်တကျရေးဆွဲကာ လိုက်နာဆောင်ရွက်ဖို့ လိုပါမည်။ အလုပ်ရှင်နှင့် အလုပ်သမားအကြား ပေါ်ပေါက်လာသည့် ပြဿနာများကို သမာသမတ်ကျစွာဖြင့် ဥပဒေစည်းမျဉ်းတို့နှင့်အညီ ဖြေရှင်းပေးရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရ သုံးပွင့်ဆိုင် ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါသည်။ ပြည်ပထွက် အလုပ်လုပ်ကြရသော အလုပ်သမားများကိုလည်း နိုင်ငံကူးလက်မှတ်ရရှိရေးမှအစ မတရားဖိနှိပ်မှုများမှ အကာအကွယ်ပေးရေး၊ ရသင့်ရထိုက်သော ခံစားခွင့်များရရှိရေးစသည်ဖြင့် အစိုးရက ကူညီပေးရန် လိုအပ်ပါမည်။

အချုပ်ဆိုရလျှင် နိုင်ငံသူ နိုင်ငံသားတို့၏ နေ့စဉ် လူမှုစီးပွားဘဝများ ပြေလည်ချောင်လည်ရေးက လွန်စွာအရေးကြီးပါသည်။ ထိုသို့ပြေလည်မှုရရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း များပြားအောင် ဖန်တီးပေးရန်နှင့် အလုပ်သမားတို့၏ အခြေခံအခွင့်အရေးများကို ကာကွယ်ပေးရန်တို့သည်လည်း မဖြစ်မနေ စီစဉ်ဆောင်ရွက်ပေးရန် လိုပါသည်။

ယခုဖော်ပြခဲ့သော ပြဿနာများနှင့် ထိုပြဿနာတို့ကို ဖြေရှင်းနေပြီဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနတစ်ခုအနေဖြင့် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေကြောင်းတို့ကို "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းဖြေကြားချက်များအရ သတင်းစာမှတစ်ဆင့် သိရပါသည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ကြိုးပမ်းနေဆဲကာလတွင် ပြည်သူလူထု၏ လက်ငင်းပြဿနာဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်ပေးရေးတို့ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းရင်း ပြည်သူ့အစိုးရကို ထောက်ခံအားပေးလိုက်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ



**ပြင်ဦးလွင် မေ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံ(ဘူတာ)ကျေးရွာနှင့် ပင်လိန်ကျေးရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်သော ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၉ နာရီက အဆိုပါ လမ်းသစ်နှစ်လမ်းကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြင်ဦးလွင်မြို့နယ် ဝက်ဝံ(ဘူတာ)ကျေးရွာတွင် အရှည်ပေ ၁၃၀၀၊ အကျယ် ၁၄ပေ၊ ဒု ခြောက်လက်မရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၉၃သန်း စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၉၃ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ပြင်ဦးလွင်မြို့နယ် ပင်လိန်ကျေးရွာတွင် အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၃၀ သန်း စုစုပေါင်း ငွေကျပ် ၂၅ ဒသမ ၃၀ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်တော်တို့ရွာက တောင်ယာလုပ်ကြတယ်။ ပြင်ဦးလွင်နဲ့ အလှမ်းမဝေးပေမယ့် ကျောက်ကြမ်းလမ်းအဆင့်သာ ရှိခဲ့တာပါ။ နိုင်ငံတော်အစိုးရရဲ့စီမံကိန်း ကျွန်တော်တို့ရွာရရှိချိန်မှာ အထူးဝမ်းသာခဲ့ရတယ်။ အရင်က ကျောက်ကြမ်းလမ်းဆိုတော့ မိုးရာသီဆိုရင် တော်တော်အခက်ကြုံတယ်။ အခုလို ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တဲ့ လမ်းတွေဖြစ်ပေါ်လာတာ အလွန်ဝမ်းသာရပါတယ်။ လမ်းကို အကောင်းဆုံးထိန်းသိမ်းသွားပါမယ်။ ရေနုတ်မြောင်းတွေလည်း စနစ်တကျ ဖောက်ထားပါတယ်"ဟု ဝက်ဝံ(ဘူတာ)ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မန္တလေးတိုင်း ဒေသကြီးအတွင်း ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို မြို့နယ် ၁၈ မြို့နယ်ရှိ ကျေးရွာ ၉၇ ရွာတွင် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သန်း ၉၇၀၊ ပြည်သူထည့်ဝင် ငွေကျပ် ၅၅၂ ဒသမ ၂၆ သန်း စုစုပေါင်းငွေကျပ် ၁၅၂၂ ဒသမ ၂၆ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၅ ခုနှစ်မှစတင်၍ စီမံကိန်းကာလ ငါးနှစ်တာသတ်မှတ်ကာ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကြောင့် နိုင်ငံတစ်ဝန်း ကျေးရွာများတွင် ရွာတွင်းလမ်းများ အဆင့်မြှင့်တင်လာနိုင်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေကို အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် တပ်ဆင်အသုံးပြုလာနိုင်ခြင်း၊ မြို့ပြနှင့်မခြား လျှပ်စစ်မီးသုံးစွဲလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိပြီဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## သင်္ကြန်ကာလ မှုခင်းများလျော့နည်းကျဆင်းရေး စစ်ဆေး

**လယ်ဝေး မေ ၈**

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူး အောင်ဇေယျာလင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဒေါ်နီလာအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးကျွမ်းကျင်(၂)ဒေါ်သက်စုညိမ်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော အဖွဲ့သည် မေ ၅ ရက်က မြို့ပေါ်ရပ်ကွက် ခုနစ်ခုရှိ ဆေးဆိုင်များတွင် ကာမရာဂစိတ်ကြွဆေးများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးကာ မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## တူးပို့ တူးပို့ သင်္ကြန်

❀ မြန်မာ့ရိုးရာ နှစ်သစ်ကူး
ကြည်နူးဖွယ် နွေဂိမှာန်။
"ပိတောက်ငုဝါ" တူယှဉ်တွဲ
ပွင့်မြဲပွင့်ပြန်။
တူးပို့သံညံ
တိုင်းမြန်ပြည်ခြိမ့်ခြိမ့်သဲ။
ညီရင်းအစ်ကို မောင်နှမရင်းတမျှ
လောင်းပက်ကြမြဲ။

❀ အလှူမစဲပါ မြန်မာဓလေ့ပေမို့
သဒ္ဓါကြည်မွေ့ ကုသိုလ်မကွာ
စတုဒိသာ။
မုန့်လုံးမှာ မိုးမျှော်ငရုတ်ကိုတော့
ကျုပ်တို့ဖြင့် မရှောင်သာ
ကံကြမ္မာယုံရခက်သေး။
မလေးပျို ကျီစယ်သမျှ
ချွေးဒီးကျပေါ။

❀ မြန်မာ့အလှ မြန်မာ့ယဉ်ကျေးမှု
ထိန်းသိမ်းပြုဝတ်စားဆင်
မျိုးဂုဏ်မြှင့်တင်။
မင်္ဂလာရှိတဲ့ ရေနန်းသဘင်
ချစ်ချစ်ခင်ခင် ပါဝင်နွှဲ။
သွန်းရေစင်ပက်ကာ ဖျန်းလိုက်မယ်
ချမ်းခိုက်စိုရွှဲ။ ။

အောင်မြင့်စိုး(ရေစကြို)

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာမဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်း အားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့ နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြားဆိုးရွားတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# Mobile Mart ကားဖြင့် နေပြည်တော်ဝန်းကျင်ရှိ ဈေးများနှင့် ဝန်ကြီးဌာနများသို့ လှည့်လည်ရောင်းချမည်

**နေပြည်တော် ဧပြီ ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဧပြီ ၇ ရက်က သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅) အကြီးစားစက်ရုံနှင့်အမှတ်(၂၆)အကြီးစားစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်မြို့မဈေးတွင် အဆင့်မြင့်ဈေးကား Mobile Mart ဖြင့် ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။**(ဓာတ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁၅)အကြီးစားစက်ရုံသို့ရောက်ရှိစဉ် ကျန်းမာရေးဝန်ကြီးဌာနသို့ လူနာတင်ယာဉ်များ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မောင်တောဒေသတွင် တပ်ဆင်မည့်တန် ၅၀၀ ဆံ့ Silo အစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှုနှင့် ယင်းအစိတ်အပိုင်းများအား တပ်ဆင်မည့်ဒေသသို့ အရောက်ပေးပို့ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အမှတ်(၂၆) အကြီးစားစက်ရုံသို့ရောက်ရှိရာ ဂျပန်နိုင်ငံNaikai Electric ကုမ္ပဏီနှင့် ပူးပေါင်းထုတ်လုပ်ထားသော Mini Hydro Turbine များကိုကြည့်ရှုစစ်ဆေးပြီး Turbineများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေး ပိုမိုကောင်းမွန်စေရေးနှင့် လက်တွေ့အသုံးချနိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်မြို့မဈေးသို့ ရောက်ရှိပြီး ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ထားသောအဆင့်မြင့်ဈေးကား Mobile Mart ဖြင့် စက်မှုဝန်ကြီးဌာန ထုတ်ကုန်များအား ခင်းကျင်းရောင်းချနေမှုကိုကြည့်ရှုပြီး ဝယ်ယူအားပေးသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါဈေးကားကို နေရောင်ခြည် စွမ်းအင်သုံးမီးထွန်းစနစ်ကို အသုံးပြု၍ စွမ်းအင်အတွက် ကုန်ကျစရိတ်သက်သာအောင် တည်ဆောက်ထားပြီး ယင်းဈေးကားဖြင့် နေပြည်တော် ဝန်းကျင်ရှိ ဈေးများနှင့် ဝန်ကြီးဌာနများသို့ လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကာ ထပ်မံထွက်ရှိလာမည့် ဈေးကားများဖြင့်လည်း နိုင်ငံတစ်ဝန်းလှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်




**နေပြည်တော် ဧပြီ ၈**

(၄) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီ ၂ ရက်မှ ၆ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးများသည် အာဆီယံစီးပွားရေးအသိုက်အဝန်း ခေါင်းစဉ်အောက်မှ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အဆင့်အမြင့်ဆုံး ကျင်းပသော အစည်းအဝေးများဖြစ်ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရသည့်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခြင်းဖြစ်သည်။

အစည်းအဝေးသို့ အာဆီယံ+ ၃ နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်၊ အာဆီယံ + ၃ မက်ခရိုစီးပွားရေးသုတေသနရုံးတို့မှ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် မျှော်မှန်းချက်၊ အာရှဒေသစီးပွားရေး အခြေအနေနှင့် မျှော်မှန်းချက်၊ အာဆီယံစီးပွားရေး အခြေအနေနှင့်မျှော်မှန်းချက်များကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက တင်ပြကြပြီး ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ သက်ဆိုင်ရာအစည်းအဝေးများတွင် အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုများဖြစ်သော ငွေလုံးငွေရင်းစာရင်း လွတ်လပ်ခွင့်ကိစ္စ၊ အရင်းအနှီးဈေးကွက်၊ ဘဏ္ဍာရေးဝန်ဆောင်မှုလွတ်လပ်ခွင့်ကိစ္စ၊ အာမခံ၊ အကောက်ခွန်၊ အခွန်၊ ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အားလုံးပါဝင်သော ဘဏ္ဍာရေး၊ ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှု၊ ချင်းမိုင်သဘောတူညီချက်၊ အာရှငွေချေးစာချုပ်ဈေးကွက် စသည့်ကိစ္စများကို စဉ်ဆက်မပြတ် ဆွေးနွေးလာခဲ့ကြသည့်အတိုင်း ဆက်လက်ဆွေးနွေးကြမှုများအပေါ် မြန်မာနိုင်ငံမှလည်း ပါဝင်ဆွေးနွေးခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလတွင် အဆိုပါအစည်းအဝေးများကို ထိုင်းနိုင်ငံမှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မိမိသည်အပြစ်ရှိသူ မဟုတ်သော်လည်း အာဏာပိုင်များထံ အညံ့ခံရန် အသင့်ရှိဟု ဘရာဇီးသမ္မတဟောင်းပြော

**စောဘာနာဒိုဒိုကမ်ပို ဧပြီ ၈**

ဘရာဇီးနိုင်ငံ၏ လက်ဝဲဝါဒီ သမ္မတဟောင်း လူဝီအင်နာစီယိုလူးလာဒါဆေးလ်ဗားက မိမိသည် အဂတိလိုက်စားမှုဖြင့် လွဲမှားစွာ စွပ်စွဲခံထားရသော်လည်း အဖမ်းခံရန် အသင့်ရှိသည်ဟု ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

လူးလာသည် တံစိုးလက်ဆောင်အဖြစ် နေအိမ်ခန်းတစ်ခန်းကို လက်ခံခဲ့မှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် တရားသူကြီးတစ်ဦး၏ အမိန့်ချမှတ်မှုကို တွေ့ကြုံနေရစဉ် ၎င်းအားထောက်ခံသူလူအုပ်ကြီးအား အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မိမိသည် ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီကြီးတစ်ခုထံမှ တံစိုးလက်ဆောင်အဖြစ် နေအိမ်ခန်းတစ်ခန်းကို ရယူခဲ့သည်ဆိုခြင်းမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ထိပ်တန်းတရားသူကြီးဖြစ်သူ ဆာဂီယိုပိုရို၏ လိမ်လည်မှုသာဖြစ်ကြောင်း၊ မိမိပိုင်ဆိုင်ခြင်းမရှိသော တိုက်ခန်းတစ်ခန်းအတွက် စွဲချက်တင်ခံရသော လူသားတစ်ဦးဖြစ်ကြောင်း ၎င်းက ပြောသည်။

ဖမ်းဝရမ်းအရ မိမိအားဖမ်းဆီးခြင်းကို လက်ခံမည်ဖြစ်ကြောင်း အသက် ၇၂ နှစ်ရှိ လူးလာက ဆက်လက်ပြောကြားသည်။

အောက်တိုဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ မိမိအားပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိစေရန် ရည်ရွယ်၍ လက်ယာယိမ်းအုပ်စုက အာဏာရယူနိုင်ရေးအတွက် ဘရာဇီးနိုင်ငံ၏ တန်ခိုးအာဏာကြီးမားသော မီဒီယာလုပ်ငန်းကြီးက အားပေးကူညီခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ တရားစီရင်ရေးစနစ်မှာလည်း လွဲချော်နေကြောင်း လူးလာက ၎င်းအား ထောက်ခံသူလူအုပ်ကြီးကို နာရီနှင့်ချီသည့် မိန့်ခွန်းတစ်ရပ် ပြောကြားရာတွင် ဝေဖန်လိုက်သည်။



လူးလာသည် လာမည့်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများအနက် ရေပန်းအစားဆုံးပုဂ္ဂိုလ်တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသည်။

ပြည်ပသို့ ထွက်ပြေးကာ ခိုလှုံနေထိုင်ရန် လူးလာအား တိုက်တွန်းမှုများရှိခဲ့သော်လည်း ၎င်းမှာ ထောင်ကျခံရန် လိုလားသည်ဟု ဆို၏။

မိမိအား စွပ်စွဲသူများနှင့် မိမိရင်ဆိုင်ဖြေရှင်းလိုကြောင်း၊ မိမိသည် စွပ်စွဲခံထားရသည့်အတိုင်း လာဘ်ယူခဲ့ခြင်းမရှိသဖြင့် အပြစ်ကင်းသူဖြစ်ကြောင်း လူးလာက ပြောသည်။

ဘရာဇီးအာဏာပိုင်များထံ အညံ့ခံရန် လူးလာအား ညွှန်ကြားခဲ့ပြီး အညံ့ခံရမည့် နောက်ဆုံးသတ်မှတ်ရက်မှာ ဧပြီ ၆ ရက်တွင် ကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း စာပေါ်လိုမြို့အနီးရှိ ၎င်း၏ဇာတိရပ်မြေ စောဘာနာဒိုဒိုကမ်ပိုမြို့ရှိ သတ္တုလုပ်ငန်းအလုပ်သမားများ သမဂ္ဂအဆောက်အအုံအတွင်း ၎င်းအား ထောက်ခံသူများနှင့်အတူ ခိုအောင်းနေခဲ့သည်။

**အေအက်ဖ်ပီ**

# ထရန့်တာဝါ၌ မီးလောင်မှုဖြစ်ပွား လူတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

**နယူးယောက် ဧပြီ ၈**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ရှိ ဒေါ်နယ်ထရန့်ပိုင်ဆိုင်သည့် ထရန့်တာဝါ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ပြီး မီးသတ်သမားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် မန်ဟတ်တန်မြို့အလယ်ပိုင်းရှိ ထရန့်တာဝါ၏ အထပ် ၅၀ မြောက်တွင် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ သို့သော် မီးသတ်သမားများက အမြန်ဆုံး မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဗီဒီယိုများနှင့် မှတ်တမ်းဓာတ်ပုံများတွင် ထရန့်တာဝါမှ မီးခိုးငွေ့များ ကောင်းကင်ယံသို့ လွင့်ပျံတက်သွားသည်ကို တွေ့မြင်ရသည်။

အဆိုပါအဆောက်အအုံအား ခိုင်ခံ့စွာတည်ဆောက်ခဲ့ကြောင်းနှင့် မီးငြိမ်းသတ်ခဲ့သော မီးသတ်သမားများအား အလွန်ပင်ကျေးဇူးတင်ရှိပါကြောင်း သမ္မတထရန့်က ဆိုသည်။

ထရန့်တာဝါကို ၁၉၈၀ ခုနှစ် အစောပိုင်းတွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ မြေညီထပ်များတွင် ကုမ္ပဏီရုံးခန်းများရှိပြီး အထက်မြင့်ပိုင်းတွင် သမ္မတထရန့်၏ နေအိမ်အပါအဝင် လူနေအိမ်များရှိသည်။

ဇန်နဝါရီလက အဆိုပါအဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# ဆူမာတြားကျွန်း၌ မီးတောင်ပေါက်ကွဲမှုကြောင့် အာချေးပြည်နယ်ရှိ လေဆိပ်ကိုပိတ်ထားရ

**ဂျကာတာ ဧပြီ ၈**

အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားမြောက်ပိုင်းပြည်နယ်၌ ဆင်နာဘန်းမီးတောင် ပေါက်ကွဲမှုကြောင့် ယင်းပြည်နယ်၏အိမ်နီးချင်း အာချေးပြည်နယ်ရှိ လေဆိပ်တစ်ခုကို ပိတ်ထားလိုက်ရကြောင်း အာဏာပိုင်များက ယနေ့တွင် ပြောသည်။

အာချေးပြည်နယ်ရှိ အယ်လက်လူဆာလေဆိပ်ကို ပိတ်ထားရန် လေကြောင်းဦးစီးဌာနက ညွှန်ကြားထားကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကွန်ဘန့်အာဗန်က ပြောသည်။

မီးတောင်ပေါက်ကွဲမှုမှ ပေါ်ထွက်လာသော ပြာမှုန်များ လွှမ်းခြုံနေခြင်းကြောင့် အယ်လက်လူဆာလေဆိပ်ကို ပိတ်ထားရန် ညွှန်ကြားထားခြင်းဖြစ်ကြောင်း၊ ဧပြီ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၇ မိနစ်မှ အစပြု၍ လေဆိပ်ကို အချိန်အကန့်အသတ်မရှိ ပိတ်ထားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။



ဆူမာတြား မြောက်ပိုင်းပြည်နယ် ကာရိုခရိုင်ရှိ ဆင်နာဘန်းမီးတောင်သည် ဧပြီ ၆ ရက်က ဝေဟင်အတွင်းသို့ ပြာမှုန်များနှင့် ဓာတ်ငွေ့များကို မှုတ်ထုတ်ခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ဆင်နာဘန်း မီးတောင်သည် အင်ဒိုနီးရှားရှိ မီးတောင်ရှင် ၁၂၉ လုံးတွင်ပါဝင်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်း ၁၇၅၀၀ ပါဝင်ဖွဲ့စည်းထားသော ကျွန်းစုနိုင်ငံဖြစ်သည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွေးစည်းညီညွတ်ကြရန် သမ္မတတိုက်တွန်း

**ကိုလံဘို ဧပြီ ၈**

သီရိလင်္ကာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုက်အခံများ အပါအဝင် နိုင်ငံရေးပါတီများအားလုံး နိုင်ငံရေးအရ သွေးစည်းညီညွတ်ကြရန် သမ္မတမိုင်သီရိပါလာ သီရိသေနာက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံ၌ မကြာသေးမီက နိုင်ငံအလယ်ပိုင်းတောင်ကုန်းဒေသ၌ လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ထိခိုက်ခဲ့ရကြောင်း၊ ယခုအခါနိုင်ငံရေးပါတီများအားလုံးက ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း သမ္မတ သီရိသေနာက သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောသည်။

သီရိလင်္ကာနိုင်ငံ၌ လူမျိုးရေးမတည်မငြိမ်မှုများဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီလက ကျင်းပသော ဒေသန္တရ အစိုးရရွေးကောက်ပွဲများတွင် အာဏာရပါတီရှုံးနိမ့်ခဲ့ကာ ဝန်ကြီးချုပ် ရာနီးလ်ဝီကရီဆင်ဟာအား ပါလီမန်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအတားအဆီးများကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိခိုက်စေခြင်းမရှိသင့်ကြောင်း၊ ပါတီများအနေဖြင့် ပါတီစွဲမထားရှိကြဘဲ အစိုးရအဖွဲ့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါလီမန်ရှိ အမတ်များအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မိမိဖိတ်ခေါ်ကြောင်း သမ္မတ သီရိသေနာက ပြောသည်။

ထိုစဉ်အတွင်း သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၏ တင်ပြချက်အရ မေ ၁ ရက်တွင် ကျင်းပမည့် နိုင်ငံတကာအလုပ်သမားများနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၇ ရက်ရောက်မှ ကျင်းပရန် သမ္မတ သီရိသေနာက ထုတ်ပြန်ကြေညာသည်။

သီရိလင်္ကာနိုင်ငံ၏ ညောင်ရေသွန်းပွဲတော်အခမ်းအနားနှင့် တိုက်ဆိုင်နေခြင်းကြောင့် နိုင်ငံတကာအလုပ်သမားများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းကို ရက်ရွှေ့ဆိုင်းခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ရောက်ရှိ

**နေပြည်တော် မေ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ ဗဟိုသာသနာပြုကျောင်း ဆရာတော်ထံသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးတွင် ဒေသဥက္ကဋ္ဌ ဦးကျောက်ထယ်ချန် ဦးဆောင်သော ဦးစီးအဖွဲ့များနှင့်တွေ့ဆုံရာ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပထမဦးစားပေး အနေဖြင့်ဆောင်ရွက်နေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ၏ ပြည်ထောင်စု၏သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် လာရောက်ခြင်းလည်းဖြစ်ကြောင်း၊ ပဋိပက္ခများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တာဝန်ရှိသူများသည် ပြည်နယ်အစိုးရနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းပါကြောင်း၊ ပြည်ထောင်စုအစိုးရကလည်း အကောင်းဆုံးပူးပေါင်းကူညီမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်ထယ်ချန်က အစိုးရသစ်တာဝန်ယူသည့်ကာလအတွင်း မိမိတို့ဒေသတွင် ဆောင်ရွက်ပေးခဲ့သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ကလည်း ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာခဲ့ကြသော ပြည်သူများအတွက် ပြန်လည်နေရာချထားပေးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အားလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့ရှိရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း၊ အစိုးရနှင့်တာဝန်ရှိသူများသည် ပြည်သူတို့၏လိုအပ်ချက်များကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် သာတူညီမျှခံစားခွင့်ရရှိပြီး ညီညွတ်စွာ အတူ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုအခါဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များကို ပြည်သူ့အတွက် တရားမျှတမှုရှိရန် အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်နေပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းအခန်းကဏ္ဍမှာ အရေးပါလာပြီး အစိုးရ၊ လွှတ်တော်နှင့် ပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် လူမှုအဖွဲ့အစည်းများကိုအားကိုးပါကြောင်းနှင့် ငြိမ်းချမ်းပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် အားလုံးက ယုံကြည်မှုဖြင့် ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းပြောကြားပြီး တိုက်ပွဲရှောင် မိသားစု ၆၅၇ စုအတွက် ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရန် ကျပ် ၁၃၁၄ သိန်းနှင့် ကျပ်သိန်း ၁၄၄၀ တန်ဖိုးရှိ ဇင့်သွပ် ၁၂၀၀၀ ချပ်တို့ကို ထောက်ပံ့ပေးရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်ထယ်ချန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဒေသတွင်း တိုက်ပွဲရှောင်မိသားစုများအတွက် အိမ်ရာများတည်ဆောက်ပေးနေမှုအခြေအနေများ၊ လောက်ကိုင်မြို့တွင်း ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းရွှေဟော်မြို့သို့ ရောက်ရှိကြပြီး ချင်းရွှေဟော်မြို့ရှောင်လမ်းဖောက်လုပ်ရန်လျာထားသည့် မြေနေရာ၊ မြန်မာ-တရုတ် ချင်းရွှေဟော် အထူးစီးပွားရေးဇုန်စီမံကိန်းမြေနေရာ လျာထားမှုနှင့် ချင်းရွှေဟော်လူငယ်အသင်း ကိုယ်ထူကိုယ်ထ မူကြိုကျောင်းကိုလည်း ကြည့်ရှုကြသည်။ ထို့နောက် ကွမ်းလုံမြို့သို့ ရောက်ရှိကြပြီး ကွမ်းလုံမြို့အနီး သံလွင်မြစ်ကူးတံတားသစ် ဆောက်လုပ်ရန် လျာထားသည့်နေရာကို ကြည့်ရှုကြသည်။

ခရီးစဉ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




### ❖ ငြိမ်းချမ်းရေးမှ

Wheel Chair အဖွဲ့ခေါင်းဆောင် ဦးထိန်လင်းက "မြန်မာပြည်သူပြည်သားအားလုံး ငြိမ်းချမ်းရေးရဲ့ အရသာ၊ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်၊ ငြိမ်းချမ်းရေး ဘယ်လိုဆိုတာ လှုံ့ဆော်ပြီး သတိပေးခွင့်ရတဲ့အတွက် ဝမ်းသာတယ်။ ခရီးစဉ်တစ်လျှောက် မြို့၊ ရွာတွေ၊ ရပ်နားတဲ့နေရာတွေမှာ ပြည်သူလူထုက သောင်းသောင်းဖြဖြကြိုဆိုကြတယ်။ ရောက်ရှိတဲ့နေရာတွေမှာ ပြည်သူတွေက ငြိမ်းချမ်းရေးကိုလိုလားကြတယ်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ပါဝင်လက်မှတ်ရေးထိုးကြတယ်"ဟုပြောသည်။

ငြိမ်းချမ်းရေးလှုပ်ရှားမှုများဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ကို ခဝဲခြံမျက်မမြင်ကျောင်း၊ ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ သုံးရောင်ခြယ်ပြည်သူ့အကျိုးပြုကွန်ရက်၊ ငြိမ်းချမ်းရေးလိုလားသည့် အနုပညာရှင်များ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများဖြင့် ဖွဲ့စည်းခဲ့ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

ငြိမ်းချမ်းရေးတွဲလက်များဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ ခရစ်ယာန်များ မိတ်သဟာယ ခဝဲခြံမျက်မမြင်ကျောင်းမှ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်က "ကျွန်တော်တို့တိုင်းပြည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဆောင်ရွက်တဲ့အခါ နိုင်ငံတော်က ပြည်ထောင်စုအဆင့် ဆောင်ရွက်နေတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုအနေနဲ့လည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်တပ်တစ်အား ကိုယ်နိုင်တဲ့ဝန်ကနေ ပါဝင်ဖို့လိုတယ်လို့မြင်တယ်။ အဲဒီထဲမှာ အမြင်အာရုံချို့တဲ့သူတွေက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဘာလုပ်ပေးနိုင်သလဲဆိုတဲ့ နိုင်ငံသားအသိစိတ်နဲ့ လုပ်နိုင်တာလုပ်မယ်ဆိုပြီး ငြိမ်းချမ်းရေးတွဲလက်များကို ဖွဲ့စည်းခဲ့ပါတယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့သည် ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်ကို ပထမအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မြစ်ကြီးနားမြို့မှ နေပြည်တော်အထိ မြို့ပေါင်း ၁၄ မြို့ကိုဖြတ်သန်းပြီး ရက်ပေါင်း ၁၄ ရက်ကြာ မိုင်ပေါင်း ၅၅၇ မိုင်ခရီးစဉ်ကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမှ လားရှိုးအထိ မြို့ပေါင်း ခုနစ်မြို့ကို ဖြတ်သန်းခဲ့သည့် ခရီးစဉ်ကိုလည်းကောင်း ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ဆောင်ရွက်ခဲ့သည်။

ယခုခရီးစဉ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး မတ် ၁၄ ရက်မှ စတင်ခဲ့ကာ ကော့သောင်းမှ ရန်ကုန်အထိ မြို့ပေါင်း ၂၁ မြို့ကို ဖြတ်သန်းခဲ့ကြောင်း၊ ခရီးစဉ်အတွင်း ပြည်သူလူထု၏ ငြိမ်းချမ်းရေးထောက်ခံမှုလက်မှတ်ပေါင်း ၂၃၀၀၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

ယနေ့ညပိုင်းတွင်လည်း ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ဗန္ဓုလပန်းခြံတွင်လည်း ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်ပန်းဝင်ခြင်း အခမ်းအနား အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးတွဲလက်များမှ တေးဂီတများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွန်း**

## မေ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ကြေးမုံသတင်းစာ ခေတ္တရပ်နားမည်
## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၈

**မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်သည်။**

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်း သတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မေ ၁၄ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၅ ရက်တွင်လည်းကောင်း၊ ကြေးမုံသတင်းစာမှ စနေနေ့တိုင်းထုတ်ဝေသည့် တိုင်းရင်းသားရေးရာအချပ်ပိုကို မေ ၁၄ ရက်တွင် လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်းထုတ်ဝေသည့် မျိုးဆက်သစ်ရင်ပြင်အချပ်ပိုကို မေ ၁၅ ရက်တွင် လည်းကောင်း၊ မြန်မာ့အလင်း သတင်းစာမှ ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေသည့် ယနေ့ရန်ကုန်အချပ်ပိုကို မေ ၁၈ ရက်တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

### ❍ ကျောဖုံးမှ

မကွေးတိုက်စစ်မှူး မောင်မောင်စိုး နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံရသောကြောင့် တစ်ယောက်အသာရခဲ့သည်။ ဇွဲကပင်အသင်း၏ တိုက်စစ်ကို မကွေးနောက်တန်းက အမှားအယွင်းမရှိ ထိန်းချုပ်ကာ အနိုင်ရလဒ်ရယူသွားသည်။

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ၁၈ မိနစ်တွင် မက်သရူး၊ ၃၂ မိနစ်တွင် ကောင်းမြတ်ဇော်က သွင်းယူခဲ့သည်။ မြဝတီအတွက် ချေပဂိုးကို ၈၂ မိနစ်တွင် ရဲဝေယံစိုးက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။ ဧရာဝတီအသင်းအတွက်ဂိုးများကို ၂၆၊ ၃၄ မိနစ်တွင် သီဟဇော်၊ ၄၇ မိနစ်တွင် အယ်လာပက်ထရစ်၊ ၅၉ မိနစ်တွင် အိုလာရီ၊ ၆၄ မိနစ်တွင် နိုင်လင်းဦးတို့က သွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အတွက် ချေပဂိုးများကို ၅၃ မိနစ်တွင် သီဟသူ၊ ၉၁ မိနစ်တွင် ကောင်းဇော်ထွေးက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၀) အပြီးတွင် ရန်ကုန်အသင်းက ၂၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မကွေးအသင်းက ၂၀ မှတ်၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၆ မှတ်၊ ရခိုင်အသင်းက ၁၄ မှတ်၊ Southern နှင့် ဇွဲကပင်အသင်းက ၁၃ မှတ်စီ၊ ဧရာဝတီအသင်းက ၁၂ မှတ်၊ စစ်ကိုင်းအသင်းက ကိုးမှတ်၊ GFA အသင်းက ခုနစ်မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ရှုမငြီးတဲ့ ချစ်သမီးသို့ (၄)

**တိုက်မောင်း**

**သမီးရေ**

နေကောင်းရဲ့လား။ အဖေလည်း ကျန်းမာပါတယ်။ နယ်သစ်ပယ်သစ်ရောက်ခါစဆိုတော့ အဖေလည်း အစားအသောက်ကအစ ဒေသခံတွေရဲ့ ဘာသာစကား အဆုံး နေသားမကျသေးတာမို့ သမီးဆီကို စာရေးတာ နောက်ကျသွားတယ်။ သမီးလည်း နွေရာသီကျောင်းပိတ်ရက်မှာ အင်္ဂလိပ်စာသင်တန်းတက်နေရလို့ နားရမှာ မဟုတ်ပါဘူး။ အားလပ်ရက်မှာ အခုလိုသင်တန်းတစ်ခုခု တက်နေတော့ အချိန်တွေ အလဟဿမဖြစ်တော့ဘူးပေါ့။ တကယ်တော့ သမီးတို့အရွယ်မပြောနဲ့။ အဖေ ကိုယ်တိုင်တောင် အခုချိန်ထိ အင်္ဂလိပ်စာကို လေ့လာနေရတုန်းပါပဲ။ ဘာလို့လဲဆိုတော့ အင်္ဂလိပ်စာဟာ ကမ္ဘာသုံးစကားဖြစ်နေလို့ပဲပေါ့။ အဖေတို့နိုင်ငံ လွတ်လပ်ရေးမဆုံးရှုံးခင်အချိန်တုန်းက အင်္ဂလိပ်နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး ကျွန်ပြုဖို့ လက်နက်အားကိုးနဲ့ တိုက်ခိုက်ခဲ့ကြတယ်ဆိုတာ မြန်မာသမိုင်းဖတ်စာမှာ သမီးတို့ သင်ခဲ့ရတယ်မဟုတ်လား။

အခုချိန်ဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လက်နက်အားကိုးနဲ့ ငွေကုန်ကြေးကျခံပြီး ဟိုတုန်းကလို အပင်ပန်းခံ စစ်တိုက်ပြီး ကျွန်ပြုနေစရာမလိုတော့ဘူး သမီး။ ယဉ်ကျေးမှုအနုပညာ၊ စာပေဘာသာစကား၊ နည်းပညာ၊ စီးပွားရေးစတဲ့ Soft Power လို့ခေါ်တဲ့ လူမှုအရင်းအမြစ်တွေနဲ့ အသွင်သဏ္ဌာန်ပြောင်းပြီး တစ်မျိုးတစ်ဖုံ လွှမ်းမိုးခြယ်လှယ်လာကြတယ်။ ဒီနေ့ကမ္ဘာကြီးမှာ ကာယအားချင်း စီးချင်းမထိုးတော့ဘူး။ ဉာဏအား တစ်နည်းအားဖြင့် ဦးနှောက်ကလာတဲ့ ဉာဏပညာချင်း ရုံးခန်းအတွင်းကနေ ယှဉ်ပြိုင်နေကြပြီ။ သူတို့ ဘာတွေလုပ်နေတယ်၊ သူတို့ ဘာတွေပြောနေတယ်၊ သူတို့ ဘာတွေရေးထားတယ်ဆိုတာ အဖေတို့ သမီးတို့ သိဖို့လိုလာပြီ။ ဒါမှသာ သူတို့ကို အဖေတို့ လက်ရည်တူ ကစားလို့ရမှာ မဟုတ်လား။ ဒါကြောင့်မို့ သမီးလေးကို အဖေက အခုအချိန်ကတည်းက အင်္ဂလိပ်စာကို ကျွမ်းကျင်အောင် ကြိုတင်သင်ယူစေခဲ့တာပေါ့။

**သမီးရေ**

ဘာလိုလိုနဲ့ သင်္ကြန်တောင် ရောက်တော့မယ်နော်။ သင်္ကြန်ဆိုလို့ သမီးကိုပြောရဦးမယ်။ အဖေတို့နိုင်ငံမှာ ၁၂ လရာသီအလိုက် ပွဲတော်တွေရှိတာ သမီးသိပြီးဖြစ်မှာပါ။ သင်္ကြန်ကတော့ တစ်နိုင်ငံလုံးနီးပါး နေရာဒေသမရွေး ဆင်နွှဲကြတာမို့ ပွဲတော်တွေထဲမှာ အစည်ကားဆုံးလို့ ဆိုရမှာပေါ့။ အဖေတို့ငယ်ငယ်တုန်းကလည်း မွေးရပ်မြေဇာတိမှာ တောရွာ တောဓလေ့ ရေကစားခဲ့ဖူးတာမို့ ပြန်တွေးကြည့်ရင်တောင် အခုချိန်ထိ ပျော်ရွှင်နေတုန်းပါပဲ။ အမှန်ဆိုတော့ သင်္ကြန်ဆိုတာ ကူးပြောင်းခြင်းလို့ အဓိပ္ပာယ်ရတယ် သမီး။ တပေါင်းလမှာ မြန်မာနှစ်တစ်နှစ် ကုန်ဆုံးပြီးတော့ တန်ခူးလမှာ နှစ်သစ်ကူးပြောင်းသွားတာကို ဆိုလိုရင်းဖြစ်ပါတယ်။ နှစ်ဟောင်းက အညစ်အကြေးတွေကို သင်္ကြန်ရေနဲ့ ဆေးကြောသန့်စင်ခဲ့ကြတာပါ။ ကာလရွေ့လျားလာတော့ အချို့မြို့ကြီးတွေမှာ ရှေးမူမပျက် သင်္ကြန်ရေပက်ဖျန်းတဲ့ အလေ့အထဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လာတယ်။ အခုဆိုရင် မဏ္ဍပ်ကြီးတွေ ဟီးနေအောင် ဆောက်ပြီးတော့ ပျော်ပွဲရွှင်ပွဲတစ်ခုလို ကျင်းပလာကြတယ် သမီး။ ပျော်ရွှင်မှုနဲ့အတူ သင်္ကြန်အခါကာလမှာ သရုပ်ပျက်တဲ့ ဝတ်စားဆင်ယင်မှုတွေလည်း လွှမ်းမိုးလာတယ်။ ဆံပင်တွေ အရောင်မျိုးစုံဆိုးပြီး ခေတ်ရေစီးကို အပြစ်ပုံချလာကြတယ်။ အရက်၊ ဘီယာဟာ သင်္ကြန်မှာ တရားဝင်သောက်ဖို့ ခွင့်ပြုထားသလိုလို ထင်မှတ်လာကြတယ်။ ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းပြီး မိန်းကလေးအချို့ပါ သင်္ကြန်မှာ အရက်၊ ဘီယာသောက်တာဟာ ယဉ်ကျေးမှုတစ်ခုလို ပုံဖော်လာကြတယ်။ သင်္ကြန်မှာ အရက်မသောက်ရင်ဘဲ လူရာမဝင်တော့သလိုလို အချင်းချင်းသွေးထိုးပြောဆိုလာကြတယ်။ ပုံမှန်အချိန်မှာ တစ်ခါမှမသောက်ဖူးတဲ့သူတွေတောင် သူငယ်ချင်းတွေရဲ့ မြူဆွယ်ရာနောက်ကိုပါသွားပြီး လက်တည့်စမ်းကြည့်ကြတယ်။ အချို့ စိတ်ဓာတ်ညံ့ဖျင်းတဲ့ ယောကျ်ားလေးတွေက မိန်းကလေးတွေသောက်မယ့် အအေးတို့၊ ဘီယာတို့ထဲမှာ ပုံမှန်စိတ်နေစိတ်ထားကို ခဏပျောက်သွားစေတဲ့ ဆေးမျိုးတွေထည့်ပြီး အကောက်ကြံကြလို့ သင်္ကြန်တွင်းမှာ ဘဝပျက်သွားခဲ့ကြတဲ့ မိန်းကလေးတွေလည်း အများကြီးပဲ။ သင်္ကြန်ရဲ့သရုပ်အမှန်က ဒါတွေ မဟုတ်ဘူး သမီး။ ပျော်ရွှင်မှုကို သင်္ကြန်ရေနဲ့ ပက်ဖျန်းပေးရမယ့်အစား အရက်ဘီယာနဲ့ စခန်းသွားနေကြတဲ့ လူငယ်လူရွယ်တွေ တိုးပွားလာတာဟာ အဖေတို့အနာဂတ်နိုင်ငံတော်အတွက် ရင်လေးစရာကောင်းတယ် သမီး။ သမီးအရွယ်နဲ့ ဒီကိစ္စတွေကို အဖေ ဘာလို့ ပြောနေရသလဲဆိုရင် နောင်အနာဂတ်မှာ တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုကြမယ့် သမီးတို့လိုလူငယ်လူရွယ်တွေဟာ မမှားသင့်တာတွေကို အချိန်မီသိထားပြီး ကြိုတင်ကာကွယ်စေချင်လို့ပဲ သမီး။

**သမီးရေ**

နောက်တစ်ခုကတော့ သင်္ကြန်ကာလမှာ လမ်းဖြတ်ကူးတဲ့အခါ မော်တော်ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ သတိထားဖို့ပဲ။ သင်္ကြန်တွင်းမှာ သူငယ်ချင်းတွေနဲ့အတူ ဖြစ်ဖြစ်၊ သမီးမေမေ၊ ကိုကိုတို့နဲ့ဖြစ်ဖြစ် ရေကစားထွက်တဲ့အခါ ကားပေါ်မှာ ဂရုတစိုက်စီးစေချင်တယ်။ ကားဘောင်တွေပေါ်၊ အစွန်အဖျားတွေမှာ မထိုင်မိစေနဲ့ပေါ့။ ကားသွားနေရင်း အရှိန်နဲ့ရေပက်လိုက်တဲ့အခါမှာ မတော်တဆ လွင့်စဉ်ကျနိုင်တာမို့ မတ်တတ်ရပ်ပြီး ကားစီးနေရင် လက်တစ်ဖက်က ထိထိမိမိရှိမယ့်နေရာတစ်ခုခုကို မြဲမြဲကိုင်ထားဖို့ မမေ့နဲ့ သမီး။ သင်္ကြန်တွင်းမှာ ယာဉ်မတော်တဆမှုတွေကလည်း ပုံမှန်အချိန်ထက် များနိုင်တာမို့ သမီးလေးကို အဖေစိတ် မှာနေရတာ။ ဥစ္စာကို ကံစောင့် အသက်ကို ဉာဏ်စောင့်ဆိုသလိုပဲ ကိုယ့်အသက်ကို ရှည်ရှည်နေရအောင် ကိုယ်ကိုယ်တိုင် ဂရုစိုက်ရတာပဲ သမီး။ ဘာလို့လဲဆိုတော့ သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေကြောင့် အသက်အန္တရာယ်ဆုံးရှုံးခဲ့ကြတဲ့ ဖြစ်စဉ်တွေက ဒုနဲ့ဒေးပဲ သမီး။

**သမီးရေ**

နေရာတိုင်းမှာ အကောင်းနဲ့အဆိုးဟာ ဒွန်တွဲနေစမြဲပါ။ သင်္ကြန်ကာလမှာ ကောင်းမှုကုသိုလ်ပြုပြီး ဥပုသ်သီတင်း ဆောက်တည်နေကြတဲ့ လူငယ်လူရွယ်တွေလည်း ဘုန်းကြီးကျောင်းတွေ ပြည့်နေသလို တရားစခန်းရိပ်သာတွေမှာလည်း အခါကြီး ရက်ကြီး ရုံးပိတ်ရက်သင်္ကြန်ကာလမို့ တရားဓမ္မအားထုတ်နေကြတဲ့ လူငယ်လူရွယ်တွေလည်း ရှိနေတယ် သမီး။ နှစ်ဆန်းတစ်ရက်နေ့ဟာ အဖေတို့နိုင်ငံရဲ့ ကောင်းမြတ်တဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။ အဲဒီနေ့မှာ သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော်ပေးကြ၊ ခြေသည်း၊ လက်သည်းညှပ်ပေးကြနဲ့ နေရာတိုင်းမှာ ကြည်နူးစရာ သိပ်ကောင်းတယ်။ အချို့ကလည်း ဘုရားတန်ဆောင်းဘေးမှာ ငှက်လွှတ်တဲ့သူနဲ့၊ ငါးလွှတ်တဲ့သူနဲ့ ကောင်းမှုကုသိုလ်ကို ထူးထူးခြားခြား လုပ်ကြတယ်။ ဝတ်အသင်းအဖွဲ့တွေကလည်း သူ့ရပ်ကွက်နဲ့သူ ရွတ်ကြဖတ်ကြနဲ့ တရားသံ ဘုရားသံ ဝေစည်ညံနေတာပဲ သမီး။ လာမယ့်နှစ်သစ်အတွက် ဘေးကင်းပြီး အေးချမ်းသာယာရှိစေဖို့ နေ့လယ်ခင်းပိုင်းလောက်မှစပြီး ရပ်ကွက်ထဲက ဓမ္မာရုံတွေမှာ အန္တရာယ်ကင်းပရိတ်တွေ ရွတ်ဖတ်ကြတာဟာ ညနေစောင်းတဲ့အထိပဲ သမီး။ အဲဒီလို ကောင်းမြတ်တဲ့ အစဉ်အလာဓလေ့ထုံးတမ်းတွေကို အဖေတို့ ဘိုးဘွားဘီဘင်တွေလက်ထက်ကတည်းက အခုချိန်ထိ ထိန်းသိမ်းလာတာပဲ သမီး။ သမီးတို့အနေနဲ့ အရွယ်ရောက်လာရင်လည်း ကောင်းမြတ်တဲ့ ရှေးထုံးတွေကို မပယ်မိကြစေချင်ဘူး။

**သမီးရေ**

အဖေရေးတဲ့အထဲမှာ သင်္ကြန်ကာလနဲ့ပတ်သက်လို့ အကျိုးအပြစ်၊ အကောင်းအဆိုး နှစ်မျိုးလုံးကို ပြောခဲ့တယ်နော်။ သင်္ကြန်မှာ ဟိုဟိုဒီဒီလျှောက်မလည်ရဘူး၊ သူငယ်ချင်းတွေနဲ့ရေကစားပြီး မပျော်ပါးရဘူး၊ တရားစခန်းနဲ့ ဘုန်းကြီးကျောင်းကိုပဲ သွားရမယ်လို့ဆိုလိုတာ မဟုတ်ဘူးနော်။ သင်္ကြန်ကာလမှာ သမီးတို့အရွယ်၊ သမီးကိုကိုအရွယ်တို့လို လူငယ်တွေကို မမှားသင့်တာ မမှားရအောင် သတိပေးတဲ့သဘောပါပဲ။ ရေကစားဖို့ တားမြစ်ပိတ်ပင်နေတာမဟုတ်ဘူး။ ဘယ်အလုပ်မဆို တန်ဆေးလွန်ဘေးပဲ။ ပျော်စရာရှိရင် ပျော်ပါ။ ဒါပေမယ့် အပျော်မလွန်ဖို့ပဲ။ သွားစရာရှိသွားပါ။ ဒါပေမယ့် လမ်းမှန်အောင် ရွေးချယ်ပြီးသွားဖို့ပဲ။ ဘယ်ဟာ မကောင်းဘူး၊ ဘယ်ဟာ ကောင်းတယ်ဆိုတာ ရွေးချယ်တတ်ဖို့အတွက် အဖေတို့သမီးတို့တစ်တွေ ပညာသင်ယူကြတာ မဟုတ်လား။ ပညာသင်ယူနေဆဲအရွယ်၊ ကိုယ့်ဘာသာ မဆုံးဖြတ်နိုင်သေးတဲ့ သမီးတို့လိုအရွယ်တွေဟာ ကိုယ့်ထက်ကြီးတဲ့ မိဘ၊ ဆရာသမားတွေရဲ့ ပြောဆိုသွန်သင်မှုကို နာယူမယ်ဆိုရင် ဘေးမတွေ့စေတော့ဘူးပေါ့။

**သမီးရေ**

စာလည်းရှည်သွားပြီ။ သမီးလည်း အိပ်ချင်ရောပေါ့။ အဖေ့စာကို ပြန်ချပ်ရရင် အင်္ဂလိပ်စာကို တိုးတက်သည်ထက် တိုးတက်အောင် ဒီနွေရာသီကျောင်းပိတ်ရက်အတွင်းမှာ ဖတ်မှတ်လေ့လာပါ။ သင်္ကြန်ကို အန္တရာယ်ကင်းဘေးရှင်းစွာ မေမေ၊ ကိုကိုတို့နဲ့အတူ ဖြတ်သန်းပါ။ သင်္ကြန်တွင်းမှာ ကောင်းမှုကုသိုလ်တစ်ခုခုကို လုပ်ဖြစ်အောင် လုပ်နိုင်အောင် ကြိုးစားပါ။ သမီးလေး နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ ။

**အဝေးရောက် ဖေဖေ**

> “သင်္ကြန်မှာ ဟိုဟိုဒီဒီလျှောက်မလည်ရဘူး၊ သူငယ်ချင်းတွေနဲ့ ရေကစားပြီး မပျော်ပါးရဘူး၊ တရားစခန်းနဲ့ ဘုန်းကြီးကျောင်းကိုပဲ သွားရမယ်လို့ဆိုလိုတာ မဟုတ်ဘူးနော်။ သင်္ကြန်ကာလမှာ သမီးတို့အရွယ်၊ သမီး ကိုကိုအရွယ်တို့လို လူငယ်တွေကို မမှားသင့်တာ မမှားရအောင် သတိပေးတဲ့သဘောပါပဲ။ ရေကစားဖို့ တားမြစ်ပိတ်ပင်နေတာမဟုတ်ဘူး။ ဘယ်အလုပ်မဆို တန်ဆေး လွန်ဘေးပဲ။ ပျော်စရာရှိရင် ပျော်ပါ။ ဒါပေမယ့် . . . .”

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဧပြီ ၈**

မြန်မာနိုင်ငံ၏ရာသီဥတုအရ ဧပြီလနှင့် မေလသည် မိုးတိမ်တောင်များ ဖြစ်ထွန်းပြီး မိုးသက်လေပြင်း ကျရောက်ခြင်းနှင့် မိုးသီးကြွေကျခြင်းတို့ ဖြစ်ပွားလေ့ရှိသည်။ ၂၀၁၇ ခုနှစ်အတွင်း လေပြင်းဘေးကြောင့် မြန်မာနိုင်ငံ တစ်ဝန်းမှ လူနေအိမ်ပေါင်း ၁၆၉၄၀ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။

ယခုနှစ်တွင်လည်း မတ်လမှစတင်၍ လေပြင်းတိုက်ခတ်မှုများ စတင်ဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၃ ရက်တွင် တိုက်ခတ်ခဲ့သော လေပြင်းဘေးကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ဘုတလင်မြို့နယ်တို့မှ လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။



အဆိုပါ လေပြင်းဘေးကျရောက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ နတ်လာပို့တောင်ကျေးရွာအုပ်စုမှ လေဘေးသင့် အမိုးလန်နေအိမ် ၁၁၆ လုံး၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ကျောက်မေကျေးရွာအုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ စုန်းချောင်းကျေးရွာအုပ်စု၊ တောင်ပုကျေးရွာအုပ်စု၊ ညရိပ်ကျေးရွာအုပ်စု၊ ပြန်လှည့်ကျေးရွာအုပ်စုနှင့် မြို့ကြီးကျေးရွာအုပ်စုတို့မှ လေဘေးသင့် အမိုးလန်နေအိမ် စုစုပေါင်း ၆၀၈ လုံးနှင့် ပြိုကျပျက်စီးနေအိမ် စုစုပေါင်း ၃၇ လုံးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၃၅၅၀၀၀၀၊ လေဘေးကြောင့် ဒဏ်ရာရသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် အိမ်ထောင်စုအလိုက် အသုံးအဆောင်ပစ္စည်းများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တာဝန်ရှိသူများက ဧပြီ ၅ ရက်တွင် သွားရောက်ထောက်ပံ့ခဲ့သည်။

ဧပြီ ၆ ရက်တွင်လည်း ဘုတလင်မြို့နယ်အတွင်း လေဘေးသင့် အမိုးလန်နေအိမ် ၉၈ လုံးအတွက် ထောက်ပံ့ငွေကျပ် ၃၀၂၀၀၀၀ နှင့် အိမ်ထောင်စုအလိုက် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်ဖွင့်ပွဲ ကျင်းပ

**မိုးမောက် ဧပြီ ၈**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကြေးနန်းရပ်ကွက်တွင် ထိုင်ဝမ်အမည်ဖြင့် မြို့နယ်သမဝါယမအသင်းစုမှ စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းအဖြစ် ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်ဖွင့်ပွဲကိုကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဇော်ဦး၊ ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဝင်းနှင့် မြို့နယ်သမဝါယမအသင်း ဥက္ကဋ္ဌ ဦးဂျေဘောက်နော်တို့က ဆိုင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတောက်ထွန်းက စိုက်ပျိုးရေးသွင်းအားစုနှင့် ဆေးပစ္စည်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ထက်သီဟနိုင်ကုမ္ပဏီမှ တာဝန်ခံ ဦးမိုးကျော်သူက ဆေးပစ္စည်းများမိတ်ဆက်ပြီး တောင်သူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လွန်းနန်းထွေး**

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ဝန်ကြီးအဆင့် နှစ်လယ်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော်  ဧပြီ  ၈**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ဧပြီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ဝန်ကြီးအဆင့် နှစ်လယ်ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့ပြီး "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုမြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြန်အလှန် ဆွေးနွေးမှုအစီအစဉ်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

အဆိုပါ ဝန်ကြီးအဆင့်အစည်းအဝေးတွင် အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံပေါင်း ၁၂၀၊ လေ့လာသူ ၁၇ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။




**စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်ရန် အရေးကြီး**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာတွင် ဘက်မလိုက်လှုပ်ရှားမှုအနေဖြင့် အဖွဲ့ကြီး၏ အခြေခံမူကြီးများနှင့် ရည်မှန်းချက်များ၊ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလိုက်နာရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရေး၊ နိုင်ငံတစ်နိုင်ငံအပေါ် အင်အားသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း သို့မဟုတ် ရန်လိုသည့်လုပ်ရပ်များကို ရှောင်ရှားရေးစသည့် အခြေခံမူဝါဒများကို လိုက်နာကျင့်သုံးလျက် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်ရန် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ပြဿနာ ဖြေရှင်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများအပြား၏ သမိုင်းအတွေ့အကြုံက ဖော်ပြနေသကဲ့သို့ ပဋိပက္ခနှင့် မတည်ငြိမ်မှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နိုင်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့အကြား အရေးပါသည့် ဆက်နွှယ်မှုများရှိကြောင်း၊ အဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်သည့် အဓိကပြဿနာများကို ဖြေရှင်းရာတွင် စည်းလုံးညီညွတ်သော အုပ်စုတစ်စုအနေဖြင့် တူညီဆန္ဒကိုအခြေခံလျက် တစ်သွေးတစ်သံတည်း ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှု၏ အဓိကရည်မှန်းချက်မှာ အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးဖြစ်သည့်အလျောက် အခြားအဖွဲ့ဝင်နိုင်ငံများအပေါ် ထိခိုက်နစ်နာစေမည့် လုပ်ရပ်မျိုးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အား အလွဲသုံးစားပြုလုပ်ခြင်းကို အားပေးရန်မသင့်ကြောင်း၊ ယင်းသို့သော ဆောင်ရွက်မှုမျိုးသည် အဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို ထိပါးလျော့ကျစေနိုင်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား မည်သည့်အငြင်းပွားမှုကိုမဆို နှစ်နိုင်ငံအကြား ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ငြိမ်းချမ်းရေးလမ်းကြောင်းတွင် ထူးခြားသည့်မှတ်တိုင်သစ်တစ်ခုဖြစ်**

မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သည့် မူလအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အဖွဲ့ကြီး၏ အခြေခံမူများကို အလေးထား လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်း သိသာထင်ရှားသည့် ပြောင်းလဲမှုများနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် မေလတွင် ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ ဒုတိယအကြိမ် အစည်းအဝေး၌ အနာဂတ်ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုအတွက် အဓိကအခြေခံမူ(၃၇)ချက်ကို သဘောတူညီချက်ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နောက်ထပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)သို့ လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ယခုအခါ NCA သို့ ပါဝင်ထားသည့် အဖွဲ့ပေါင်း ၁၀ ဖွဲ့အထိရှိလာခဲ့သည်မှာ ငြိမ်းချမ်းရေးလမ်းကြောင်းတွင် ထူးခြားသည့်မှတ်တိုင်သစ်တစ်ခုဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စမှာ သတင်းမီဒီယာများက ဘာသာရေးပြဿနာအဖြစ် စဉ်ဆက်မပြတ်ပုံဖော်ရေးသား ထုတ်လွှင့်နေမှုများကြောင့် ကမ္ဘာက အဓိကအာရုံစိုက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းအားလုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို စိုးရိမ်မှုရှိကြောင်း၊ ယင်းအခြေအနေမှာ လုံခြုံရေးစခန်း ၃၀ အား ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်တည်း ချိန်ကိုက်တိုက်ခိုက်မှုများကြောင့် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုကိုလည်းကောင်း၊ ရခိုင်တိုင်းရင်းသားများနှင့် အခြားလူနည်းစုတိုင်းရင်းသားများစွာတို့၏ ဒုက္ခခံစားနေရမှုများ၊ မလုံခြုံမှု၊ ကြောက်ရွံ့နေမှုများကိုလည်းကောင်း အများစုက မသိကျိုးကျွန်ပြုထားကြောင်း၊ အကြမ်းဖက်သမားများကို တန်ပြန်နှိမ်နင်းရာမှ ပေါ်ပေါက်လာသည့် အကြမ်းဖက်မှုကြောင့် သာမက အကြမ်းဖက်အဖွဲ့၏ လှုံ့ဆော်မှု၊ ခြိမ်းခြောက်မှုများနှင့် မမှန်ကန်သော မျှော်လင့်ချက်များပေးအပ်မှုတို့သည်လည်း လူအမြောက်အမြား နေရပ်စွန့်ခွာထွက်ပြေးရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း၊ အမှန်စင်စစ်အားဖြင့် ရခိုင်ပြဿနာသည် သတင်းမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်နေကြသကဲ့သို့ ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုမဟုတ်ဘဲ တရားမဝင်ဝင်ရောက်မှု၊ သဘာဝသယံဇာတများပိုင်ဆိုင်နိုင်ရေး ပြိုင်ဆိုင်ကြိုးပမ်းမှု၊ ဆင်းရဲနွမ်းပါးမှု၊ နိုင်ငံသားဖြစ်မှုပြဿနာ၊ တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတော်လုံခြုံရေးတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြဿနာသာဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် အသိုက်အဝန်းများအားလုံးအတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေနိုင်မည့် ရေရှည်တည်တံ့သည့် အဖြေတစ်ခုရရှိရေးကို အပြည့်အဝကတိကဝတ်ပြုထားပါကြောင်း ပြောကြားခဲ့သည်။

**မြန်မာဘက်မှ အဆင်သင့်ဖြစ်နေပြီဖြစ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရအနေဖြင့် ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ ဝန်ကြီးအဆင့်ကော်မတီ၊ ပြည်တွင်း ပြည်ပမှ ထင်ရှားသည့်ပုဂ္ဂိုလ်များ ပါဝင်သည့် အကြံပေးအဖွဲ့၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တို့ကို ဖွဲ့စည်း၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာထွက်ပြေးသူများအား ဆောလျင်စွာ ပြန်လည်ခေါ်ယူရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ စတင်ပြီး သဘောတူညီချက်များ အဆင့်ဆင့် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ လက်ခံရရှိသည့် ပုံစံများသည် နှစ်နိုင်ငံအကြား မူလကသဘောတူညီထားပြီးဖြစ်သည့် ပုံစံများနှင့် ကွဲလွဲနေသော်လည်း မြန်မာနိုင်ငံဘက်မှ စိစစ်အတည်ပြုနိုင်သည့် လူစာရင်းကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပြန်လည်ပေးပို့ထားပြီးဖြစ်ကြောင်း၊ စိစစ်ပြီးသူများကို အချိန်မရွေးပြန်လည်လက်ခံသွားရန် မြန်မာဘက်မှ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ကြက်ခြေနီလှုပ်ရှားမှု၊ အာဆီယံ AHA Centre၊ WFP နှင့် FAO တို့မှတစ်ဆင့် အထိခိုက်ခံအသိုက်အဝန်းများ အားလုံးအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရန် ထိရောက်သည့် ယန္တရားတစ်ခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့နှင့် ပတ်သက်၍ အစိုးရ၏ဆောင်ရွက်ချက်များတွင် အကူအညီများပေးအပ်နိုင်ရန်အတွက် UNDP၊ UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် လက်မှတ်ရေးထိုးရေး အဆိုပြုထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**"ဘက်မလိုက်လှုပ်ရှားမှု၏ အဓိကရည်မှန်းချက်မှာ အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးဖြစ်သည့်အလျောက် အခြားအဖွဲ့ဝင်နိုင်ငံများအပေါ် ထိခိုက်နစ်နာစေမည့် လုပ်ရပ်မျိုးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အား အလွဲသုံးစားပြုလုပ်ခြင်းကို အားပေးရန်မသင့်"**

**မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများတွင် ကူညီပံ့ပိုးမှုများ ပေးအပ်ကြရန် လိုအပ်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဝေဖန်ပြစ်တင်ရှုတ်ချခြင်းနှင့် အမုန်းတရားတိုးပွားစေမည့် ပြောဆိုမှုများထက် ပြဿနာဖြေရှင်းရာတွင် ကူညီပံ့ပိုးပြီး ပိုမိုအပြုသဘောဆောင်သည့် ချဉ်းကပ်မှုမျိုးဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကာ ပြဿနာအားကိုင်တွယ်ဖြေရှင်းမှု လွဲမှားပါက မတည်ငြိမ်မှု ဖြစ်ပေါ်စေနိုင်ပြီး ယုံကြည်ကိုးကွယ်မှုပေါင်းစုံတည်ရှိသည့် နိုင်ငံအတွင်း လူမှုရေးသဟဇာတဖြစ်မှုကို ထိခိုက်ပျက်ပြားစေနိုင်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လက်ရှိဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်ကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ ပြဿနာအား ပိုမိုဆိုးရွားလာအောင် ပြုလုပ်မှုများကို ရှောင်ရှား၍ ပြဿနာဖြေရှင်းရေးကိုသာ အာရုံစူးစိုက်ကြရန် အရေးကြီးကြောင်း၊ အသိုက်အဝန်းများအကြား ပိုမိုကွဲပြားစေမည့် လုပ်ရပ်များထက် ပိုမိုသဟဇာတရှိစွာ နေထိုင်လာနိုင်စေရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများတွင် ကူညီပံ့ပိုးမှုများ ပေးအပ်ကြရန် လိုအပ်ကြောင်း၊ လက်ရှိကမ္ဘာကြီးသည် မမျှတမှု၊ မညီမျှမှုနှင့် မတရားမှုတို့ဖြင့် ပြည့်နှက်နေကြောင်း၊ ဓနအင်အား ကြီးမားသူများ၊ အင်အားကြီးနိုင်ငံများမှ သတင်းမီဒီယာများ၏ လက်ဝါးကြီးအုပ်ခြယ်လှယ်ခြင်း၊ မျှတမှုမရှိသည့် သတင်းထုတ်ပြန်မှုများ၊ သတင်းမှားများဖြန့်ဝေခြင်းတို့သည် မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ်တွင် ဆိုးရွားစွာအကျိုးသက်ရောက်စေနိုင်ပြီး ဖွံ့ဖြိုးမှုနည်းပါး၍ အင်အားနည်းသည့် အဖွဲ့ဝင် နိုင်ငံများအပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်ကြောင်း ထောက်ပြပြောကြားခဲ့သည်။ ယင်းသို့သော အခြေအနေများတွင် ဘက်မလိုက်လှုပ်ရှားမှု ပိုမိုတောင့်တင်းခိုင်မာလာစေရေး၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှု၊ လူမှုရေးပိုင်းဆိုင်ရာတရားမျှတမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုတို့ရရှိရေး၊ မျှတ၍ ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးပေါ်ပေါက်လာစေရေးတို့အတွက် အဖွဲ့ကြီးအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လုပ်ဆောင်သွားကြရန် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

**သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့**

ညီလာခံတွင် အပြီးသတ်စာတမ်း၊ ဘာကူးကြေညာချက်၊ ပါလက်စတိုင်းနှင့် ပတ်သက်သည့် ကြေညာချက်နှင့် အထွေထွေအစီရင်ခံစာတို့ကိုအတည်ပြုခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ ဧပြီလ ၃ ရက်မှ ၄ ရက်အထိအဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဘာကူးမြို့၌ရှိစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ ဗင်နီဇွဲလားနိုင်ငံခြားရေးရာနှင့် ပြည်သူ့အင်အားဝန်ကြီးတို့နှင့်လည်းကောင်း၊ စင်ကာပူ၊ ကျူးဘားနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၈ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**"ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဝေဖန်ပြစ်တင်ရှုတ်ချခြင်းနှင့် အမုန်းတရား တိုးပွားစေမည့် ပြောဆိုမှုများထက် ပြဿနာဖြေရှင်းရာတွင် ကူညီပံ့ပိုးပြီး ပိုမိုအပြုသဘောဆောင်သည့် ချဉ်းကပ်မှုမျိုးဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့"**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွမ်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ကျင်းပသည့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❂ ရှေ့ဖုံးမှ

စပေါင်၊ စလား၊ ဇင်သူဇာထွန်း၊ A ဒေး၊ မေသဇင်၊ ဖုန်းဝေသွင်၊ R ဝါလင်း၊ လင်းသစ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းတေးသံရှင်များ ဖြစ်ကြသည့် ရွှေရည်ဝင်းလက်၊ ရဲရင့်ဝေလွင်၊ ခင်သက်စု၊ ဆုလှဲ့ဝေရီ၊ မွန်မွန်၊ တင်နွယ်လင်း၊ ထရီဇာလေး၊ မြတ်သူခင်၊ နေစိုး၊ မျိုးဆွေသန့်နှင့် မင်းဇော်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

နံနက်ပိုင်း ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ဒုတိယ သမ္မတနှင့် ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မြန်မာ့အသံ ခေတ်ပေါ် တေးဂီတဝိုင်း အဖွဲ့တော်သားများ၊ ဝန်ထမ်းတေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များနှင့် ဖျော်ဖြေတင်ဆက်မှုကို လာရောက်ကြည့်ရှုအားပေးကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ခေတ်ပေါ် တေးဂီတဝိုင်းအဖွဲ့နှင့် ဝန်ထမ်း တေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပကတိပုံစံကို အချိုးကျယူ၍ ပကတိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချိုးအတိုင်း ဆောင်ရွက်ထားရှိပုံနှင့် ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ နေထိုင်စားသောက်ပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝအလှရှုခင်းများကို ပြည်သူများ စိတ်ဝင်စားမှု မြင့်တက်ပြီး ပိုမိုလာရောက်လည်ပတ်ကြစေရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့က တစ်လလျှင် တစ်ကြိမ် ဖျော်ဖြေရေးအဖွဲ့များစေလွှတ်၍ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များကို ဇန်နဝါရီလမှစ၍ အလှည့်ကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ကျင်းပသည့် ဖျော်ဖြေတင်ဆက်မှုကို ပြည်သူများ ကြည့်ရှုအားပေးစဉ်။




အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ကျင်းပသည့် ဖျော်ဖြေတင်ဆက်မှုကို ပြည်သူများ ကြည့်ရှုအားပေးစဉ်။

# ချောင်းဆုံမြို့နယ်တွင် မူးယစ်ဆေးသုံးစွဲမှုလျော့နည်းပပျောက်စေရန် လူငယ်နှင့် မူးယစ်ဆေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ချောင်းဆုံ မေ ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း လူငယ်လူရွယ်များ မူးယစ်ဆေးသုံးစွဲမှု လျော့နည်းပပျောက်စေရန် ချောင်းဆုံ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပ



သည့် "လူငယ်နှင့် မူးယစ်ဆေး" ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးပွဲကို ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲတွင် ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး ပြည်နယ်(ပြန်/ဆက်)မှ ပြည်နယ်ဦးစီးမှူး ဦးထိန်လင်းအောင်က ပြည်သူ့စကားဝိုင်း(Public Talk) ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက မူးယစ်ဆေးဝါးအပေါ် လူငယ်များ၏ အသိအမြင်၊ အယူအဆ၊ ခံယူချက်များအကြောင်းကို လည်းကောင်း၊ အမှတ်(၃၈)မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူး သန်းဝင်းရွှေက မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်မှုနှင့် ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ မင်းညွန့်ဝင်းက မူးယစ်ဆေးဝါး အမျိုးအစားများ၊ သုံးစွဲသူ၏ လက္ခဏာနှင့် ကျန်းမာရေး ဆိုးကျိုးများအကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်က ချောင်းဆုံမြို့နယ်၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဘုန်းနိုင်က မူးယစ်ဆေးဝါးမှုနှင့် အရေးယူဆောင်ရွက်ချက်များကို ပြည်သူလူထုမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးတိုင်ကြားသူ၏ လုံခြုံရေးကို ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများမှ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပရဟိတ လူမှုကွန်ရက် အဖွဲ့အစည်းများ၊ ကျေးရွာမှ လူငယ်လူရွယ်များ၊ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၇၀ ကျော် တက်ရောက်ခဲ့ကြပြီး ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ ယင်းဆွေးနွေးပွဲ ကျင်းပရခြင်းအားဖြင့် ချောင်းဆုံမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို ပိုမိုသိရှိစေပြီး ယခုထက်ပို၍ မူးယစ်ဆေးပြစ်မှုများ ကျဆင်းစေမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဂီတဖျော်ဖြေပွဲ တင်ဆက်ပေးနေမှုအပေါ် ပြည်သူတို့၏ ရင်တွင်းစကားသံများ

မေး - အေးအေးသန့်
ဓာတ်ပုံ - မျိုးသူဟိန်း

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အား ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် ဥယျာဉ်အတွင်း လစဉ်ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်လျက်ရှိရာ ယနေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင် ဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရတေးသံရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ အဆိုပါဖျော်ဖြေပွဲများဖြင့် ပြည်သူများ စိတ်ပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ဥယျာဉ်မှ တာဝန်ရှိသူနှင့် လာရောက်လည်ပတ်ကြသည့် ပြည်သူများ၏ ရင်တွင်းခံစားမှုများကို မျှဝေပေးလိုက်ပါသည်။



ဦးစိုးနိုင်(အုပ်ချုပ်ရေးမန်နေဂျာ)



ဦးဝင်းမြင့် (ရန်ကုန်မြို့)



ကိုစိုးသူရ (ဝန်ထမ်း)



ဒေါ်သန်းသန်းစိုး (ဝန်ထမ်း)



မသဲငြိမ်းငြိမ်းနွေး (ကျောင်းသူ)

**ဦးစိုးနိုင်(အုပ်ချုပ်ရေးမန်နေဂျာ)**
**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်မှာ ဖွင့်လှစ်ခဲ့တာပါ။ တစ်နိုင်ငံလုံးက ဘုရားပုထိုးစေတီတွေကို တစ်နေရာတည်းမှာ ဖူးမြော်လို့ရသလို ဗဟုသုတတွေများစွာကိုလည်း အများပြည်သူတွေ ရရှိနိုင်အောင် ဒီဥယျာဉ်ကို တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ အခုလို တေးဂီတပွဲတွေ လုပ်ပေးခြင်းအားဖြင့် ပြည်သူတွေအနေနဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်မှု ပိုမိုများပြားလာစေဖို့ ရည်ရွယ်ချက်နဲ့ စီစဉ်ပြုလုပ်နေခြင်း ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ ဒီလို တေးဂီတပွဲတွေကို ကူညီပြီး ဖျော်ဖြေပေးတာပါ။ ဒီလိုဖျော်ဖြေပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဇန်နဝါရီလက စတင်ပြီး ဖျော်ဖြေဖြစ်ခဲ့တာပါ။ နောက်ပိုင်းမှာ ကာကွယ်ရေးဝန်ကြီးဌာန မြဝတီဖျော်ဖြေရေးအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့တို့ အလှည့်ကျဖျော်ဖြေလို့ရအောင် စီစဉ်ထားပါတယ်။ ဒီနေ့ဆိုရင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နဲ့အတူ ငြိမ်းချမ်းရေးဂီတပွဲတော်မှာ ဆုရရှိခဲ့တဲ့ အဆိုရှင်တွေနဲ့ ဖျော်ဖြေတာပါ။

တိုင်းရင်းသားကျေးရွာ(ရန်ကုန်)နဲ့ တိုင်းရင်းသားကျေးရွာ (နေပြည်တော်)တို့ကို သိတဲ့သူတွေရှိပါတယ်။ ဒါပေမယ့် ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်က တိုင်းရင်းသားကျေးရွာထက် အဓိပ္ပာယ်လေးနက်တယ်လို့ ယူဆပါတယ်။ ရန်ကုန် တိုင်းရင်းသား ကျေးရွာက ၁၀၇ ဧက၊ နေပြည်တော်က ဧက ၄၀၀ ကျော်ရှိပါတယ်။ ရန်ကုန် တိုင်းရင်းသားကျေးရွာကတော့ တိုင်းရင်းသားရိုးရာဓလေ့ နေထိုင်မှုတွေကို တည်ဆောက်ထားတာပါ။ ဒီမှာက တစ်နိုင်ငံလုံးက အထင်ကရ ဘုရားပုထိုးစေတီတွေကို တစ်နေရာတည်းမှာ ကြည့်လို့ရအောင် စီစဉ်ထားလို့ ကျယ်ပြန့်တယ်၊ လေးနက်ပါတယ်။ ဒီနေ့ဖျော်ဖြေပွဲ အခမ်းအနားကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်ပါတယ်။ ရန်ကုန်တိုင်းရင်းသားကျေးရွာနဲ့ နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကို ဒုတိယသမ္မတက ဖွံ့ဖြိုးတိုးတက်စေချင်တာပါ။ ဖွံ့ဖြိုးတိုးတက်အောင် ဒီလိုပွဲတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညွှန်ကြားစီစဉ်ပေးပါတယ်။ သင်္ကြန်တွင်းမှာလည်း သင်္ကြန်မဏ္ဍပ်တွေကို သက်ဆိုင်ရာ ကုမ္ပဏီအလိုက် တည်ဆောက်မယ်လို့ အစီအစဉ်ဆွဲထားပါတယ်။ ဒီ စတိတ်စင်မှာလည်း တပ်နယ်မိသားစုတွေက ယိမ်းအဖွဲ့တွေနဲ့ ဖျော်ဖြေပွဲလုပ်ဖို့စီစဉ်ထားပါတယ်။ ဒီထဲမှာရှိတဲ့ ဖျော်ဖြေပွဲတွေ၊ ကစားကွင်းတွေကိုလည်း ဖွင့်ထားဖို့ ဆောင်ရွက်ထားပါတယ်။

**ဦးဝင်းမြင့်(ရန်ကုန်မြို့)**

တပ်ကုန်းမြို့ကိုလာရင်း ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှာ ငြိမ်းချမ်းရေးဂီတပွဲတော်က အဆိုရှင်တွေ အခမဲ့ဖျော်ဖြေမယ်ဆိုတာကို သိရလို့ လာရောက်ခဲ့တာပါ။ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်တို့ကို လည်ပြီးမှ ဒီကို လာရောက်ကြည့်ရှုတာပါ။ ရန်ကုန်မှာလည်း တိုင်းရင်းသား ကျေးရွာရှိပါတယ်။ ဒီကိုရောက်တဲ့အခါမှာ ငြိမ်းချမ်းရေး ဂီတပွဲတော်က အဆိုရှင်တွေကို အနီးကပ်မြင်ခွင့်ရလို့ ပျော်ရွှင်ရပါတယ်။

**ကိုစိုးသူရ (ဝန်ထမ်း)**

ဒီလိုမျိုး ဖျော်ဖြေတင်ဆက်မှုတွေက တော်တော်လေး ကောင်းပါတယ်။ ဒီလိုမျိုးပွဲတွေ မကြာခဏလုပ်ပေးမယ်ဆိုရင် အားလပ်ရက်မှာ ပြည်သူတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ အပန်းဖြေနိုင်ပါတယ်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကိုလည်း တိုင်းရင်းသားညီအစ်ကိုတွေ အရင်ကထက်ပိုသိသွားနိုင်ပါတယ်။ ဂီတပွဲပြုလုပ်ပေးတဲ့အတွက် လူငယ်တွေ စိတ်ဝင်တစားလာရောက်နားဆင်တဲ့အပြင် အဆိုဝါသနာရှင်တွေလည်း တက်ရောက်ဖျော်ဖြေနေတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အားလပ်ရက်မှာ ဥယျာဉ်ကို လာရောက်လေ့လာရတာ ကျေနပ်မိပါတယ်။

**ဒေါ်သန်းသန်းစိုး(ဝန်ထမ်း)**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ဒီနေ့မထင်မှတ်ဘဲ ရောက်လာတာပါ။ အခုလိုမျိုး ပြည်သူတွေအတွက် အသစ်အဆန်းအနေနဲ့ ဂီတဖျော်ဖြေပွဲ ပြုလုပ်ပေးတာ တွေ့ရတော့ ပျော်ရွှင်မိပါတယ်။ ဖျော်ဖြေပွဲမှာလည်း တက်တက်ကြွကြွ တင်ဆက်ပေးနေတာ တွေ့ရပါတယ်။ လာရောက်လေ့လာအပန်းဖြေတဲ့ ပြည်သူတွေလည်း တော်တော်လေးများလာတာ တွေ့ရပါတယ်။ အများပြည်သူပိတ်ရက်တွေမှာ ဒီလိုမျိုးဖျော်ဖြေပွဲတွေ ပြုလုပ်ပေးခြင်းဟာ ကောင်းမွန်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ပွဲစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မသဲငြိမ်းငြိမ်းနွေး (ကျောင်းသူ)**

ဥယျာဉ်မှာ ဂီတဖျော်ဖြေပွဲပြုလုပ်ပေးမယ်လို့ ကြိုတင်သိရှိထားတဲ့အတွက် မိသားစုနဲ့အတူ လာရောက်ကြည့်ရှုတာပါ။ ပိတ်ရက်မှာ အပန်းဖြေပြီး ဂီတနဲ့ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုခံစားရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အရင်တုန်းက ဥယျာဉ်လာလည်ရင် ဒါမျိုးမရှိဘူး။ ကားနဲ့ အပန်းဖြေလေ့လာတာမျိုးပဲရှိတယ်။ အခုတော့ အသစ်အဆန်းအနေနဲ့ တင်ဆက်ပေးထားတဲ့အတွက် အတိုင်းထက်အလွန်ပါပဲ။ သင်္ကြန်မှာလည်း ဒီလိုဖျော်ဖြေပွဲတွေရှိတယ်လို့ ကြားထားတဲ့အတွက် နောက်တစ်ခေါက်လာဦးမှာပါ။ ဒီလိုဖျော်ဖြေပွဲတွေ ပြုလုပ်ပေးတဲ့အတွက် ဥယျာဉ်ထဲမှာ အရင်ကထက်ကို စည်စည်ကားကား ဖြစ်လာတာ တွေ့ရပါတယ်။ ။



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ပြည်သူများအား တေးဂီတများဖြင့် ဖျော်ဖြေကြစဉ်။



# ပုဂံ-မန္တလေးအမြန်ရထား အတာသင်္ကြန် ပြေးဆွဲမည်

**မန္တလေး မေ ၈**

သင်္ကြန်ကာလအတွင်း ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့မီးရထား၏ မြင်းခြံ-မြို့သာ RBE ရထားပြေးဆွဲမှုကို သုံးရက်ကြာ ရပ်နားထားမည်ဖြစ်ကြောင်း နွားထိုးကြီးရုံပိုင်က ပြောသည်။

ပုံမှန်ပြေးဆွဲနေသော ပုဂံ-မန္တလေး အမြန်ရထားနှင့် မန္တလေး-ပုဂံ လော်ကယ်ရထားများမှာ အတာသင်္ကြန်အတွင်း ရပ်နားခြင်းမရှိဘဲ ဆက်လက်ပြေးဆွဲမည်ဟု သိရသည်။

အတာသင်္ကြန်တွင်း ကားများရပ်နားထားချိန် မီးရထားပြေးဆွဲနေ၍ ကြိုဆိုပါကြောင်း၊ ခရီးသွားလာမှုခက်ခဲစဉ် မြန်မာ့မီးရထားက ပုံမှန်ပြေးဆွဲခြင်းကြောင့် ဒေသခံများနှင့် အရေးပေါ်ခရီးသွားလာခြင်းများအတွက် အဆင်ပြေမည်ဖြစ်ကြောင်း ဝက်လူးဒေသခံ မီးရထားစီးခရီးသည်တစ်ဦးက ပြောသည်။

ယခင်က လော်ကယ်တစ်စီးသာ အစုန်အဆန်ပြေးဆွဲခဲ့ပြီး ယခုနှစ်တွင် အမြန်ရထားပါ ပြေးဆွဲလာ၍ မြန်မာ့မီးရထားကို ကျေးဇူးတင်ကြောင်း ခရီးသွားများက ပြောသည်။ ယခုနှစ် ပုဂံ-မန္တလေး သွားလာရေး အတာသင်္ကြန်မှာ အဆင်ပြေမည်ဟု သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အလှူရှင်များ လှူဒါန်းသော စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်





**မောင်တော ဧပြီ ၈**
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ လှူဒါန်းသော ရခိုင်ပြည်နယ် မောင်တောမြို့ ကိုင်းကြီး(မြို့) ကျေးရွာရှိ စာသင်ကျောင်းဆောင်သစ်၊ ဆရာ ဆရာမများ နေအိမ်နှင့် ကွန်ကရစ်လမ်းခင်းလုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ကိုင်းကြီး(မြို့)ကျေးရွာ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဟိုပင်တို့က အမှတ်တရစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ASEAM FAMILY KIT များ၊ စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသော ဆိုလာမီးများနှင့် အိမ်သုံးပစ္စည်းများကို မြို့တိုင်းရင်းသူများထံ ပေးအပ်ပြီး ကိုင်းကြီးကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ လှူဒါန်းခဲ့သော ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀× အနံပေ ၃၀ ရှိ ပင်မစာသင်ဆောင်နှင့် အလျားပေ ၄၀×အနံပေ ၃၀ ရှိ ဆရာဆရာမဆောင် အပါအဝင် ကွန်ကရစ်လမ်း၊ ခြံစည်းရိုး၊ နှစ်ခန်းတွဲအိမ်သာနှင့် ရေဂါလန် ၁၂၀၀ ဆံ့ သံမဏိရေစင်တို့ဖြစ်ပြီး စုစုပေါင်း လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၁၈၃ ဒသမ ၅၆ သန်း ဖြစ်သည်။

ယင်းနောက် ဝန်ကြီးချုပ်များနှင့်အဖွဲ့သည် စာသင်ကျောင်းဆောင်အနီး တောင်ကုန်းပေါ်၌ စေတီတော်တည်ထားကိုးကွယ်မည့်မြေနေရာသို့ သွားရောက်ကာ ပန္နက်စိုက်ထူပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်ကျော်ဦး၊ တင်စိုး**

# ဒုတိယဝန်ကြီးများ ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ IDP စခန်း ဖျက်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေးစခန်းတာဝန်ခံများ၊ နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေး

**စစ်တွေ ဧပြီ ၈**
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၅ ရက် မွန်းလွဲပိုင်းတွင် ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ IDP စခန်းသို့ရောက်ရှိပြီး စခန်းစီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိဒင်ကျေးရွာတာဝန်ခံများ၊ စခန်းနေထိုင်သူများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် IDP စခန်းကို ဖျက်သိမ်းပြီး ကျေးရွာနှင့်တစ်ဆက်တစ်စပ်တည်း ပြန်လည်နေရာချထားရေးအစီအစဉ်များ၊ အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများ ခန့်ထားပေးရေး၊ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး၊ ကျောက်တော်မြို့နယ် ခေါင်းတုတ်ရွာတွင် တိုက်နယ်ဆေးရုံတစ်ခုချထားပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရေးကိစ္စရပ်များနှင့် NVC လျှောက်ထားကိုင်ဆောင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ IDP စခန်းတွင် အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၅၈၁ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အခြားစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်သည် ဧပြီ ၆ရက်တွင် စစ်တွေမြို့နယ်ရှိ ခေါင်းဒုက္ကာ(၁)နှင့် (၂) စခန်းများရှိ စခန်းတာဝန်ခံများ၊ စခန်းတွင်းနေထိုင်သူများနှင့်တွေ့ဆုံပြီး စခန်းပိတ်သိမ်းနိုင်မည့်အခြေအနေများကို ကနဦး ညှိနှိုင်းဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီသည် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကို ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့ရှိ သက္ကေပြင်စခန်း၊ မြေပုံမြို့ရှိ တောင်ပေါ်စခန်း၊ ကျောက်တော်မြို့ရှိ နိဒင်စခန်းများကို ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေး

**ရသေ့တောင် ဧပြီ ၈**
ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ရသေ့တောင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်(နည်းပညာ)၊ မြို့နယ်အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က စည်ပင်သာယာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးရာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်း ဖြေကြားကြောင်းသိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

# မြန်မာ-ထိုင်း ချစ်ကြည်ရေး O TOP ဈေးရောင်းပွဲတော်ဖွင့်ပွဲ မဲဆောက်မြို့၌ ကျင်းပ

**မဲဆောက် ဧပြီ ၈**
မြန်မာ-ထိုင်း ချစ်ကြည်ရေး O TOP ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် မဲဆောက်မြို့ စည်ပင်သာယာရေးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ မြဝတီခရိုင် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး တက်ရောက်လာသည့် နှစ်နိုင်ငံတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များအား ထိုင်းရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ နိုင်းကျလိန်းလစ်စင်ွန်စက်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြဝတီခရိုင်အုပ်ချုပ်ရေးမှူးတို့က ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးခဲ့သည်။

"နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆိုပေမယ့် ရောင်းသူဝယ်သူက မြန်မာဘက်ကလည်း ထိုင်းပစ္စည်းကိုဝယ်သလို ထိုင်းဘက်ကလည်း မြန်မာပစ္စည်းကို အားပေးဖို့လိုပါတယ်၊ နောက်တစ်ခုက ကျွန်မတို့နိုင်ငံဘက်ကလည်း ပို့ကုန်ပေါ်မှာ အခွန်နှုန်းလျှော့ပြီး သွင်းကုန်ပေါ်မှာ အခွန်တိုးမြှင့်လိုက်မယ်ဆိုရင် ပို့ကုန်တွေ တိုးမြှင့်လာမှာဖြစ်ပါတယ်" ဟု ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ပြောကြားသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို O TOP ကုန်ပစ္စည်းများအား စီးပွားရေးဈေးကွက်ဝင်ရန် အခွင့်အလမ်းဖွင့်ပေးခြင်း၊ ကုန်ပစ္စည်း အရည်အသွေးအဆင့်မြင့်တင် တိုးတက်ကောင်းမွန်စေရန်နှင့် အသုံးပြုသူပြည်သူများနှင့် အိမ်နီးချင်းနိုင်ငံများမှ ယုံကြည်လက်ခံလာစေရန်၊ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိပြီး ကုန်သွယ်မှုနှင့်ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဧပြီ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မိုးရေချိန်စံချိန်သစ်များ

**နေပြည်တော် ဧပြီ ၈**
ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဧပြီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်-

**မိုးရေချိန်စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ရန်ကုန်(မင်္ဂလာဒုံ) | ၁၆၂ | ၆. ၃၇ | ၁၂၃ | ၄. ၈၄ | ၂၉. ၄. ၂၀၀၆ | ၇၁ |
| ၂။ | တောင်ကုတ် | ၁၀၄ | ၄. ၀၉ | ၉၇ | ၃. ၈၂ | ၂၁. ၄. ၂၀၀၈ | ၂၂ |

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

# မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ပရဟိတသွေးလှူရှင်အသင်းများ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်း



**မန္တလေး ဧပြီ ၈**

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက် ဆေးကုသမှုခံယူနေသူများမှ သွေးလိုအပ်သူများအတွက် ပရဟိတ သွေးလှူရှင်အသင်းများ၏ ပထမအကြိမ်မြောက်စုပေါင်းသွေးလှူဒါန်းခြင်းကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီကစတင်ကာ မန္တလေးမြို့ (၈၅)လမ်း၊ (၃၄)လမ်းနှင့် (၃၅)လမ်းကြားရှိ ပရိယတ္တိသာသနာ့ဟိတအသင်းတွင် ပြုလုပ်ကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သွေးအလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

"အခုလို စုပေါင်းသွေးလှူဒါန်းပွဲကို မန္တလေးမြို့အပါအဝင် အခြားမြို့တွေက သွေးအလှူရှင် ၂၀၀၀ ကျော် လာရောက်သွေးလှူဒါန်းခဲ့ကြပါတယ်၊ သွေးလှူရှင်တွေအတွက် ဆေးဝါးကုမ္ပဏီတွေနဲ့ စေတနာရှင်တွေကလည်း သွေးအားပြည့် ဆေးတွေ၊ ကြက်ဥ၊ ငှက်ပျောသီးနဲ့ အချိုရည်တွေကိုလည်း လှူဒါန်းကြပါတယ်"ဟု သွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ မြတ်ပါရမီ သွေးလှူရှင်အသင်းမှ ဆရာတော်ဦးသုမနက မိန့်ကြားသည်။

**၀၀၂**

# ညောင်တုန်းမြစ်ကမ်း စိတ်ချရရေးအတွက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ညောင်တုန်း ဧပြီ ၈**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင်တည်ရှိသော ညောင်တုန်းမြို့မှ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးလျက်ရှိသော ရေကာတာ မကျိုးပေါက်စေရေး၊ မြစ်ကမ်းပါးပြိုကာကွယ်ထိန်းသိမ်းရေးတို့အတွက် နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ကာကွယ်ထိန်းသိမ်း တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် လိုအပ်သောနေရာများ၌ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် အချိန်မီဆောင်ရွက်လျက်ရှိသည်။



ယခုနှစ်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်တုန်းမြို့ (၁၉)လမ်း၊ လမ်း(၂၀)မြစ်ကမ်းတွင် အလျားပေ ၃၂၀ ဘိုးပိုင် အခြေပြုကျောက်စီနံရံကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် အချိန်မီတည်ဆောက်လျက်ရှိရာ သံကူကွန်ကရစ် ဘိုးပိုင်များ တည်ဆောက်ပြီးစီးနေပြီး ကျောက်စီနံရံများ တည်ဆောက်လျက်ရှိရာ မိုးမကျမီ၊ မြစ်ရေမတက်မီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ဧရာဝတီမြစ်မှခွဲထွက်လာသော ပန်းလှိုင်မြစ်ထိပ် (၈)လမ်းမှ (၁၂)လမ်းအထိ ပန်းလှိုင်မြစ်လယ်သောင်ထွန်းနေမှုကြောင့် ညောင်တုန်းမြို့မှ ပြည်သူများက ညောင်တုန်းမြစ်ကမ်းအတွက် စိုးရိမ်ပူပန်မှုများရှိခဲ့ရာ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ညောင်တုန်းမြစ်ကမ်း ကာကွယ်ထိန်းသိမ်းနိုင်ရေးတို့အတွက် (၇)လမ်း၊ (၈)လမ်း သောင်စပ်တစ်လျှောက်တွင် ပေ ၂၈၀၀ ရှည်လျားသော အုန်းတိုင်အခြေပြု အုန်းတိုင်စိုက်ရေကာတန်းကာ ကမ်းထိန်း ရေကြောင်းလွှဲလုပ်ငန်းများကိုလည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် အချိန်မီတည်ဆောက်လျက်ရှိကြောင်း သိရသည်။

၁၉၈၅ ခုနှစ်က ညောင်တုန်းမြို့ တစ်ဖက်ကမ်း ရန်ကင်းစံရာ ကမ်းခြေတွင် သောင်ထွန်းပြီး ညောင်တုန်းမြို့ဘက်ကမ်း ကျွန်းထိပ်ပိုင်းတွင် ကမ်းပြိုမှုကြောင့် ထိုစဉ်က တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုအရ ၁၉၈၆-၁၉၈၇ ခုနှစ်တွင် မြစ်ဖြတ်ရေခေါ် တူးမြောင်းဖောက်ခဲ့ရာမှ ညောင်တုန်းမြို့တည့်တည့် ရေကြောင်းထိုးမှုကြောင့် ၁၉၈၈ ခုနှစ်မှစတင်၍ မြစ်ကမ်းပါးပြိုမှုအန္တရာယ် ဆိုးဆိုးရွားရွားခံခဲ့ရသည်။ ထိုစဉ်က ညောင်တုန်းမြို့ဘက်ကမ်း သောင်ခုံကျယ်ကြီးပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော အဆောက်အအုံများနှင့် လွတ်လပ်ရေးကျောက်တိုင်ဆုံးရှုံးခဲ့ရသည့်အပြင် လူနေအိမ်ခြေ ၈၀၀ ကျော် ကိုလည်း ပြောင်းရွှေ့ပေးခဲ့ရသည်။ နှစ်စဉ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း များကို ဆောင်ရွက်နေရသည့် ရေကာတာနှင့် မြစ်ကမ်းဖြစ်သည်။

**နေလင်း(ညောင်တုန်း)**

# ဂုတ်တွင်းကားလမ်း၌ ကုန်တင်တွဲယာဉ်တစ်စီး တိမ်းမှောက်၊ ၁၂ နာရီကျော် ယာဉ်ကြောပိတ်ဆို့မှုဖြစ်

**ကျောက်မဲ ဧပြီ ၈**

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်း ကားလမ်း ကျောက်မဲဘက်ခြမ်းခြောက်ထပ်ကွေ့၌ ယနေ့နံနက် ၅ နာရီက မူဆယ်ဘက်မှ ဆင်းလာသည့် ကုန်တင်တွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါဂုတ်တွင်းလမ်း တွဲယာဉ်တိမ်းမှောက်ရာနှင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရာသို့ ကျောက်မဲခရိုင် အမှတ်(၁၂၀) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ကျော်ထွန်း ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် လမ်းကုမ္ပဏီမှ တာဝန်ရှိသူများက လာရောက်ရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး ညနေပိုင်းတွင် တိမ်းမှောက်တွဲယာဉ်အား ကရိန်းယာဉ်ဖြင့် ရှင်းလင်း ဖယ်ရှားခဲ့သည်။ ယာဉ်ငယ်များကို အတက်အဆင်းအလှည့်ကျ စေလွှတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် နှစ်ဖက်ရပ်တန့်စောင့်ဆိုင်းနေရသည့် တစ်ထောင်ဝန်းကျင်ရှိ အတက်အဆင်းကုန်တင်ယာဉ်ကြီးများကို ညပိုင်းအထိ အလှည့်ကျကြပ်မတ်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**





လသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်သည် မြို့နယ်ထွေ/အုပ်၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ သင်္ကြန်အကြိုကာလ မှူခင်းကြိုတင်ကာကွယ်ရေး အဖြစ် ဧပြီ ၇ ရက်က လသာမြို့နယ်အတွင်းရှိ ဆေးဆိုင်များ၌ ကာမရာဂစိတ်ကြွဆေးများနှင့် တားမြစ် ထိန်းချုပ်ထားသည့် ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးစဉ်။

ကြေးမုံ

# မန်ယူကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်း စောစီးစွာ ပရီမီယာလိဂ်ဖလားရယူမည့်အခွင့်အရေးလွဲခဲ့ရ

မန်စီးတီးအသင်းဟာ မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် မန်ယူအသင်းနဲ့ ကစားခဲ့တဲ့ ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ဖလားကို စောစီးစွာရယူနိုင်မယ့် အခွင့်အရေးတစ်ရပ်နဲ့ လွဲခဲ့ရပါတယ်။

မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ ပွဲစဉ်ဟာ ပရိသတ်တွေကို စိတ်ဝင်စားမှုအပြည့် ပေးနိုင်ခဲ့တဲ့ပွဲစဉ်ဖြစ်တဲ့အပြင် မန်စီးတီးအသင်းအတွက်လည်း ပထမပိုင်းမှာ နှစ်ဂိုးပြတ် နိုင်ပွဲရရှိထားရာကနေ သုံးဂိုး-နှစ်ဂိုးဆိုတဲ့ အရှုံးရလဒ်နဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် နည်းပြ ဂွါဒီယိုလာအတွက် ဖိအားတစ်ရပ်တိုးသွားစေခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ကွန်ပနီနဲ့ ဂွန်ဒိုဂန်တို့ရဲ့ သွင်းဂိုးတွေနဲ့ အိမ်ကွင်း အီတီဟက်ဒ်မှာ ဦးဆောင်ကစားနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းအရောက်မှာတော့ မန်ယူအသင်းရဲ့ နှစ်ဂိုးဆက်တိုက်သွင်းယူခြင်းကို ခွင့်ပြုပေးခဲ့ရပါတယ်။ အဲဒီနောက်မှာ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ဟာ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်ခဲ့ပြီး ပွဲကစားချိန် ၆၉ မိနစ်မှာ စမောလင်းရဲ့သွင်းဂိုး ရရှိခဲ့တာကြောင့် မန်ယူအသင်းက မန်စီးတီးအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ပွဲစဉ်မှာ ကွင်းလယ်ကစားသမားပေါ့ဘာက ပွဲကစားချိန် ၅၃ မိနစ်နဲ့ ၅၅ မိနစ်မှာ နှစ်ဂိုးဆက်တိုက်သွင်းယူပေးခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုး နှစ်ဂိုးစလုံးဟာလည်း တိုက်စစ်မှူးဆန်းချက်ဇ်ရဲ့ဖန်တီးပေးမှုကြောင့် ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ဂိုးမသွင်းယူနိုင်ခဲ့ပေမယ့် ဂိုးဖန်တီးပေးနိုင်ခဲ့တဲ့ဆန်းချက်ဇ်ဟာ မန်ယူအသင်းနဲ့ အတူ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်နှစ်ပွဲမှာ လေးဂိုးအထိပါဝင်ပတ်သက်မှုရှိခဲ့ပြီး တစ်ဂိုးသွင်းယူ ထားကာ သုံးဂိုးဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။






# ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါချန်ပီယံအဖြစ် ခြောက်နှစ်ဆက်တိုက် ရယူဆွတ်ခူးနိုင်ခဲ့

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ အော့စဘတ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးတဲ့နောက်မှာ ဘောလုံးရာသီမသိမ်းမီမှာပဲ ဘွန်ဒက်လီဂါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် အော့စဘတ်အသင်းနဲ့ ပွဲစဉ်မှာ အနိုင်ရရှိခဲ့မှုနဲ့အတူ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ခြင်းဟာ ဘွန်ဒက်လီဂါသမိုင်းတစ်လျှောက် ခြောက်နှစ်ဆက်တိုက်ဘွန်ဒက်လီဂါ ဖလားကို ရယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနဲ့ အော့စဘတ်အသင်းတို့ရဲ့ ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို တိုလစ်ဆို၊ ဂျိမ်းစ်ရို ဒရီဂွက်ဇ်၊ အာဂျန်ရော်ဘင်နဲ့ ဝက်ဂ်နာတို့က သွင်းယူပေးခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အနိုင်ဂိုးတစ်ဂိုးကို သွင်းယူနိုင်ခဲ့တဲ့ အာဂျန်ရော်ဘင်ဟာ သူ့ရဲ့ ကစားသမားဘဝတစ်လျှောက် ဘွန်ဒက်လီဂါသွင်းဂိုး ၉၅ ဂိုးမြောက်သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးလည်းဖြစ်လာခဲ့ပါတယ်။

နည်းပြဂျက်ဟေးနက်အတွက်ကတော့ ဘိုင်ယန်မြူးနစ်အသင်း နည်းပြဘဝနဲ့ ဘွန်ဒက်လီဂါဖလားကို လေးကြိမ်မြောက် ရယူနိုင်ခဲ့တာဖြစ်ပြီး နည်းပြအန်စလော့တီကို ထုတ်ပယ်ခဲ့ချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် ပြန်လည်တာဝန်ယူခဲ့တာဖြစ်ပါတယ်။

ဂျက်ဟေးနက်စ်ဟာ ဘိုင်ယန်မြူးနစ်အသင်းကို ဘွန်ဒက်လီဂါဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ ဂျာမန်ဖလားတို့ကို တစ်နှစ်တည်း ဖလားသုံးလုံးရယူပေးနိုင်ခဲ့တဲ့ ၂၀၁၃ ခုနှစ်ကတည်းက နည်းပြအလုပ်ကို လုပ်ခဲ့ခြင်းမရှိခဲ့ပေမယ့် အခုချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းကို အောင်မြင်မှုနဲ့အတူ ပြန်လာနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ လက်ရှိမှာတော့ ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါဖလားကို (၂၈) ကြိမ်အထိ ရယူနိုင်ခဲ့တဲ့ မှတ်တမ်းကိုလည်း ပိုင်ဆိုင်နိုင်ခဲ့ပါပြီ။

**ငွေကြယ် - ရေးသားသည်**

# ဘောလုံးလောက သတင်းတိုများ

- ❖ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် လီဗာပူးအသင်းနှင့် အီဂျစ်အသင်းတိုက်စစ်မှူး မိုဟာမက်ဆာလက်ကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ❖ ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်မှာ ရီးယဲလ်မက်ဒရစ်အသင်းတွင် မပျော်မရွှင်ဖြစ်လျက်ရှိကြောင်း နည်းပြဇီဒန်းက ပြောကြားခဲ့သည်။
- ❖ လက်စတာစီးတီးအသင်းသည် အယ်လ်ဂျီးရီးယားတောင်ပံကစားသမား မာရက်ဇ်အသင်းမှ ထွက်ခွာခဲ့ပါက နေ့ဝှစ်ချ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား မက်ဒီဆင်ကို ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- ❖ အဲဗာတန်အသင်းနည်းပြ ဆမ်အလာဒိုက်သည် အဲဗာတန်အသင်းက ထုတ်ပယ်ခဲ့မည်ဆိုပါက ဝက်စ်ဘရွန်း အသင်းနည်းပြဖြစ်လာမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။
- ❖ မန်စီးတီးအသင်းနည်းပြဟောင်း ရောဘတ်တိုမန်စီနီသည် အီတလီလက်ရွေးစင်နည်းပြဖြစ်လာရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။
- ❖ အဲဗာတန်အသင်းသည် ဘန်လေအသင်းမှ အိုင်ယာလန်တောင်ပံကစားသမား ရော့ဘီဘရက်ဒီအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ❖ ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီသည် လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနည်းပြ ဖြစ်လာရန် နီးစပ်မှုရှိကြောင်း သိရသည်။

# ဇီဒန်းနေရာ ယာဂန်ကလော့ပ်ဖြင့် အစားထိုးရန် ရီးယဲလ်မက်ဒရစ်အသင်း ပြင်ဆင်နေ

ရီးယဲလ်မက်ဒရစ်အနေဖြင့် နည်းပြ ဇီဒန်းသာ ရာသီကုန်တွင် ချန်ပီယံလိဂ် အောင်မြင်မှုမရရှိပါက ထုတ်ပယ်ကာ လီဗာပူးနည်းပြ ယာဂန်ကလော့ပ်ဖြင့် အစားထိုးရန် အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ နည်းပြ ကလော့ပ်မှာ ဒေါ့မွန်အသင်းအတွက်လည်း အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သလို လီဗာပူးအသင်းကိုလည်း လမ်းကြောင်းမှန်ပေါ်ရောက်ရှိအောင် တဖြည်းဖြည်း ဆွဲတင်ပေးထားနိုင်သည်။ ရီးယဲလ်က အစောပိုင်းတွင် စပါးနည်းပြ ပိုချက်တီနိုကို မျက်စိကျခဲ့သော်လည်း ချန်ပီယံလိဂ်လိုပြိုင်ပွဲကြီးတွင် စွမ်းဆောင်နိုင်မှုကိုကြည့်ကာ ကလော့ပ်ကို ပြောင်းလဲစိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ကလော့ပ်သာ ရီးယဲလ်မက်ဒရစ်နည်းပြရာထူးကို လက်သင့်ခံမည်ဆိုပါက ရာသီကုန်တွင် ဇီဒန်းကို ထုတ်ပယ်လိမ့်မည်ဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ ရီးယဲလ်ကစားသမားအများစုက ဇီဒန်းကို ထောက်ခံမှုပေးကြသော်လည်း အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ရာသီကုန် အသင်းအောင်မြင်မှုကိုကြည့်ပြီး ဇီဒန်း၏ အနာဂတ်ကို ဆုံးဖြတ်သွားဖွယ်ရှိသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် နည်းပြများ အပေါ် စိတ်ရှည်မှုနည်းပါးသည့်အသင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ် အသင်းကို ၁၂ နှစ်ကြာ ဝေးကွာနေသည့် ချန်ပီယံလိဂ်အောင်မြင်မှု ပြန်လည်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ အန်စလော့တီကို ထုတ်ပယ်ခဲ့ရာ ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုက ဒေါသပေါက်ကွဲကာ လူသိရှင်ကြား ဝေဖန်ခဲ့ဖူးသည်။

**မေလှဲ့သင်း - ရေးသားသည်**



# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးမီဒီယာကျွမ်းကျင်မှုဆင့်ပွားသင်တန်းဖွင့်



**ပုသိမ် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးသတင်းမီဒီယာကျွမ်းကျင်မှုဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၁၈)ဖွင့်ပွဲကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တိုင်းဒေသကြီး တရားရေး ဦးစီးမှူး ဦးထိန်မင်းတို့က အမှာစကားများ ပြောကြားသည်။

သင်တန်းသို့ တရားလွှတ်တော် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဖျာပုံခရိုင်၊ မအူပင်ခရိုင်နှင့် ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသားတရားသူကြီး ၄၃ ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဧပြီ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# စာပေစေတမန်ပရဟိတအဖွဲ့ သုံးနှစ်ပြည့်နှင့် သုတေသနစာတမ်းဖတ်ပွဲ၊ ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**ဝေါ ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စာပေစေတမန် ပရဟိတအဖွဲ့နှင့် မြို့နယ်ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော စာပေစေတမန်ပရဟိတအဖွဲ့ သုံးနှစ်ပြည့် အထိမ်းအမှတ် ကျေးလက်များ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွံ့ဖြိုးရေး သုတေသနစာတမ်းဖတ်ပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဧပြီ ၆ ရက်က ဝေါမြို့နယ် ညောင်ခါးရှည် အထက၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်တို့က အဖွင့်အမှာစကားများပြောကြားပြီး ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးကျော်သက်ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပြေဝင်းတို့က ဂုဏ်ပြုစကားများ ပြောကြားကာ စာပေစေတမန် ပရဟိတအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ဘုန်းဇော်မိုး(ဥဿာ)က သုံးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စာပေဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် စာပေစေတမန်အဖွဲ့မှ အနုပညာစွမ်းရည်ဆုနှင့် ပရဟိတစွမ်းရည်ဆု ရရှိကြသူများအား ဆုများချီးမြှင့်ကြပြီး လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပံ့လှူဒါန်းငွေ ကျပ်တစ်သိန်း၊ အခြားစေတနာရှင်များက လှူဒါန်းငွေ ကျပ်ခုနစ်သောင်းနှင့် ခရိုင် ပြန်/ဆက်နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းတို့က သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **နေလင်း(ညောင်လေးပင်)**



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ဧပြီ ၆ ရက်က မဟာသင်္ကြန်ကာလ မှုခင်းလျော့နည်းကျဆင်းရေးအတွက် ရန်ကင်းမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး စိုးလှိုင်နှင့် ပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် လိင်စိတ်ကြွဆေးများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးစဉ်။

ကြေးမုံ



သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦး၊ သုဝဏ္ဏနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းနိုင်တို့ ဧပြီ ၆ ရက်က သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေးအတွက် မှုခင်းအသိပညာပေး ဟောပြောစဉ်။ ကြေးမုံ

# မိုးဆက်လက် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၈

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေပြည်တော်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဧပြီလ၏ပျမ်းမျှအပူချိန်အောက် ၁၂ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဧပြီလ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ တောင်ငူမြို့၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ရန်ကုန်(မင်္ဂလာဒုံ)တွင် ၆ ဒသမ ၃၇ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၀၉ လက်မ၊ သရက်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ အောင်လံမြို့တွင် ၂ ဒသမ ၀၂ လက်မ၊ ပျော်ဘွယ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်)တွင် သုည ဒသမ ၇၅ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် သုည ဒသမ ၇၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။



၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေး အစီအမံအဖြစ် ဧပြီ ၈ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်း မြို့မရဲစခန်းမှ နယ်ထိန်း ရဲအုပ်စိုးမောင်နှင့်အဖွဲ့ ပြည်စုံအောင်ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များအား တရားမဝင်ဆေးဝါးများ၊ ကာမရာဂနိုးကြွစေသော ဆေးဝါးများ ရောင်းချမှုမရှိစေရေး အသိပညာပေး ဆောင်ရွက်စဉ်။

ခွန်းဆက်နေ

ရောင်လေဝေးဝေး မူးယစ်ဆေး

GOLDEN LIGHT ၁၄၆(ပ) ထပ်၊ ပုဇွန်တောင်စာတိုက်မှတ်တိုင်။
09421099405,43197550,252225772
မဟာသင်္ကြန်အတွက် အဆင့်မြင့်ခရီးစဉ်များ April 12/13/17/20/27
Yutong ,Higer ,Man အဆင့်မြင့်လေအိတ်ကားကြီးများဖြင့် ပို့ဆောင်ပေးပါသည်။ ခရီးစဉ်တိုင်း စားစရိတ်+တည်း(ငြိမ်း)
ရွှေစက်တော်+ပုဂံ၊ပုပ္ပါး+ပခုက္ကူ 70000
မန္တလေး၊ပြင်ဦးလွင်၊မုံရွာ၊ကသပ 75000
ရွှေစက်တော်+အလောင်းတော်ကဿပ 75000
ရခိုင်၊စစ်တွေ၊ငပလီ 120000
တောင်ကြီး၊အင်းလေး၊ပင်းတယ 75000
အင်းတော်ကြီး၊မြစ်ကြီးနား၊မိုးကုတ် 130000
ကားမျိုးစုံ စင်းလုံးငှားခြင်းကို အထူး စိတ်တိုင်းကျ စီစဉ်ပေးပါသည်။
ပုဂံ၊ပုပ္ပါး +မန္တလေး၊ပြင်ဦးလွင် 85000

မင်္ဂလာဒါ 09426669001~2~3
April 6,12,13,17, 20 ထွက်မည်။
+မန်းရွှေစက်တော်၊ပုဂံ၊ညောင်ဦး၊ပုပ္ပါး၊ပခုက္ကူ (၅)ရက်။
+မန်းရွှေစက်တော်၊မုံရွာ၊အလောင်းတော်ကဿပ (၅)ရက်။
+မန်းရွှေစက်တော်၊ပုဂံ၊ညောင်ဦး၊တောင်ကြီး၊အင်းလေး(၅)ရက်။
+တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမ့်စမ်း၊ကက္ကူ၊မိန်းမရဲ(၅)ရက်။
(ဆက်၍)-ကယားပြည်နယ်-လွိုင်ကော်၊ဒီမောဆိုး၊ပန်ပက်ရွာ(၆)ရက်။
+ထားဝယ်-ရှင်ကိုးရှင်၊မောင်းမကန်၊မျှော်ရစ်၊ကျိုက္ခမီ၊စက်ခဲ(၅)ရက်။
+မိုးကုတ်၊အင်းတော်ကြီး၊မြစ်ကြီးနား-မြစ်ဆုံ၊ရွှေဘို(၇)ရက်။
ဆက်၍- မုံရွာ၊စစ်ကိုင်း၊အလောင်းတော်ကဿပ (၉)ရက်။
+မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ (၅)ရက်။
ခရီးစဉ်တိုင်း-နောက်ဆုံးပေါ်အဆင့်မြင့် Yutong, Higher/ 45 Seater Bus
Hotel/ Guest House တည်း၊ ထမင်းကျွေး၊ တစ်ဆင့်သွားငြိမ်း

ရွှေထိပ်တန်း၏ သင်္ကြန်ခရီးစဉ်များ
+ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက္ခမီ၊ စက်စဲတမ်းခြေ 120000
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ ကက္ကူ၊ လွိုင်ကော် 130000
+ရွှေစက်တော်၊ ပုဂံ-ညောင်ဦး (စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ 100000
+မြဝတီ၊ မဲဆောက်၊ ဖဝေါ၊ ဘားအံ လမ်းဘုရားစုံ 80000
Ph:09-5403844, 09-5044830 ကားစီးလုံးငှားစီစဉ်ပေးသည်

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၊ ဦးခိုလမ်း၊ အမှတ်(၂၀၆)ဟုခေါ်တွင်သော ပေ (၂၀×၉၀) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းနိုင်ထွန်း[၁၄/ဟသတ(နိုင်)၀၄၅၂၃၈]ထံမှ အပြီးအပိုင်ဝယ်ယူရန် ငွေအပြေအကျေပေးချေဝယ်ယူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရတနာဦး[၅/ဒပယ(နိုင်)၀၁၀၃၂၈]**
**အမှတ် (၅၇၇) B-C၊ ပြည်လမ်း၊ ၂ ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၇၈၆၄၅၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၄)၊ အေးချမ်းမြိုင်ကွက်သစ်ရှိ မြေကွက်အမှတ်(၂၄၁)၊ ဧရိယာ(၀. ၀၅၅) ဧကရှိ ဦးတိုက်သိမ်း(LPA-၀၀၂၆၄၀) အမည်ပေါက် အိမ်ရာမြေကွက်အား ကျွန်မ ဒေါ်ချိုချိုမာ[၆/ကသန(နိုင်)၀၁၁၁၆၂]မှ အရပ်ကတိစာချုပ်ဖြင့် (၁၀-၃-၂၀၀၈)ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းမြေပေးအမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်လျှောက်ထားရန်နှင့် နှစ်(၃၀)မြေငှားဂရန်လျှောက်ထားနိုင်ရေး ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ချိုချိုမာ [၆/ကသန(နိုင်)၀၁၁၁၆၂] ဖုန်း-၀၉-၅၆၄၅၂၇၂**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးချစ်ညွန့်၏သမီး မခင်ချိုဆင့်[၁၂/သဃက(နိုင်)၀၁၂၆၄၄]နှင့် မချိုချိုဆင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်ချိုဆင့် (ခ) မချိုချိုဆင့်**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ အထက(ခွဲ)အဏ္ဏဝါမှ ဆဋ္ဌမတန်း ဖြေဆိုထားသော မောင်အောင်သူရိန်မျိုးအား မောင်အောင်သူရိန်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့အထက (ခွဲ)၊ အဏ္ဏဝါမှ ဒသမတန်း ဖြေဆိုထားသော မထက်ထက်လှိုင်အား မညိုရည်လွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## လူပျောက်ကြော်ငြာ

အမှတ်(၁၂၀)၊ မြရတနာ(၈)လမ်း၊ မြောက်ဥက္ကလာပနေ မနှင်းနှင်းခိုင်[၁၂/ဥကမ(နိုင်)၂၄၅၇၇၅]ကိုင်ဆောင်သူသည် ၅-၄-၂၀၁၈ရက် နေ့လည် ၂ နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားရှိသူအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း။

**ဦးအောင်သိန်း**
**ဖုန်း-၀၉-၄၄၅၄၂၈၄၈၂၊**
**၀၉-၇၉၅၈၉၈၁၃၂**

# ဘယ်ရောက်နေလဲ မန္တလေးသင်္ကြန်

ဆူးငှက်

ပုဂံခေတ်ကတည်းက အထင်အရှားရှိခဲ့တယ်ဆိုတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန်ဟာ မန္တလေးရတနာပုံခေတ်အထိ "ပဒေသရာဇ်သင်္ကြန်"အဖြစ်ပဲ မှတ်တမ်း မှတ်ရာရှိခဲ့တယ်။ "သင်္ကြန်"ဆိုတာ "ကူးပြောင်းခြင်း"ဆိုတဲ့ အနက်အဓိပ္ပာယ်နဲ့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုသမား၊ ဟူးရားတို့ရဲ့ "စိတ်တော်သိဗောင်းတော်ညိတ်" ဗေဒင်ကိန်းခန်းယတြာများနှင့်အတူ ဘုရင်ဧကရာဇ် အသိုင်းအဝိုင်းရဲ့ ရွှေဘုံနိဒါန်းလာအခင်းအကျင်းများနဲ့ပဲ နှစ်စဉ်မပျက် ဆောင်ရွက်စီမံရတဲ့ ပြုဖွယ်ကိစ္စများပဲ ဖြစ်ပါတယ်။ အများပြည်သူလူထုအနေနဲ့ကတော့ နှစ်ဟောင်းက အညစ်အကြေးတွေနှစ်သစ်မှာ ပါမလာအောင်နဲ့၊ နှစ်သစ်မှာရေလိုအေးပြီး ပန်းလိုလန်းကြစေကြောင်း ဇမ္ဗူဒီပါဩဘာနိမိတ်ထွန်းတဲ့ တောင်ကျွန်းသား အစဉ်အလာတွေအတိုင်း အောင်သပြေခက်နဲ့ ရေပက်ကစားကြတာပါပဲ။ ဘယ်မင်းဧကရာဇ် ပြောင်းပြောင်း ပြည်သူလူထုရဲ့ အစဉ်အလာကတော့ ဒီအတိုင်းပါပဲ။

**တူမယ်ထင်လျှင် ယှဉ်စမ်းတော့လား**

မန္တလေးရတနာပုံခေတ် သင်္ကြန်အခါတော်တွေမှာ ကျမ်းကိုးကျမ်းကားတွေအတိုင်း ရွှေနန်းတော်ထဲမှာ အတွင်းဆိုင်း၊ အပြင်ဆိုင်း၊ မွန်ဆိုင်း၊အရှေ့အငြိမ့်၊ အနောက်အငြိမ့်၊ ယိုးဒယားရာမဇာတ်တော်ကြီးတွေရဲ့ ဆိုသံ၊ ကသံ၊ တီးသံ၊ မှုတ်သံ၊ တူရိယာသံတွေနဲ့ မင်္ဂလာရှိ ကျက်သရေရှိ ခံ့ညားထည်ဝါနေမှာပေါ့။ ရွှေမြို့တော်လေးပြင်လေးရပ်၊ ဝင်းတွေ၊ ပြလမ်းတွေမှာတော့ လူထုဂီတဖြစ်တဲ့ အိုးစည်ဒိုးပတ်တွေကိုအယိုင်တီးပြီး . . .

"ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ
အမောပြေအောင် တိုက်ပ့ါ မမ။
ဘုန်းတော်ကြီးလို့ သက်တော်ရှည်
တို့တတွေ ရေချမ်းအိုးကြီး။
အိုးစည်၊ အိုးစည်၊ အိုးစည်သားဗျ၊
လူရည်၊ လူရည်၊ လူရည်ခြားဗျ။
တဝမ်းပူ နှစ်ချောင်းငင်
တူမယ်ထင်လျှင် ယှဉ်စမ်းတော့လား။"စတဲ့ သံချပ်တွေ ထိုးကြမှာပေ့ါ။

ဒီအချိန်မှာပဲ ဇေတဝန်ဆောင်တော် အတွင်းဆိုင်းကတော့ ကြေးစုံပတ်စုံနဲ့ . .

"စံရာတောင် ကျွန်းလုံးသူ့ ဉသျှောင် ကြင်ငယ်လေ၊
မင်းများထိပ်ခေါင်တင်၊ သောင်းမြေပြင်လေ
ထီးဆူဆူကိုလေ . . . စိုးလို့မိုးတော်မူ" စတဲ့ ဘုန်းတော်ဘွဲ့ကို မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်လို့ နေပါတော့တယ်။

ကောဇာသက္ကရာဇ် . . . ၁၂၄၁ခုနှစ်။

**အေးစေတော့ဆို .. လောင်းတဲ့စိတ်ရင်းပင်**

မန္တလေးကို ဗြိတိသျှအစိုးရသိမ်းပိုက်ပြီးနောက်ပိုင်း မန္တလေးရဲ့ လူမှုရေး၊ စီးပွားရေးတွေ ပုံစံပြောင်းသွားတယ်။ မိရိုးဖလာလက်လုပ်လက်စားတွေ၊ လက်မှုအနုပညာရှင်တွေ၊ ကုန်ရောင်းကုန်ဝယ်တွေ၊ ကုန်သည်ပွဲစားတွေ ဆိုတဲ့ အလုပ်တွေအပြင် တရုတ်၊ အိန္ဒိယ၊ အင်္ဂလိပ်စတဲ့ အရင်းရှင်ကြီးများရဲ့ ကုန်တိုက်ကြီးတွေလည်း ဖွင့်လှစ်လာကြတယ်။ အုပ်ချုပ်မှုယန္တရားရဲ့ အဓိကနေရာဖြစ်တဲ့ ဘုရင်ခံအိမ်တော်တည်ရှိရာ မန္တလေးနန်းတွင်းနဲ့ အုပ်ချုပ်သူအမှုထမ်းများ နေထိုင်ရာ သံဝင်းရပ် (ယခု - အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်)တို့ ဆက်သွယ်တဲ့ အာဠဝီ (စီလမ်း) လမ်းမကြီးဟာ မန္တလေးရဲ့ ကုန်သွယ်မှု ဗဟိုလမ်းမကြီး ဖြစ်လာတယ်။ မူလစီးပွားရေးရပ်ကွက်ဖြစ်တဲ့ ဈေးချိုတော်ကိုပင်မပြုပြီး လည်းဘီလမ်းလို၊ ရုံတော်ကြီးလို၊ ဘာဘူတန်းလိုနေရာတွေမှာလည်း ကုန်တိုက်ကြီးတွေ၊ ကုမ္ပဏီတွေ ဖွင့်လှစ်လာကြတယ်။ ၁၉၃၀ ဝန်းကျင် ရောက်တော့ သမရိုးကျရေပက်ကစားသင်္ကြန်ဟာ ကုန်တိုက်ကြီးတွေက အသုံးပြုတဲ့ ကုန်တင်ကားတွေနဲ့ လှည့်လည် ရေပက်ကစားတာ၊ ကားပေါ်တူရိယာပစ္စည်းတင်တာ၊ ကားကိုပန်းခွေ ရေကန်ထည်အလှဆင်တာ၊ ဘက်ထရီမီးတွေနဲ့ ထွန်းညှိလှပစေတာတွေအထိတိုးတက်လာတယ်။ ဒီလို အလှပြယာဉ်ကြီးတွေနဲ့ ဧည့်ခံမဏ္ဍပ်နဲ့ အပြန်အလှန် သီချင်း ဆိုကြတာ၊ ဖျော်ဖြေသီဆိုတီးမှုတ်ကြတာတွေ ရှိလာတယ်။ သင်္ကြန်သံချပ်ဆိုတာတွေကလည်း အရင်လို "ဖန်ပြာခွက်နဲ့ ကျောက်စက်ရေအမောပြေအောင်တိုက်ပ့ါ မမ"ဆိုတာမျိုးတွေ မဟုတ်တော့ဘူး၊

"လူချောလူလှ လက်ရွေးစင်၊ ရှက်သွေးခင်ရင်၊ မှိတ်လို့သာပက်၊
လောင်းလိုက်ပက်လိုက် နွဲ့ရှာသူ၊ အသည်းမှာပူတာ၊ အေးပေ့ါ အေးပေ့ါ။" စတဲ့ သံချပ်တွေ ဖြစ်ကုန်ပါပြီ။

အလားတူတီးကြမှုတ်ကြတဲ့ သီချင်းတွေမှာလည်း သင်္ကြန်နဲ့ ပစ္စက္ခမြင်ကွင်းအခြေအနေကိုသရုပ်ဖော်တဲ့ ရသအဖွဲ့အနွဲ့တွေ ဖြစ်ကုန်ပါပြီ။

"မန်းသူနွဲ့မူ . . နုယဉ်ယဉ်တွေလန်းပါစေ၊
ခါရေလောင်းညှာကြွေပြောင်းပေ့ါခင်ရယ်၊
အေးစေတော့ဆို . . လောင်းတဲ့စိတ်ရင်းပင်
အဟုတ်ပ နှမလေးအသွင်"ဆိုတဲ့ သီချင်းသံတွေနဲ့ ရင်ခုန်ဖွယ် သင်္ကြန်တွေပါပဲ။

မန္တလေးမြို့သူ မြို့သားတိုင်း သင်္ကြန်ရေစက်တွေနဲ့အတူ အနုအလှညှင်းသွယ့်သံစုံတွေ ကိုယ်စီကွန့်မြူးခံစားကြည်နူးကြတဲ့ ကနဦးသင်္ကြန်တွေပါပဲ။

ကောဇာသက္ကရာဇ် ၁၃၀၀ ပြည့် ဝန်းကျင် . . . ။

**တင့်တယ်သာယာစည်ကား ဟိုတုန်းအခါကလေ**

ကမ္ဘာကြီးရဲ့ နိုင်ငံရေးချိန်ခွင်လျှာတွေ ပြောင်းလဲမှုနဲ့အတူဒုတိယကမ္ဘာစစ်ကြီးထဲမှာသင်္ကြန်လည်းစုန်းစုန်းမြုပ်လုမတတ် ဖြစ်ရတယ်။ ၁၉၄၅ခုနှစ် မတ်လမှာစစ်ကြီးပြီးငြိမ်းခြင်းနှင့်အတူ မတ်လ ၂၃ ရက်နေ့ စစ်ပြေးသူတွေ မန္တလေးမြို့ ပြန်အဝင် "ခါတော်ရောက်ချိန်နီးလို့လာပြီလေ၊ ဒေါ်ဒေါ်မမနှမတို့ရေ. . ."လို့ ခွန်းဆက်သံနှင့်အတူ"မန္တလေးဆို ရွှေမြို့ တို့ရတနာပုံနေပြည်၊ တင့်တယ်သာယာစည်ကား ဟိုတုန်းအခါကလေ၊ အဲဒါတွေ မတွေးကြနဲ့ ရှေ့ဆက်ကာ စီမံကြစို့လေ. . ."လို့ ပြာပုံထဲက ပြန်လည် ရှင်သန်နိုးထမယ့် မန္တလေးကိုသင်္ကြန်ကြိုတေးနဲ့ လှုံ့ဆော်ခဲ့တာကလည်း ခေတ်ကိုမျက်ခြည်မပြတ်ခဲ့ဘူးဆိုတဲ့ သာဓကပါ။ စစ်ကြီးအပြီး ပြန်လည်စည်ကားလာတဲ့ တစ်ခုသောသင်္ကြန်မှာတော့ ဒီနေ့တိုင် နာမည်ကျော်ဆဲ၊ မြန်မာ့သင်္ကြန်အမှတ်လက္ခဏာအဖြစ်မှ မှတ်ကျောက်တင်ခဲ့တဲ့ ဆရာမြို့မငြိမ်းရဲ့ "ရွှေမန်းတောင်ရိပ်ခို" သီချင်း "အေးအေးချမ်းချမ်း"သီချင်းတွေလည်း အမွေအနှစ်ကျန်ရစ်ခဲ့တယ်။ အဲဒီမန္တလေးဟာ စစ်ကြီးပြီးကတည်းက ပြန်လည်အောင်ပွဲခံခဲ့ကြတာနဲ့အတူ လွတ်လပ်ရေးတိုက်ပွဲဆီ အမျိုးသားအားမာန်နဲ့ ရည်မျှော်တဲ့ ပုံရိပ်လက္ခဏာတွေနဲ့ ထင်ဟပ်ခဲ့တယ်။ ရာချီရှိတဲ့ အလှပြယာဉ်တွေကအမျိုးသားအားမာန် ပြဌာန်းခွင့်ဆန္ဒ၊ ခေတ်မီမျိုးချစ် လွတ်လပ်ရေးတိုက်ပွဲဝင် တပ်မတော်စတဲ့ သရုပ်ဖော်မှုတွေနဲ့ တက်ကြွခဲ့ကြလေရဲ့။ သံချပ်တွေကလည်း လွတ်လပ်ရေးတိုက်ပွဲခေါ်သံတွေ။

ကောဇာသက္ကရာဇ် ၁၃၀၈ခုနှစ် (၁၉၄၇) သင်္ကြန်။

**ငြိမ်းချမ်းရေးရွက်သစ်နုနုခါတော်ရေစင်ဖျန်းလို့**

၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့ လွတ်လပ်သောသမ္မတနိုင်ငံထူထောင်မှုနှင့်အတူ ဖွားဖက်တော်ဖြစ်တဲ့ အမျိုးသားချင်း သဘောထားကွဲလွဲမှု ပြယုဂ် ပြည်တွင်းစစ်ကြီးလည်း စိတ်မချမ်းသာစွာ ခံစားခဲ့ကြရတယ်။ တစ်မျိုးသားလုံးရဲ့ ဆန္ဒက နှစ်ဦးနှစ်ဖက်အာဃာတတွေ စွန့်လွှတ်ပြီး ငြိမ်းချမ်းစေလိုတယ်။ အားလုံးရဲ့ ဘုံဆန္ဒက "ငြိမ်းချမ်းရေး"ပါပဲ။ ဒါကြောင့် တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ သင်္ကြန်ကလည်းမမေ့မလျော့နဲ့ "ငြိမ်းချမ်းရေး"ဆီ ဦးတည်ခဲ့ကြတယ်။

"ပိတောက်တွေ ဝေဝေလွှင်လွှင်၊ ရွှေရည်လူးဖူးပွင့်တဲ့ ဒီအချိန်တွင်
ဗမာပြေ ငြိမ်းချမ်းရေးရွက်သစ်နုနုခါတော်ရေစင် ဖျန်းလို့ ဝေစီလွှင်၊
ငွေငန်းဆုတောင်း၊ အောင်ကြောင်းကိုပင် ခါတော်ရေသဘင်"တဲ့လေ။

ဆရာမြို့မငြိမ်းကလည်း ငြိမ်းချမ်းရေးသဘင် ဆိုတဲ့ သီချင်းနဲ့ ဆုမွန်ခြွေခဲ့တယ်။ တစ်မြို့လုံး ရေသဘင်မဏ္ဍပ်ရာချီ၊ အလှပြယာဉ်ရာချီပြီးဆင်နွှဲတဲ့ ဒီသင်္ကြန်မှာသီချင်းတွေ၊ သံချပ်တွေ အားလုံး ငြိမ်းချမ်းရေးအသံတွေ ဘဝင်ညံခဲ့တယ်။

ကောဇာသက္ကရာဇ် ၁၃၁၁ ခုနှစ် (၁၉၅၀) သင်္ကြန် (ဝါ) ငြိမ်းချမ်းရေးသင်္ကြန်။

**တစ်အူထုံ့ဆင်း ချစ်ခင်ရင်းနှီးကြတယ်လေ**

မြန်မာပြည်ဟာတိုင်းရင်းသားအားလုံးညီအစ်ကိုမောင်နှမစိတ်ဓာတ်နဲ့အတူ လက်တွဲကာအေးအတူပူအမျှခံစားနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံတော် ဖြစ်တယ်။ ဒါပေမယ့် ပြည်တွင်းစစ်မီးနဲ့အတူ အုပ်ချုပ်သူအစိုးရတွေရဲ့ မမှန်ကန်တဲ့ သဘောထားအချို့ကြောင့် ပြည်ထောင်စုကြီးပြိုကွဲဖို့ အခြေအနေတွေ ဖြစ်ခဲ့တယ်။ "ပြည်ထောင်စု" ဆိုတဲ့ အစည်းမပြေရေးဟာလည်း တစ်မျိုးသားလုံးဆိုင်ရာ ကိစ္စဖြစ်တယ်။ ဒါကြောင့် "ငြိမ်းချမ်းရေး"နှင့်အတူ "ပြည်ထောင်စုရေး" ကလည်း ခေါင်းနဲ့ ပန်းလိုခွဲလို့မရပေဘူး။ ဒါကြောင့် တစ်မျိုးသားလုံးဆိုင်ရာ သင်္ကြန်ပွဲတော်ဟာ "ပြည်ထောင်စု" ကိစ္စကိုလည်း လျစ်လျူရှုကာအပျော်မဖက်ခဲ့ဘူး။ ငြိမ်းချမ်းရေးသင်္ကြန်လိုပဲ နောက်တစ်နှစ်မှာ အသင်းပေါင်းရာချီပြီး သင်္ကြန်ပွဲတော် ဆင်နွှဲကြရာမှာ "ပြည်ထောင်စုရေး"ကိုမမှိတ်မသုန်ဦးတည်ကာသီချင်းတွေ သံချပ်တွေနဲ့ သင်္ကြန်ပွဲတော်ကြီးတစ်ခုကို မန္တလေးသူ မန္တလေးသားတွေ ဝှဲချီးကျင်းပခဲ့ကြတာလည်း မမေ့ပျောက်နိုင်စရာပါပဲ။

"နိုင်ငံတော် ညီရင်းအစ်ကိုများတွေ၊ တို့ တိုင်းရင်းသားတွေ၊
တစ်အူထုံ့ဆင်းချစ်ခင်ရင်းနှီးကြတယ်လေ၊
ထာဝစဉ် မေတ္တာဓာတ်တိုးစေ၊ ဖျန်းဆွတ်သောသင်္ကြန်ရေ"လို့ မြို့မငြိမ်းကရေးစပ်ခဲ့ပါတယ်။

ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (၁၉၅၁) သင်္ကြန် (ဝါ) ပြည်ထောင်စုသင်္ကြန်။



jynfxmifpbluefulumyef, 0f

**ငြိမ်းချမ်းရေး .. ပြည်ထောင်စုရေး ..**

၁၉၆၂ ခုနှစ် မှသည် သံသယ၊ ကွဲလွဲမှု၊ အမိန့်အာဏာ၊ မျိုသိပ်မှု၊ အစမ်းသပ်ခံ၊ စီမံကိန်း၊ အစီရင်ခံစာစတဲ့ စတဲ့ . . စကားလုံးတွေ၊ ဟန်ဆောင်မှုတွေ ကာလရှည်ဖြတ်သန်းပြီးတော့ ချွေးတွေ၊ မျက်ရည်တွေ၊ သွေးတွေ၊ စွန့်လွှတ်မှုတွေ၊ စွန့်စားမှုတွေ အရင်းတည်ခဲ့ကြရပေမယ့် ဒီနေ့အထိ လိုအပ်နေတာကလည်း "အမျိုးသားရင်ကြားစေ့ရေး" "ငြိမ်းချမ်းရေး" "ပြည်ထောင်စုရေး" "ဒီမိုကရေစီရေး" တွေပဲမဟုတ်ပါလား။

ငြိမ်းချမ်းရေး . . ပြည်ထောင်စုရေး . .
ပြည်ထောင်စုရေး . . ငြိမ်းချမ်းရေး . .

**မန္တလေး သင်္ကြန်ဆိုတာ**

အစဉ်အလာ၊ ယဉ်ကျေးမှု၊ အနုပညာနှင့်အတူ သမိုင်းခေတ်ကိုလည်း မျက်ခြည်မပြတ်ခဲ့တာကြောင့် မန္တလေးသင်္ကြန်ဆိုတာ လူထုရင်ထဲစွဲခဲ့လွမ်းခဲ့ တသခဲ့ကြတာပါ။ ဆယ်စုနှစ်ပေါင်း သုံးစုနီးပါး ဒီပုံရိပ်တွေနဲ့ ဝေးကွာခဲ့တာမို့ အခုဆိုရင် မန္တလေးသင်္ကြန်သမိုင်းဆိုတာ မျက်မမြင်ခြောက်ယောက်ရဲ့ "ဆင်ဆိုသည်မှာ" ပမာဖြစ်နေပါပြီ။ မန္တလေးသင်္ကြန်ဆိုတာ လမ်းလျှောက်သင်္ကြန်လား၊ တောသင်္ကြန်လား၊ ရိုးရာမုန့်လား၊ ဆင်အကလား၊ သုံးကားတွဲ မိုးလင်းပိတ်ကားထောင် ရုပ်ရှင်လား၊ ခြင်းပွဲလား၊ ရုပ်သေးပွဲလား၊ ဘုရားပွဲဈေးတန်းလား။ သေချာတာကတော့ မန္တလေး ရိုးရာယဉ်ကျေးမှုသင်္ကြန်သမိုင်းကို ထင်ဟပ်မယ့် အရုပ်တွေ၊ အသံတွေကို ပြတိုက်ထဲက ပြကွင်းပြကွက် အစိတ်အပိုင်းလောက်ပင် မပြသနိုင်ခြင်းပါပဲ။ တလွဲဆံပင်ကောင်းလိုက်ပုံက။ ။

> အစဉ်အလာ၊ ယဉ်ကျေးမှု၊ အနုပညာနှင့်အတူ သမိုင်းခေတ်ကိုလည်း မျက်ခြည်မပြတ်ခဲ့တာကြောင့် မန္တလေးသင်္ကြန်ဆိုတာ လူထုရင်ထဲစွဲခဲ့လွမ်းခဲ့ တသခဲ့ ကြတာပါ။
>
> ဆယ်စုနှစ်ပေါင်း သုံးစုနီးပါး ဒီပုံရိပ်တွေနဲ့ ဝေးကွာခဲ့တာမို့ အခုဆိုရင် မန္တလေးသင်္ကြန်သမိုင်းဆိုတာ မျက်မမြင်ခြောက်ယောက်ရဲ့. . .

## မိတ္ထီလာတွင် ရေကစားမဏ္ဍပ် ၁၂ ခုခန့် ဆောက်လုပ်၍ အတာရေသဘင်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပဆင်နွှဲမည်

**မိတ္ထီလာ ဧပြီ ၈**
မိတ္ထီလာတွင် ယခုနှစ်မဟာသင်္ကြန်ပွဲတော်တွင် အထက (၁) လမ်းဆုံအနီးတွင် တည်ရှိမည့် ဗဟိုရေကစားမဏ္ဍပ် အပါအဝင်ရေကစားမဏ္ဍပ် ၁၂ ခုခန့် ဆောက်လုပ်ကာ အတာရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမှာ ဒီနှစ်မဟာကြန်ပွဲတော်အတွက် အထက (၁) အနီးမှာ အရင်က တည်ဆောက်နေကျဖြစ်တဲ့ ဗဟိုမဏ္ဍပ် ရေကစားမဏ္ဍပ်အပါအဝင် မြို့ပေါ်ရပ်ကွက်နယ်မြေတွေမှာ ရေကစားမဏ္ဍပ် ၁၂ ခုခန့်ကို ဆောက်လုပ်မှာဖြစ်ပြီး အတာရေသဘင်ပွဲတော်ကို ဒေသခံပြည်သူတွေ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲသွားမှာဖြစ်ပါတယ်။ အဓိကကတော့ မိတ္ထီလာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာနဲ့ ဒေသခံပြည်သူအားလုံး ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း ပါဝင်ဆင်နွှဲနိုင်တာကြောင့် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီတွေက အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်" ဟု မိတ္ထီလာမဟာသင်္ကြန်ပွဲတော် သတင်းထုတ်ပြန်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ဗဟိုရေကစားမဏ္ဍပ်အပါအဝင် ကျီတော်ကုန်း၊ မိုးဆမ်းပန်း၊ ဝန်ဇင်း၊ ဟိဏ်းမိုဘိုင်း၊ ရတနာမာရ်၊ အောင်ဇေယျာ၊ နန်းတော်ကုန်း၊ ပြည်သာယာ(တ)၊ KEN-BO၊ Ye7၊ Royal၊ မင်းခန့်ကျော် ရေကစားမဏ္ဍပ် ၁၂ ခုခန့်ဖြင့် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲမည်ဖြစ်သည်။ **ချမ်းသာ(မိတ္ထီလာ)**



## ချင်းတွင်းသင်္ကြန် အဝင်လမ်းမကြီး လမ်းဇရိယာချဲ့ခြင်း စက်အားအသုံးပြု၍ ဆောင်ရွက်

**မုံရွာ ဧပြီ ၈**
ချင်းတွင်းသင်္ကြန်တွင် သွားလာရေး အဆင်ပြေစေရန်အတွက် အဓိက အဝင်လမ်းမအား မြေသားများ ညှိခြင်း၊ လမ်းဇရိယာချဲ့ခြင်း စသည့် ပြုပြင်ခြင်းများကို ဧပြီ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဝင်လမ်းကို လမ်းဇရိယာအကျယ် ၁၈ ပေအထိ ချဲ့ကာ ပြင်ဆင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ချင်းတွင်းသင်္ကြန်ကို ဧပြီ ၁၁ ရက်တွင် စတင်ကျင်းပမည်ဟု ကြေညာအသိပေးထားသော်လည်း ညနေပိုင်းနှင့် ညပိုင်းတွင် လာရောက်လည်ပတ်လေ့လာသူ အလွန်များပြားသောကြောင့် ချင်းတွင်းသင်္ကြန်သဲသောင်သို့သွားရာ အဝင်လမ်းမကြီးတွင် ယာဉ်အသွားအလာ အလွန်ကြပ်တည်းမှုများဖြစ်ခဲ့သည့်အတွက် လမ်းသားချောမွေ့စေရေးနှင့် လမ်းချဲ့ခြင်းများကို ချက်ချင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းသင်္ကြန်က အခုမှ ပြင်ဆင်ရေး၊ တည်ဆောက်ရေးပိုင်းတွေ လုပ်နေတုန်းရှိသေးပေမယ့် လူစိတ်ဝင်စားမှုက အလွန်မြင့်နေတာတွေ့ရပါတယ်။ညပိုင်းမှာဆို လူအတော်စည်နေပါပြီ။ လာရောက်လည်ပတ်ချင်အောင် လုပ်ထားတော့ လာလည်သူတွေ ဆန္ဒစောတာ အပြစ်မြင်လို့မရပါဘူး" ဟု မုံရွာသင်္ကြန်မြတ်နိုးသူတစ်ဦးက ပြောသည်။

ချင်းတွင်းသင်္ကြန်သည် လမ်းလျှောက်သင်္ကြန်ဖြစ်သည့်အတွက် ဆိုင်ကယ်နှင့် ကားများ ဝင်ခွင့်ရမည်မဟုတ်သောကြောင့် လာရောက်ကြမည့် ဆိုင်ကယ်နှင့်ကားများသည် အဓိကအဝင်လမ်းမကြီး၏ ဘယ်/ညာ နှစ်ဖက်စလုံးတွင် အပ်နှံနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ဆိုင်ကယ်တစ်စီး ကျပ် ၃၀၀၊ ကားတစ်စီး ကျပ် ၅၀၀ နှုန်းဖြင့် မုံရွာမြို့ခံ လူမှုကူညီရေးအသင်းငါးသင်းက တာဝန်ယူ ကောက်ခံထိန်းသိမ်းစောင့်ရှောက်ကြမည်ဖြစ်သည်။



အဝင်လမ်းမမှ ဆင်းလာသည်နှင့် လမ်းညာဘက်တွင် စတုဒိသာမဏ္ဍပ်တွင် ဒေဝဂတိ လူမှုကူညီရေးအသင်းက သင်္ကြန်အကြိုနေ့တွင် မုန့်လုံးရေပေါ် ကျွေးမွေးမည်ဖြစ်ပြီး အကျမှ အတက်နေ့အထိ ဆန်တင်း ၄၀ ချက်ကာထမင်းဟင်း ကျွေးမွေးသွားမည်ဖြစ်သည်။

နှစ်ဆန်း ၁ ရက်တွင် ဘာသာပေါင်းစုံချစ်ကြည်ရေးအသင်းက စတုဒိသာကျွေးရန် တာဝန်ယူထားပြီး မဏ္ဍပ်အနီးတွင် မိမိတို့ကြိုက်ရာ ဝယ်စားနိုင်ရန် ဈေးဆိုင်အချို့ရှိမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## စစ်ကိုင်းမြို့တွင် ခေတ်မီကစားကွင်းသစ်ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဧပြီ ၈**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဆွမ်းချက်ရပ်ကွက်တွင် အများပြည်သူများ စိတ်အပန်းဖြေ အနားယူနိုင်ရန်နှင့် ကလေးသူငယ်များ ပျော်ရွှင်ကြည်နူးမှုရရှိနိုင်စေရန် ရည်ရွယ်၍ ဧပြီ ၇ ရက် နံနက် ၉ နာရီက အဆိုပါကစားကွင်းအတွင်း ဖွင့်ပွဲကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦးက "စိတ်ပန်း၊ လူပန်းနဲ့ အလုပ်ကိုကြိုးစားနေကြတဲ့အချိန်မှာ စိတ်ကိုပြန်လည် လန်းဆန်းစေဖို့ အပန်းဖြေစရာ ယခုလိုကစားကွင်းတွေမရှိမဖြစ်လိုအပ်လှပါတယ်၊ မြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ မိဘပြည်သူတွေအနေနဲ့ ကလေးငယ်တွေ ပျော်ရွှင်စရာ နေရာတစ်ခုဖန်တီးပေးတာဖြစ်သလို တစ်ဖက်မှလည်း လူငယ်တွေ လမ်းမှားမရောက်အောင် အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ခေတ်မီကစားကွင်းတည်ထောင်သူ ရွှေကမ္ဘာညွှန့်ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ၊ ဇနီးနှင့် တာဝန်ရှိသူများ ၊ မိဘပြည်သူများနှင့် ကလေးငယ်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ခေတ်မီကစားကွင်းသစ်ကို ကစားကွင်းဝင်ကြေး ကလေး၊ လူကြီးတစ်ဦးလျှင် ကျပ် ၁၅၀၀ သတ်မှတ်ပြီး ကစားကွင်းအတွင်း ရေလျှောလျှောစီးနှင့် ရေကူးကန်တို့အား စိတ်တိုင်းကျအခမဲ့ ဝန်ဆောင်မှုပေးပြီး ကျန်သည့် အပန်းဖြေ ကစားနည်းများကို သင့်တင့်သည့်ဈေးနှုန်းများဖြင့် နေ့စဉ်အပန်းဖြေအနားယူ ပျော်ရွှင်နိုင်မည်ဖြစ်ကြောင်းသိရသည်။ **ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)**



## မန္တလေးဘူတာကြီးတွင် သင်္ကြန်အကြိုကာလ ခရီးသွားများပြား၊ ရထားလက်မှတ်ဝယ်ယူမှု အဆင်ပြေစေရေး ဆောင်ရွက်

**မန္တလေး ဧပြီ ၈**
သင်္ကြန်အကြိုကာလ မန္တလေးဘူတာကြီးတွင် အနယ်နယ်အရပ်ရပ်သို့ပြန်ကြမည့် ခရီးသွားများအထူးများပြားလျက်ရှိရာ မြန်မာ့မီးရထားက ခရီးသွားပြည်သူများအဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူးရထားများပြေးဆွဲခြင်း၊ RBEရထားများ ပြေးဆွဲခြင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ရထားတွဲဆိုင်းများတိုးချဲ့ပြေးဆွဲခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သင်္ကြန်အကြို ခရီးသွားပြည်သူများ ရထားလက်မှတ်အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မန္တလေးဘူတာကြီး ပထမထပ်လက်မှတ်ရုံတွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ အထက်တန်းလက်မှတ်များအတွက် သုံးရက်ကြိုနှင့် ရိုးရိုးတန်းလက်မှတ်များအတွက် တစ်ရက်ကြိုခရီးသွားမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ တန်းစီဝယ်ယူစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ရထားလက်မှတ် မှောင်ခိုပပျောက်စေရေးအတွက် ရထားရဲတပ်ဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

သင်္ကြန်အထူးရထားများလည်း ဧပြီ ၁၀ ရက်မှ ၁၃ ရက်အထိနှင့် ဧပြီ ၁၇ ရက်မှ ၁၈ ရက်အထိ ပြေးဆွဲပေးမည်ဖြစ်ရာ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် မန္တလေးဘူတာကြီးမှ ညနေ ၆ နာရီ ၁၅ မိနစ်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်သို့ နောက်နေ့နံနက် ၈ နာရီမိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။ လက်မှတ်ခမှာ ရိုးရိုးတန်းခရီးစဉ်အစအဆုံး ကျပ် ၄၆၅၀၊ အထက်တန်းကျပ် ၉၃၀၀ ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

**ညောင်ဦး ဧပြီ ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် လူစုလူဝေးအား စနစ်တကျကိုင်တွယ် ထိန်းသိမ်းခြင်း အမှတ်စဉ် (၂/၂၀၁၈) ဆင့်ပွား သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၈ နာရီက ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက ယခုသင်တန်းသို့ တက်ရောက် သင်ယူခဲ့ကြသည့် သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို အကျိုးရှိစွာ အသုံးချပြီး ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ပြည်သူကိုဝန်ဆောင်မှုပေးနိုင်သော တပ်ဖွဲ့ဝင်များ ဖြစ်စေရန်၊ ဥပဒေနှင့် ဆန့်ကျင်သော အဖွဲ့အစည်းများ ဖြစ်ပေါ်လာပါက သင်ကြားပို့ချပေးခဲ့သော သင်ခန်းစာများနှင့်အညီ လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန်တို့ကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအရာရှိ ငါးဦး၊ အခြားအဆင့် ၂၅ ဦးတို့အား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်း၊ ညောင်ဦး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ဋ္ဌေး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒု-ရဲမှူး(ဦးစီး) ဒု-ရဲမှူးကျော်စွာဦး၊ ညောင်ဦးမြို့မ ရဲစခန်းမှ ဒု-ရဲမှူးမင်းနိုင်နှင့် နယ်မြေ ရဲစခန်းမှူးများ၊ ရဲကင်းစခန်းမှူးများ၊ ဌာနစိတ်တာဝန်ခံ(အရာရှိ)များ၊ သင်တန်းနည်းပြ ဆရာများနှင့်သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# အမြင်အာရုံပိုမိုကောင်းမွန်ပြီးကျန်းမာရေးသုခရရှိစေရန် ပုံမှန်မျက်စိကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်



**ပဲခူး ဧပြီ ၈**

ပဲခူးမြို့ မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီး(၄) ဌာနချုပ်တွင် ဧပြီ ၇ ရက် နံနက် ၉ နာရီက မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့် မျက်စိကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအမြင်အာရုံ ပိုမိုကောင်းမွန်ပြီး ကျန်းမာရေးသုခရရှိစေရန် ပုံမှန်မျက်စိကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးကြသည်။

မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအား ပုံမှန်မျက်စိကျန်းမာရေးစောင့်ရှောက်မှုများအပြင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုဖြင့် ပဲခူးမြို့နှင့် အခြားမြို့ကျေးရွာများမှ မျက်စိအတွင်းတိမ်နှင့် ရေတိမ်ရောဂါခံစားနေရသော မျက်စိဝေဒနာရှင် ၄၈ ဦးအား အောင်မြင်စွာခွဲစိတ်ကုသမှုများပြုလုပ်ပေးခဲ့သည်။

ခွဲစိတ်ရန်လိုအပ်သောမျက်စိဝေဒနာရှင် ၄၈ ဦးအား ခွဲစိတ်ကုသမှုများပြုလုပ်ပေးရာတွင်လိုအပ်သောဆေးဝါးများကို ဂျင်ဗောဓိတရားကျင့်အဖွဲ့နှင့် ပရဟိတအလင်းအလှူတို့ ပူးပေါင်းကာ လှူဒါန်းပေးခြင်းဖြစ်ပြီး အဆိုပါအဖွဲ့သည် ယခုလှူဒါန်းမှုအပါအဝင် (၅) ကြိမ်မြောက်အလှူဖြစ်ကြောင်းသိရသည်။

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့်အဖွဲ့သည် မတ်လ ၂၃ ရက်မှ ၂၅ ရက်အထိ ရေတာရှည်မြို့နယ် စိုင်တမော့ကြီးကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ရွာများမှ မျက်စိခွဲစိတ်ရန်လိုအပ်သောလူနာ ၁၈၂ ဦးအားလည်း ခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ပြီး မျက်မှန်များကိုလည်း တပ်ဆင်ပေးအပ်ခဲ့ကြသည့်အပြင် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအတွက် သိသင့်သိထိုက်သောအသိပညာများကိုလည်း ဟောပြောဖြန့်ဝေပေးခဲ့သည်။

ပဲခူးမြို့ မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီး(၄) ဌာနချုပ်တွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့်ဝန်ထမ်းများကလစဉ်မျက်စိခွဲစိတ်လူနာ ၁၅၀ မှ ၂၀၀ အထိ၊ နှစ်စဉ်လူနာ ၃၀၀၀ ခန့်အထိ ခွဲစိတ် ကုသမှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒု-တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ နှင့် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီးထွန်းဖေတို့သည် ဧပြီ ၄ရက် ည ၉နာရီက ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် မြို့မတောင်ရပ်ကွက်၊ ဒါရ်ကာရပ်ကွက်၊ မြို့မမြောက်ရပ်ကွက်နှင့် ပဲခူးစုရပ်ကွက်တို့ရှိ ရပ်ရွာအခြေပြုအဖွဲ့များအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖြေ**

# မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိမှု ပိုမိုခေတ်စားလာပြီး အာမခံထားရှိမည့် ယာဉ်ပိုင်ရှင်များ သတိပြုရမည့်အချက်များ သိရှိထားရန်လိုအပ်

**ရန်ကုန် ဧပြီ ၈**

မော်တော်ယာဉ် အသုံးပြုမှု ပိုမိုများပြားလာသည်နှင့် အမျှ ယာဉ်အစီးရေ တိုးတက်များပြားလာခဲ့ပြီး မော်တော်ယာဉ် အလုံးစုံအာမခံထားရှိမှု ပိုမိုခေတ်စားလာကာ မော်တော်ယာဉ်အလုံးစုံ အာမခံနှင့်ပတ်သက်၍ သတိပြုရမည့်အချက်များကို ယာဉ်ပိုင်ရှင်များ သိရှိထားရန် လိုအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အာမခံအသင်းက အသိပေးထုတ်ပြန်ထားသည်။

မော်တော်ယာဉ် အလုံးစုံအာမခံသည် မှတ်ပုံတင်ထားသော မည်သည့် စက်တပ်ယာဉ်မဆို အာမခံထားရှိနိုင်ပြီး အာမခံထားရှိသော ယာဉ်ဖြင့် မတော်တဆထိခိုက်မှုဖြစ်ပါက ပျက်စီးဆုံးရှုံးသွားသော ယာဉ်၊ လူနှင့် သူတစ်ပါးပိုင်ပစ္စည်းတို့ကို ပေးလျော်ရန် အာမခံကုမ္ပဏီဘက်မှ တာဝန်ယူခြင်းဖြစ်သည်။

အလုံးစုံ အာမခံထားရှိခြင်းဖြင့် ယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ခြင်း၊ ယာဉ်ပေါ်သို့ အရာဝတ္ထုပစ္စည်းတစ်ခုခု ပြုတ်ကျခြင်း၊ ယာဉ်မီးလောင်ခြင်း၊ မိုးကြိုး ပစ်ခံရခြင်း၊ မလိုတမာဖျက်ဆီးမှုကြောင့် ပျက်စီး ခြင်း၊ ဆူပူအဓိကရုဏ်းဖြစ်၍ မိမိယာဉ်ပျက်စီးခြင်း၊ အာမခံထားသည့် မိမိယာဉ်ကြောင့် တစ်ပါးသူ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ အရာဝတ္ထုများ ပျက်စီးခြင်းအတွက် အာမခံအကာအကွယ်ရရှိနိုင်မည်ဖြစ်သည်။

"အလုံးစုံအာမခံ မဖြစ်မနေထားရမယ်လို့ ညွှန်ကြားထားတဲ့အတွက် အာမခံထားရပါတယ်။ အသင်းအဖွဲ့ ကုမ္ပဏီတွေကတော့ ကားအားလုံးအတွက် ထားတာရှိသလို တစ်ဦးချင်းပိုင်ယာဉ်တွေကတော့ တစ်ဦးတစ်ယောက်ချင်း အစီအစဉ်နဲ့ထားကြတာပါ။ ဒါပေမယ့် သေချာရှင်းပြပေးတဲ့ကုမ္ပဏီတွေရှိသလို အာမခံတော့ ထားလိုက်တာပဲ။ အဲဒီကားအာမခံနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်း ပေါ်လစီတွေကို သေချာမသိထားတော့ လျော်ကြေးမရတာမျိုးဖြစ်မှာ စိုးရိမ်ရတယ်။ ဒါကြောင့် ကိုယ်ထားတဲ့ ကားအာမခံမှာ မောင်းနှင်မယ့် ယာဉ်မောင်း၊ သူကိုင်ဆောင်ထားတဲ့ လိုင်စင်နဲ့ ဒီကားကို မောင်းနှင်နေစဉ်မှာ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီဖို့ လိုတယ်ဆိုတာ သတိပြုလာရပြီ"ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

မော်တော်ယာဉ် အလုံးစုံအာမခံထားရှိထားသော်လည်း လျော်ကြေးမရနိုင်သည့် အချက်များရှိနေပြီး ယင်းတို့မှာ ယာဉ်မောင်းလိုင်စင် မပါခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းကုန်နေခြင်း၊ ဖမ်းဆီးချလံဖြင့်ကားမောင်းခြင်း၊ လမ်းပြောင်းပြန်မောင်းပြီး သူများကားများလိုက်တိုက်ခြင်း၊ ကညနကားလိုင်စင်သက်တမ်းကုန်နေခြင်း၊ မီးနီဖြတ်မောင်းပြီးကားတိုက်ခြင်း၊ အရက်မူးပြီး ကားတိုက်မိခြင်း၊ သတ်မှတ်လိုင်စင်ဖြင့် ကားမောင်းနှင်ခြင်း မဟုတ်ခြင်းတို့ကြောင့် အာမခံထားထားသော်လည်း လျော်ကြေးမရနိုင်သည့် အခြေအနေများ၊ အာမခံကုမ္ပဏီဘက်မှ လျော်ကြေးပေးအပ်ရန် ငြင်းဆန်နိုင်သည့် အချက်များ ရှိကြောင်း သိရသည်။

ယင်းကြောင့် မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိထားသော်လည်း အာမခံမရနိုင်သည့် သတ်မှတ်ချက်များရှိနေပြီး YBS ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်များသာမက ယာဉ်ပိုင်ရှင်များအနေဖြင့် အာမခံထားရှိမည်ဆိုပါက အကာအကွယ်ရရှိမည့် ခံစားခွင့်နှင့် သတ်မှတ်ချက်များကို သိရှိထားရန် လိုအပ်မည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များကပြောသည်။

မော်တော်ယာဉ် အလုံးစုံအာမခံထားရှိလိုသူများအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် သက်ဆိုင်ရာ ပုဂ္ဂလိကအာမခံကုမ္ပဏီများတွင် မော်တော်ယာဉ်နှင့်အတူ ယာဉ်မှတ်ပုံတင်စာအုပ်၊ လုပ်ငန်းလိုင်စင်၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်မိတ္တူများပြသပြီး အာမခံထားရှိနိုင်ကြောင်း သိရသည်။ ယင်းအပြင် အာမခံထားရှိထားသည့် မော်တော်ယာဉ် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ပါက မိမိအာမခံထားရှိခဲ့သော ကုမ္ပဏီသို့အမြန်ဆုံးဆက်သွယ်အကြောင်းကြားပြီး အာမခံလုပ်ငန်းမှ တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်းလိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အာမခံအသင်းက အသိပေးထုတ်ပြန်ပေးထားသည်။

**၀၀၁**



## သင်္ကြန်ကာလယာဉ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး

**မင်းလှ ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့မရဲစခန်းမှူးဒုရဲမှူးသိန်းလွင်နှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၇ ရက်က ပြည်သူများ သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့ပေါ် (၈)ရပ်ကွက်နှင့် သရက်တပင်တာဆုံ၌ အသိပညာပေးလိုက်လံနှိုးဆော်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## ဖြူးမြို့၌နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

**ဖြူး ဧပြီ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နွေရာသီအခြေခံအားကစားသင်တန်းများဆင်းပွဲကို ဧပြီ ၆ ရက် နံနက် ၈ နာရီက ဖြူးမြို့၌ ပြုလုပ်ရာ မြို့နယ်အားကစားမှူး ဒေါ်သိမ့်သိမ့်မိုးက သင်တန်းဆရာများအား ဂုဏ်ပြုလွှာများပေးပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ တင်းနစ်နှင့် အေရိုးဗစ်သင်တန်းများ ပို့ချခဲ့ပြီး သင်တန်းသား ၂၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သက်မှူး**

# ရေကစားမဏ္ဍပ်များအနီး ရေဝပ်ရေလျှံမဖြစ်ပေါ်စေရေးကြိုတင်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၈**

နှစ်သစ်ကူးမဟာသင်္ကြန်ရေကစားပွဲတော်ရက်နီးကပ်လာပြီဖြစ်ရာ သင်္ကြန်ချစ်သူမောင်မယ်များရေကစားကြရန် ကြိုတင်ပြင်ဆင်နေကြသကဲ့သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေကစားမဏ္ဍပ်များအနီး ရေများအိုင်ထွန်း၍ ရေဝပ်ရေလျှံမဖြစ်ပေါ်စေရန် ပိတ်ဆို့ရေနုတ်မြောင်းများအား ကြိုတင်ဆယ်ယူရှင်းလင်းထားကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးမြင့်ဝင်းက ပြောသည်။

"လှိုင်မြို့နယ်မှာ ရေကစားမဏ္ဍပ်စုစုပေါင်း ကိုးခုရှိပါတယ်။ ပြည်လမ်းမှာက ရေကစားမဏ္ဍပ်စုစုပေါင်း ခုနစ်ခု၊ ရန်ကုန်-အင်းစိန်လမ်းမှာက ရေကစားမဏ္ဍပ် နှစ်ခုပါ။ ရေကစားမဏ္ဍပ်အနီးမှာရေတွေ အိုင်ထွန်းပြီး ရေဝပ်ရေလျှံမဖြစ်ပေါ်အောင် ပိတ်ဆို့နေတဲ့ ဖြတ်မြောင်းတွေ၊ နှာပေါက်တွေကို ဖွင့်ပေးပြီး ရှင်းလင်းဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါလုပ်ငန်းကိုစီမံရေးရာဌာန ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ လမ်းနှင့်တံတားဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ရေသန့်ဌာနတို့ပူးပေါင်း၍ အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများအားခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်များအား ဆယ်ယူရှင်းလင်းခြင်း၊ သင်္ကြန်ပွဲတော်ကာလ သောက်သုံးရေအခက်အခဲ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည်ဟုသိရသည်။ **မောင်သုည**



# လူငယ် နှင့် အောင်မြင်မှု

လမင်းခန့်(ပန်းပျိုးလက်)

ခေတ်နဲ့အညီ တိုးတက်လာတဲ့ မြန်မာနိုင်ငံမှာ လူငယ်များရဲ့ကဏ္ဍမှာ များစွာအရေးကြီးပါသည်။ စက်မှု လက်မှု တိုးတက်ခေတ်မီလာသော နိုင်ငံတော်မှာ ဦးဆောင်မှုအတွက် လူငယ်များလိုအပ်ပေသည်။ လူငယ်များ ခေါင်းဆောင်မှ တိုင်းပြည်မှာ အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်ပြီး ထိုအတွက် လူငယ်များသည် အရည်အချင်းပြည့်ဝစွာ တက်လှမ်း၍ အောင်မြင်မှုပန်းများကို ဆွတ်ခူးရမည်သာ ဖြစ်သည်။

ထို့ကြောင့် လူငယ်များသည် ကိုယ်ပိုင်ယုံကြည်မှု တည်ဆောက်ကာ အောင်မြင်မှုများ ယူဆောင်၍ တိုင်းပြည်နှင့် လူမျိုးကိုမြှင့်တင်ဖို့ လိုအပ်ပေသည်။ လူငယ်များအောင်မြင်ဖို့ ဘယ်အချက်တွေ လိုအပ်ပါသနည်း။ လူငယ်တစ်ယောက် အောင်မြင်ဖို့အတွက် အခြေခံကျသော အောင်မြင်မှုများအား ရှာဖွေကြည့်လျှင်

## မိဘ အုပ်ထိန်းမှုနှင့် လူငယ်

နှစ်ကာလ အတန်ကြာနောက်ကျပြီးမှ ဒီမိုကရေစီလမ်းပေါ် လျှောက်လှမ်းလာသော ကျွန်တော်တို့နိုင်ငံသည် လူငယ်များအပေါ် မိဘရဲ့ လောင်းရိပ်ကြီးစိုးလျက်ရှိသည်။ ထို့ကြောင့် အရေးကြီးဆုံး နံပါတ်-၁ အချက်မှာ မိဘများပင် ဖြစ်လာလေသည်။ တိုးတက် ခေတ်မီပြီးသော အနောက် ဥရောပနိုင်ငံများနှင့် အာရှစီးပွားရေးကျား ဖြစ်လာသော တရုတ်၊ ဂျပန်အစရှိသော နိုင်ငံကြီးများတွင် အသက် ၁၈ နှစ်ပြည့်ပြီးသော လူငယ်တိုင်းသည် ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရပေသည်။ ကျွန်တော်တို့ နိုင်ငံတွင်မူ ထိုသို့မဟုတ်။ လူငယ်တစ်ယောက်သည် မိဘဖောက်ပေးသော လမ်းဖောင်းကြီးများပေါ်၌သာ ရပ်တည်၍ မိမိကိုယ်ကို အားကိုးလိုစိတ်များ ပျောက်ဆုံးလျက်ရှိသည်။

မိဘများ အနေနှင့် သားသမီးကို အုပ်ထိန်းမှုသာ ပြုလုပ်ပြီး အုပ်ချုပ်မှုမဆန်ဖို့ လိုအပ်ပေသည်။ ထိုမှသာ လူငယ်များသည် အသိဉာဏ်ပိုင်းဆိုင်ရာများအပြင် လောကပိုင်းဆိုင်ရာ အတွေ့အကြုံများပါ အပြည့်အဝ ရရှိမည်ဖြစ်သည်။ယခုများမူ ထိုသို့မဟုတ်ပဲ မိဘများမှာ သားသမီးများကို မျက်စိရှေ့က ပျောက်မခံ ကျူရှင်နဲ့ ကျောင်းတွင်သာ အချိန်နှစ်မြှုပ်စေလွန်းအားကြီးလာသော အခါ တက္ကသိုလ်သို့ ရောက်သောအခါတွင် လူငယ်များမှာ လွတ်လပ်မှုကို အလွန်အကျွံရရှိပြီး class တက်ချိန်မမှန်၊ ကျောင်းခေါ်ချိန်မပြည့်၊ တက္ကသိုလ်တွင် စာကို အလေးမထားနိုင်တော့ဘဲ အချိန်ရောက်၊ ဘွဲ့ရသည့်အခါ ထူးချွန်သင့်သလောက် မထူးချွန်နိုင်တော့ပေ။

ကျွန်တော်တို့ နိုင်ငံတွင် မိရိုးဖလာ ယဉ်ကျေးမှုလို ဖြစ်နေသော ဓလေ့မှာ လူငယ်များသည် ကလေးဘဝ အရွယ်ကတည်းက ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျူရှင်၊ အရွယ်ရောက် တက္ကသိုလ်တတ်ဘွဲ့ရပြီးသည်အထိ မိဘအိမ်မှာနေ မိဘ ပိုက်ဆံသုံးနှင့် လောကကြီးနှင့် အဆက်အသွယ်ပြတ်တောက်ကာ မိမိ၏တန်ဖိုး၊ လောကတန်ဖိုးကို မရင်းနှီးဘဲ အစိမ်းသက်သက်ဖြစ်ကာ အောင်မြင်မှု ပန်းတိုင်ကို ထင်သလောက် မလှမ်းနိုင်ဖြစ်နေပေသည်။

လူအချို့သာလျှင် ကိုယ့်အားကိုယ်ကိုး၍ ကျောင်းတက်ဖို့ ရုန်းကန်လှုပ်ရှားနေသည်မှာ ကျွန်တော်တို့ နိုင်ငံတွင် လူနည်းစုမျှသာ။ ထို့ကြောင့် လူငယ်တစ်ယောက်ရဲ့ အောင်မြင်မှုလမ်းအတွက် မိဘများသည် လိုအပ်သည်ထက်ပိုသော အချစ်တို့ မပေးသင့်ပေ။ လိုအပ်သည်ထက်ပိုသောအခါ ချစ်ရာမရောက် နစ်ရာရောက်တတ်ပေသည်ဆိုတာကို ငယ်ငယ်ကသင်ကြားခဲ့ဖူးသော ကုဋေရှစ်ဆယ် သူဌေးသား ပုံပြင်လေးကို နမူနာ ယူသင့်ပေသည်။

## ပညာရေးစနစ်နှင့် လူငယ်

စီးပွားရေးတိုးတက်ခေတ်မီပြီး ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲ ဒီမိုကရေစီ နိုင်ငံတိုင်းတွင် ပညာရေးသည် နံပါတ် ၁ စီမံကိန်းဖြစ်သလို အရေးကြီးဆုံးအရာလည်း ဖြစ်သည်။ အဆင့်အတန်းမြင့်မားသော ပညာရေးစနစ် အကောင်အထည်ဖော်ပြီး တိုးတက်မှုကို စနစ်တကျဖြစ်အောင် စီစဉ်လေသည်။ ထို့ကြောင့် လူငယ်များအောင်မြင်ဖို့ရာ ပညာရေးသည် အရေးကြီးသော တံခါးများသာဖြစ်သည်။

ထို့အတွက်ကြောင့် ပညာရေးကို နိုင်ငံတော်ကလည်း အဆင့်မြှင့်တင်သင့်သလို လူငယ်များအနေနဲ့လည်း ပညာကို အပတ်တကုတ် စည်းပူးသင်ကြားသင့်ပေသည်။ ပညာဟူသည် မြတ်ရွှေအိုး၊ ပညာရွှေအိုး လူမခိုး ဆိုသည့် စကားပုံများ ရှိခဲ့သည်မို့ ပညာသည် အရေးကြီးဆုံး ရတနာရွှေအိုးကြီး ဖြစ်ပေသည်။ ထိုပညာ ရွှေအိုးကြီးဟူသည်မှာ လူခိုးမရနိုင်အောင် တန်ဖိုးကြီးသည်မို့ တိုင်းပြည်ရဲ့ အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်။ လူငယ်များသည် အောင်မြင်မှုပန်းကို ရယူနိုင်ဖို့ ပညာတန်ဆာများကို အချိန်နှင့်အမျှ ရှာဖွေဆည်းပူးသင့်ပေသည်။

ယခုများမူ ထိုသို့မဟုတ်ပဲ လူငယ်များသည်တက္ကသိုလ်အချိန်ရောက်သောအခါ လွတ်လပ်မှု နောက်ကို စည်းလွတ်ဝါးလွတ်လိုက်သွားကြပြီး ပညာနဲ့နီးလျက်ဝေးကာနေကြပေသည်။ ဒါအပြင် ကျွန်တော်တို့ တိုင်းပြည်မှာ အချိန်ပေါင်းများစွာ ခေတ်ဆိုးစနစ်ဆိုးများကို ဖြတ်သန်းခဲ့ရ၊ စီးပွားရေး ကြပ်တည်းမှုများကြောင့် အချို့သော လူငယ်များမှာ ကျောင်းသို့ မရောက်ခဲ့ရသည်မှာ များစွာမြင်တွေ့နေရပေသည်။ ကျောင်းပြင်ပ ပညာရေးများကို ယခု နှောင်းနှစ်ပိုင်းများတွင် ပုံဖော်လာသော်လည်း ထိရောက်သော အခြေအနေသို့ မရောက်။

တိုင်းပြည် တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံခြားစီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာတတ်သည်မှာ သဘာဝပင်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမှု ဝင်ရောက်လာခြင်းကြောင့် လူငယ်များနှင့် အခြေခံလူတန်းစား တော်တော်များများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ရောက်ရှိလာနိုင်ပေမယ့် ကျောင်းပြင်ပ လူငယ်များအနေနဲ့ နိုင်ငံခြားဘာသာစကားဆိုတာ ဝေလာဝေး၊ ကိုယ့်တိုင်းပြည်ရဲ့ ဘာသာစကားကိုပင် အချို့သော လူငယ်များမှာ အခက်အခဲများကြောင့် မတတ်မြောက်ကြသည်ကို စိတ်မကောင်းစရာ တွေ့မြင်နေရသည်။

ထို့အတွက်ကြောင့် လူငယ်များ အောင်မြင်မှုနဲ့ဝေးကွာ၊ တိုင်းပြည်ကို ပစ်ပြီး တိုင်းတစ်ပါးထိ ပင်ပန်းစွာ အလုပ်ထွက်ရောက်လုပ်ကိုင်နေရသည်များကို ရပ်တန့်နိုင်ဖို့အတွက် ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့ ရောက်ရှိရေး၊ ကျောင်းသားလူငယ်များ ဘက်စုံထူးချွန်ရေးအပြင် ကျောင်းပြင်ပ လူငယ်များ ပညာတတ်မြောက်ရေးများကို စနစ်တကျ အကောင်အထည်ဖော်သင့်သလို လူငယ်များအနေဖြင့် ကျောင်းပညာရေးကို ဂရုစိုက်သင့်သလို ကျောင်းပြင်ပလူငယ်များသည်လည်း ရသည့်နေရာမှ ရသည့်ပညာကို ရှာဖွေရင်း အောင်မြင်မှု လမ်းစများကိုလည်း ရှာဖွေသင့်ပေသည်။

## ယုံကြည်မှုနှင့် လူငယ်

ယုံကြည်မှုသည် လူငယ်များပင်မက လူကြီးများအားလုံးနှင့်လည်း သက်ဆိုင်ပေသည်။ လူငယ်တစ်ယောက်အနေနဲ့ မိမိကိုယ်တိုင် ယုံကြည်မှုရှိဖို့ အဓိက လိုအပ်ပေသည်။ မိမိကိုယ်တိုင် ယုံကြည်မှုရှိဖို့လည်း ပညာရေးကို စနစ်တကျဆည်းပူးရင်း မိမိလိုအပ်ချက်များ ကြိုးစားဖြည့်ဆည်းသင့်ပေသည်။ထိုသို့ မဟုတ်ပဲ မိမိ ကိုယ်တိုင်ယုံကြည်မှုမရှိခြင်းဟာ စစ်ပွဲမစခင် မြားကုန်ခြင်းသာ ဖြစ်သည်။ တိုက်ပွဲတစ်ခုကို မစခင်ကတည်းကရှုံးမှာ ကြောက်ရွံ့စိတ်ဖိစီးနေလျှင် အောင်မြင်မှုရဖို့ရာ ၂၀ ရာခိုင်နှုန်းပင် မကျန်တော့။

ကျွန်တော်တို့ တိုင်းပြည်သည် နှစ်ကာလ အတော်ကြာ စနစ်တကျ ချိုးနှိပ်ခံခဲ့ရသည့်အတွက်ကြောင့် ယုံကြည်မှု ဦးကျိုးနေသည်မှာ မထူးဆန်းပေ။ အခြေခံလူတန်းစားနှင့် လူငယ်များသည် မိဘလောင်းရိပ်၊ ပညာရေးအခြေခံ ထိုသို့သော အားနည်းချက်များကြောင့် မိမိကိုယ်မိမိလုံးဝ ယုံကြည်မှု မရှိကြတော့။ ထိုသို့သော အခြေအနေအရပ်ရပ်ကြောင့် တိုင်းပြည်ရဲ့ ထိပ်တန်းစီးပွားရေးများတွင် လက်ဝါးကြီးအုပ်ချယ်လှယ်မှု အများစုနဲ့ ကြုံတွေ့နေရပြီး စီးပွားရေးကြပ်တည်းမှုများနှင့် ရုန်းကန်နေရပေသည်။ အောင်မြင်မှုရရှိဖို့ မိမိကိုယ်မိမိ ယုံကြည်မှု မရှိလေတော့ လက်အောက်ခံ ဘဝများနှင့် လူငယ်များသည် ပန်းကောင်း အညွန့်ကျိုးသလို အချိန်တွေ




အလဟဿ ပုပ်သိုးနေသည်မှာ လွန်စွာနှမြောစရာ ဖြစ်ပေသည်။

'အချိန်သည် လူ၏တန်ဖိုး' ဟူသော စကားလုံးများသည် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုးရဲ့ စကားပုံ တစ်ခုဖြစ်ပေမယ့် စာသာရှိပြီး လက်တွေ့မရှိသလို လူငယ်များသည် လက်ဖက်ရည်ဆိုင်၊ ဘောလုံးပွဲ၊ ဘီလိယက်ခုံအစရှိသော ဇိမ်ခံအချိန်ဖြုန်းရာ နေရာများတွင် အသုံးပြုနေကြသည်ကို မြင်ရသည့်မှာ ရင်ထဲမကောင်းဖွယ်။ ယုံကြည်မှုဆိုသောအရာမှာ တည်ဆောက်လို့ရသော အရာတစ်ခုဖြစ်ပေသည်။ ထိုယုံကြည်မှု လူငယ်တွေဆီရှိနေဖို့ရာ လူကြီးသူမများအနေနဲ့လည်း ဝိုင်းဝန်းကြိုးပမ်းပေးသင့်ပေသည်။ ယခုမူ ထိုသို့မဟုတ်ဘဲ လူငယ်များအလုပ်သစ် နယ်မြေသစ်တစ်ခုကို အခြေချလျှင်ပင် ဖေးမကူသူ မရှိလှဘဲ ထိုးနှက်တိုက်ခိုက်သူများပေသည်။

'ဝ မရှိပဲ ဝိမလုပ်နဲ့' ဆိုသော စကားပုံသည် အဘယ်ကို ရည်ညွှန်းမှန်းသေချာမသိပေမယ့် ကျွန်တော်တို့နိုင်ငံတွင်မူ အသုံးများသော စကားတစ်ခုဖြစ်သည်။ လူငယ်တစ်ယောက်မှ ကိစ္စအကြီးအကြီးတစ်ခုကိုဖြစ်စေ၊ တစ်စုံတစ်ယောက်မှ ရည်ရွယ်ချက်ကြီးကြီးတစ်ခုကို ဖြစ်စေလုပ်ရန် စီမံဆောင်ရွက်နေစဉ်မှာပင် အားပေးစကားများအစား ထို "ဝမရှိပဲ ဝိလုပ်မနေနဲ့" ဆိုသော စကားမျိုးကိုသာ ကြားရသည်။

ထိုအခါ လုပ်ရမည့် လူငယ်တွေမှာ အားလျော့လာပြီး အောင်မြင်မှုနဲ့ ဝေးကွာမှန်းမသိဝေးကွာလာခဲ့သည်။ မည်သည့်အလုပ်ကို လုပ်စေကာမူ ရည်ရွယ်ချက်များ၊ အနာဂတ် အစီအမံများ အပြည့်အစုံ ထားရှိရမည်ဖြစ်သည်။ အောင်မြင်ရေးကျမ်းများတွင်လည်း ဖော်ပြထားပြီးဖြစ်သောကြောင့် အကျယ်မပြလိုတော့ပေ။ လူငယ်များအနေဖြင့် အောင်မြင်လိုလျှင် ဖွဲ့ရှိဖို့တော့ လိုပေလိမ့်မည်။

သောမတ်အဲဒီဆင်၊ စတီဗင်ဟော့ကင်း အစရှိသော ကမ္ဘာကျော် ပုဂ္ဂိုလ်များသည် အတိုက်အခိုက်ဝေဖန်မှုများကို မမှုဘဲ ဖွဲ့ရှိရှိဖြင့်ကြိုးပမ်းပြီး မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝရှိ၍သာ ယခုလို ကမ္ဘာကျော်ကြားခဲ့ခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် အောင်မြင်ချင်သော လူငယ်များသည် မိမိကိုယ်မိမိ အပြည့်အဝယုံကြည်မှုများရှိနေသင့်ပြီး မည်သည့်အခက်အခဲ အတိုက်အခိုက်မျိုးမဆို ဖွဲ့ မလျှော့ပဲ ဝီရိယအပြည့်နှင့် စည်းစနစ်ကျနစွာ အောင် မြင်မှုဆီ အရောက်လှမ်းသင့်ပေသည်။

## အခွင့်အရေးနှင့် လူငယ်

ယခု နောက်ဆုံးတစ်ခုအနေဖြင့် လူငယ်တစ်ယောက် အောင်မြင်ဖို့ရန် အခွင့်အရေးသည် အရေးပါသောကိစ္စတစ်ခုဖြစ်ပေသည်။ ထိုအခွင့်အရေးကို အောင်မြင်ချင်သော လူငယ်တိုင်းမှာ ရှာဖွေသင့်ပေသည်။ အခွင့်အရေးဆိုသည်မှာ ရှာဖွေသူအတွက်ပင် ဖြစ်လေသည်။ ဘာမှ မလုပ်ဘဲတော့ အခွင့်အရေးကို စောင့်နေ၍မရ။ အောင်မြင်ချင်သော လူငယ်တစ်ယောက်အနေဖြင့် အောင်မြင်မှုလမ်းစ အခွင့်အရေးများကို မျက်ခြည်မပျက်စောင့်ကြည့်ကာ ရှာဖွေနေရပေသည်။ အခွင့်အရေးရရှိလာခဲ့လျှင်လည်း မိမိမှာအရည်အချင်းအပြည့်အဝနှင့် ဖမ်းဆုပ်ဖို့ လိုအပ်ပေသည်။

အရည်အချင်းပြည့်ဝပြီး လူငယ်တစ်ယောက် အနေဖြင့် အခွင့်အလမ်းများသည် မနက်ဖြန်တိုင်းတွင်ရှိနေပေသည်။ လူကြီးများမှလည်း လူငယ်များကို ယုံကြည်စွာ အခွင့်အရေးများ ပေးသင့်ပေသည်။ နေရာတစ်ခုကို ကြာရှည်စွာ လူကြီးများပင် နေရာမယူသင့်ပေ။ အနာဂတ် ခေါင်းဆောင်ကောင်းများလိုချင်လျှင် ငယ်ရွယ်စဉ်အခါ၌ပင် လူငယ်များအား ထိုက်သင့်သော အခွင့်အရေးများပေး၍ ကြိုးစားခိုင်းခြင်းသည် လူငယ်များ၏ အရည်အသွေးကို တိုးတက်စေရုံသာမက တိုင်းပြည်အနာဂတ်များကိုလည်း ပိုမိုလှပစေမည်ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း အခွင့်အရေးများ ရောက်လာလျှင် လက်သင့်ခံနိုင်ဖို့ အသင့်ဖြစ်နေပြီး အောင်မြင်မှုဆီသို့ လျှောက်လှမ်းနိုင်ရန် ကြိုးစားသင့်ပေသည်။

အနှစ်ချုပ်သော် အောင်မြင်မှုကို ရှာဖွေနေသော အောင်မြင်ခြင်းရဲ့ အရသာကို ခံစားလိုသော လူငယ်များအနေဖြင့် လောင်းရိပ်မှ ရုန်းထွက်ကာ ကိုယ့်စွမ်းကိုယ်စ ကိုယ့်ဒူးကိုယ်ချွန်ကာ လျှောက်နိုင်ခြင်း၊ ပညာအရည်အချင်းစွမ်းဆောင်ရည်ပြည့်ဝခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝရှိခြင်း၊ အောင်မြင်ခြင်းလမ်းစ အခွင့်အရေးများကို လက်လွှတ်မခံခြင်းတို့အပြင် အောင်မြင်ချင်သော လူငယ်များအနေဖြင့် မိမိပင်ကိုယ်စွမ်းရည်များကို တိုးတက်ဖို့ အချိန်နဲ့အမျှ ကြိုးစားနေသင့်ပြီး မိမိတစ်ဦးတစ်ယောက် အောင်မြင်မှုများမှသည် တိုင်းပြည်နှင့် လူမျိုးအောင်မြင်မှုအထိ ရှာဖွေ စွမ်းဆောင်ပေးနိုင်သော လူငယ်များဖြစ်နိုင်စေရန် ဆန္ဒပြုရင်း။ ။

## မင်္ဂလာမန္တလေးမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အကြို သင်္ကြန်မောင်မယ်ရွေးပွဲ၊ ယိမ်းအကအလှပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**ချမ်းမြသာစည် ဧပြီ ၈**

စတုတ္ထအကြိမ် မင်္ဂလာမန္တလေးမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အကြို ခေတ်အဆက်ဆက် သင်္ကြန်သရုပ်ပြပွဲ၊ ယိမ်းအကအလှပြိုင်ပွဲ၊ မောင်သင်္ကြန်မယ်သင်္ကြန်ရွေးချယ်ပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဧပြီ ၇ ရက်ညနေ ၆ နာရီက မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မင်္ဂလာမန္တလေးရှိ ပရိမိုးရှင်းဧရိယာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့်အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

စတုတ္ထအကြိမ် မင်္ဂလာမန္တလေးမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလင်းသစ်ယဉ်ကျေးမှုအဖွဲ့၏ ခေတ်အဆက်ဆက်မြန်မာ့ရိုးရာသင်္ကြန် တေးသရုပ်ဖော်ကပြတင်ဆက်ခြင်း၊ မန္တလေးခရိုင်ကိုယ်စားပြု သင်္ကြန်အဖွဲ့က သင်္ကြန်ယိမ်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ မောင်သင်္ကြန်မယ်သင်္ကြန် စိတ်ကြိုက်မြန်မာဝတ်စုံ၊ မြန်မာ့ရိုးရာသင်္ကြန်ဝတ်စုံဖြင့် ပထမအဆင့်ယှဉ်ပြိုင်ခြင်းတို့ကို ကျင်းပရာ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ယိမ်းအကအလှပြိုင်ပွဲ ကျင်းပသည်။

မင်္ဂလာမန္တလေး မြန်မာ့ရိုးရာသင်္ကြန်အကြို ယိမ်းအကအလှပြိုင်ပွဲ၊ မောင်-မယ်သင်္ကြန် ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကိုဧပြီ ၇ ရက်မှ ၈ရက်ထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပပြီးညနေ ၅ နာရီတွင်လာရောက်ကြည့်ရှုအားပေးသူများအား စတုဒိသာကျွေးမွေးကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# နာဂဒေသဝင်ပေါက် ချင်းတွင်းတံတား(ခန္တီး)ဖွင့်ပွဲကျင်းပ

**ခန္တီး ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သော နာဂဒေသ အဓိကဝင်ပေါက်ချင်းတွင်းတံတား(ခန္တီး)ကို ဧပြီ ၈ ရက် နံနက် ၈ နာရီက ဖွင့်လှစ်နိုင်ခဲ့သည်။



တံတားဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးသန်း၊ ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးကျော်လင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းအထက်ပိုင်းဒေသများရှိ မြို့ရွာများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ခန္တီးမြို့တွင် ချင်းတွင်းမြစ်ကို ဖြတ်သန်းပြီးချင်းတွင်းမြစ်ကူးတံတား (ခန္တီး)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၃) က တာဝန်ယူ တည်ဆောက်ခြင်းဖြစ်သည်။

ချင်းတွင်းမြစ်ကူးတံတား(ခန္တီး)သည် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်တွင်တည်ရှိပြီး ခန္တီးမြို့ဘက်ခြမ်းနှင့် ဆင်သေကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ခြင်းဖြစ်ကာ ပင်မတံတားသည် ၄၄၉ ဒသမ ၅ မီတာအရှည်ရှိပြီး ခန္တီးဘက်ခြမ်းတွင် မီတာ ၂၂၀၊ ဆင်သေကျေးရွာဘက်ခြမ်းတွင် မီတာ ၁၄၀ ချဉ်းကပ်လမ်းများပါရှိသည့် သံကူကွန်ကရစ်သံမဏိ သံပေါင် တံတားအမျိုးအစားဖြစ်ကြောင်း၊ ၈ ဒသမ ၅ မီတာရှိယာဉ်သွားလမ်းနှင့် တစ်ဖက်လျှင် အကျယ် ၁ မီတာရှိ လူသွားလမ်း နှစ်လမ်းပါရှိကြောင်း၊ တံတားစုစုပေါင်း အရှည် ၈၀၉ ဒသမ ၅ မီတာ ၂၆၅၆ပေ ရှိကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် သွားလာရခက်ခဲသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်မြို့၊ နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့များသို့ အခြားတိုင်းဒေသကြီးများရှိ မြို့များမှ မုံရွာ-ရေဦး-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမှ တံတားကြီးကိုဖြတ်သန်းပြီး လွယ်လင့်တကူသွားလာနိုင်တော့မည်ဖြစ်သလို တံတားကြီးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၃၀၂၈သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၆၆၀၀ စုစုပေါင်း ငွေကျပ် ၁၉၆၂၈ သန်းဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးရွာ၁၈ရွာကိုဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ဆောင်ပေးမည်

**မုံရွာ ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်းနှင့်ဝေးကွာသော ကျေးရွာများအား လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လတာကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၈ ရွာသို့ တစ်အိမ်ထောင်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

"တစ်အိမ်ထောင်သုံးဆိုလာစနစ် မီးလင်းရေးလုပ်ဆောင်ပေးမယ့် ကျေးရွာတွေက မဟာဓာတ်အားလိုင်းနဲ့ဝေးကွာတဲ့ ကျေးရွာတွေမှာ လုပ်ဆောင်ပေးတာပါ။ ၁၀၀ ဝပ်အားနဲ့ဆိုရင် တစ်အိမ်ထောင်ကို ၃ ဝပ်မီးသီး ငါးလုံး၊ ငါးနာရီအသုံးပြုနိုင်မယ်၊ ဖုန်းအားသွင်းလို့ရမယ်၊ ၁၅ ဝပ်ရှိတဲ့ (TV)တစ်လုံးကို လေးနာရီကြာ ကြည့်ရှုနိုင်ပါတယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကျပ် ၃၄၄ ဒသမ ၄၉ သန်းနဲ့ လုပ်ဆောင်ပေးသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

အဆိုပါ ၁၀၀ ဝပ်အားရှိ ဆိုလာမီးလင်းရေးစနစ်များကို ကသာခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာမှ အိမ်ခြေ ၄၃၆ အိမ်သို့လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာကိုးရွာမှ အိမ်ခြေ ၈၃၄ အိမ်သို့လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၁၅၀ သို့လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာမှ အိမ်ခြေ ၁၀၇ အိမ်သို့လည်းကောင်း စုစုပေါင်း အိမ်ခြေ ၁၂၅၇ အိမ်သို့စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် သန်း ၃၄၄ ဒသမ ၄၉ သန်းဖြင့် ယခုဘဏ္ဍာနှစ် ခြောက်လအတွင်း လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## ဈေးနှုန်းသင့်တင့်ပြီး Apple Pencil တွဲဖက်အသုံးပြုနိုင်သည့် New iPad 2018



ပညာရေးနှင့် သင်ကြားရေးပိုင်းတွင် အထောက်အပံ့ ပေးနိုင်ရန်နှင့် ကျောင်းသား လူငယ်များအတွက် ရည်ရွယ်ကာ ဈေးနှုန်းသင့်တင့်သည့် iPad အသစ်ကို Apple မှ ရောင်းချပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ iPad အသစ်မှာ ယခင်နှစ်ကထုတ်လုပ်ခဲ့သည့် iPad 2017 ကို အခြေခံ၍ပြန်လည်ဆန်းသစ်ကာ ထုတ်လုပ် ရောင်းချပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ထူးခြားချက်မှာ Apple Pencil နှင့် တွဲဖက် အသုံးပြုနိုင်မည်ဖြစ်သော်လည်း အဆိုပါ Pencil ကို ထပ်မံဝယ်ယူရမည်ဖြစ်ကာ ယခင်က iPad Pro ဖြင့်သာအသုံးပြုနိုင်သော Apple Pencil ကို ယခု iPad အသစ်တွင် အသုံးပြုနိုင်ရန် နည်းပညာထည့်သွင်းပေးလိုက်ခြင်းဖြစ်သည်။

၉ ဒသမ ၇ လက်မ မျက်နှာပြင်အကျယ်ဖြင့် ဒီဇိုင်းပိုင်းတွင် ထူးခြားစွာပြောင်းလဲမှု မပါဝင်ဘဲ ယခင်ထုတ် iPad များနှင့် တူညီသည့်ပုံစံမျိုးနှင့် ပင်ဖြစ်ကာ Apple A10 Chip ကိုထည့်သွင်းပေးထားပြီး iOS 11.3 လည်း ပါဝင်သည်ဟု သိရသည်။ မျက်နှာပြင်အရည်အသွေးမှာ ယခင်ထုတ် iPad များကဲ့သို့ကောင်းမွန်ပြီး ဈေးနှုန်းလျှော့ချထားသောကြောင့် အရည်အသွေးပိုင်းတွင်လည်း နိမ့်ကျသွားမည်ကို သုံးစွဲသူအချို့မှ စိုးရိမ်လျက်ရှိသော်လည်း Apple မှ သူ၏ကောင်းမွန်သည့် လုပ်ဆောင်ချက် အရည်အသွေးများကို သိသာစွာလျှော့ချထားခြင်းမရှိကြောင်း သိရသည်။

သင်ကြားရေးနှင့် ပညာရေးဆိုင်ရာအက်ပလီကေးရှင်းများ အဓိကထားထည့်သွင်းပေးထားပြီး ကျောင်းသားလူငယ်များအတွက် ရည်ရွယ်ကာ iCloud 200GB ပမာဏအထိ ထည့်သွင်းပေးထားသည်။ ကျောင်းသားများအတွက် ပုံဆွဲခြင်းကို အထောက်အပံ့ကောင်းများပေးသွားနိုင်ဖွယ်ရှိကာ သာမန်ရုပ်ပုံများသာမက 3D ပုံများအထိပင် ရေးဆွဲနိုင်သည်ဟုဆိုသည်။ ကင်မရာ 8MP ပါဝင်ပြီး လုံလောက်သည့် ဓာတ်ပုံဗွီဒီယိုရိုက်ကူးမှုများပြုလုပ်နိုင်ကာ ဘက်ထရီပိုင်းတွင် ပုံမှန်အသုံးပြုပါက ၁၀ နာရီနီးပါးခန့်အသုံးခံနိုင်သည်ဟု သိရသည်။ ဈေးနှုန်းအနေဖြင့် 32GB အမျိုးအစားကို ၃၂၉ ဒေါ်လာဖြစ်ပြီး 128GB အမျိုးအစားကို ၄၂၉ ဒေါ်လာဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ALEX

## မြေပြင်အထက်တွင် အမြန်ဆုံးဖြစ်လာမည့် တရုတ်သံလိုက်ရထား

တရုတ်နိုင်ငံ Southwest Jiaotong တက္ကသိုလ်မှပညာရှင်များနှင့် အင်ဂျင်နီယာများပူးပေါင်းကာ မြေပြင်အထက် ပြေးလမ်းပေါ်တွင် မောင်းနှင်မည့် အမြန်ဆုံးရထားကို စမ်းသပ်ဖန်တီးလိုက်ကြောင်းသိရသည်။ အဆိုပါရထားမှာ တစ်နာရီလျှင် မိုင် ၆၀၀ နှုန်းဖြင့် မောင်းနှင်မည်ဖြစ်ပြီး ယခင်က ဒေသတွင်းအမြန်ဆုံးရထားဖြစ်သော Shanghai Maglev ရထားသည် တစ်နာရီလျှင် ၄၃၁ ကီလိုမီတာသာ အမြန်ဆုံးမောင်းနှင်နိုင်ခဲ့သည်။

စမ်းသပ်မောင်းနှင်မည့် လှိုဏ်ခေါင်းကိုပါ တွဲဖက်တည်ဆောက်နေခြင်းဖြစ်ကာ လှိုဏ်ခေါင်းအရှည် ၄၅ မီတာရှိကာ တစ်ထောင်ကီလိုဂရမ်အလေးချိန် ခံနိုင်အားရှိကြောင်းသိရသည်။ ထို့အပြင် ၎င်းလှိုဏ်ခေါင်းထက် ပိုမိုရှည်လျားသည့် ပြေးလမ်းပေါ်တွင်လည်း မောင်းနှင်နိုင်ရန်ကြိုးစားဖန်တီးသွားမည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် အမြန်ဆုံးမြေပြင်ပေါ်တွင် မောင်းနှင်သောသံလိုက်ရထား ဖြစ်လာနိုင်ဖွယ်ရှိသည်။ စမ်းသပ်တည်ဆောက်မှု အောင်မြင်ပါက ဘေဂျင်းမြို့နှင့် ရှန်ဟိုင်းမြို့အကြားကဲ့သို့ အကွာအဝေးကို ယခင်ကထက် ၁၀ ဆနီးပါး ပိုမိုလျင်မြန်စွာ မောင်းနှင်သွားလာနိုင်မည် ဖြစ်သောကြောင့် တရုတ်နိုင်ငံတွင်သာမကကမ္ဘာပေါ်တွင် အမြန်ဆုံးသံလိုက်ရထားဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြထားသည်။

ယခင်က ကမ္ဘာ့အမြန်ဆုံးစံချိန်တင်ရထားအဖြစ်သတ်မှတ်ထားသည့် Hyperloop မှာ တစ်နာရီလျှင် ၃၀၈ ကီလိုမီတာ အမြန်ဆုံးမောင်းနှင်နိုင်ပြီး ယခု တရုတ်နိုင်ငံမှ စမ်းသပ်ဆဲသံလိုက်ရထားမှာ ၁၀၀၀ ကီလိုမီတာအထိ အရှိန်အမြင့်ဆုံး ဖြစ်လာပြီး Hyperloop မှာ မြေအောက်ပြေးလမ်းဖြစ်ကာ တရုတ်သံလိုက်ရထားမှာ မြေပေါ်ပြေးလမ်းပေါ်တွင် မောင်းနှင်မည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာတစ်ဝှမ်းမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် အဆင့်မြင့်နည်းပညာများ အသုံးပြုကာ အမြန်ဆုံးသော သယ်ယူပို့ဆောင်ရေးစနစ်များကို စမ်းသပ်လျက်ရှိကြရာမှာ တရုတ်နိုင်ငံသည် သူ၏ အမြန်ဆုံးသယ်ယူပို့ဆောင်ရေး နည်းပညာကို လက်တွေ့တည်ဆောက်ပြလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ **ခာဏီ**



# မန္တလေးတိုင်းဒေသကြီးအတွင်း ရေရှားပါးနိုင်သည့် ကျေးရွာ ၄၉ ရွာ စဉ်ဆက်မပြတ် ရေသုံးစွဲနိုင်ရေး ရေကြိုပို့စနစ်ဖြင့် ရေဖြန့်ဝေပေး

**မန္တလေး မေ ၈**
ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရေရှားပါးသည့် ကျေးရွာ ၄၉ ရွာရှိရာ ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ရေရှားပါးသည့် ကျေးရွာများသို့ စဉ်ဆက်မပြတ် ရေသုံးစွဲနိုင်ရန် ရေကြိုပို့စနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ပြီးခဲ့တဲ့နှစ် နှစ်ကုန်ပိုင်းကစပြီး ဒီနှစ် ရေရှားပါးနိုင်တဲ့ ကျေးရွာတွေကို စနစ်တကျ ကွင်းဆင်းလေ့လာပြီး စာရင်းကောက်ခဲ့တာ ၇၂ ရွာရှိပါတယ်၊ လက်ရှိအနေအထားမှာ မတ်လအတွင်း ရေရှားပါးတဲ့ ကျေးရွာလေးရွာရှိခဲ့ပြီး ရေပေးဝေရတဲ့ အနေအထားကြောင့်ဖြစ်တာပါ။ ဒါကြောင့် ဧပြီ၊ မေနဲ့ ဇွန်အထိ ကြိုတင် စိစစ်လိုက်တဲ့အခါ ၄၉ ရွာ ရေပြတ်လပ်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်၊ ရေရှားပါးနိုင်တဲ့ ကျေးရွာတွေကို ရေပြတ်လပ်မှ အဲဒီနေရာကို ရေမပို့ပါဘူး၊ ရေမပြတ်လပ်ခင် သုံးရက်၊ လေးရက် ကြိုတင်ပြီး ပို့ပေးပါတယ်၊ စဉ်ဆက်မပြတ် ရေအသုံးပြုနိုင်အောင် ရေကြိုပို့ပေးတဲ့ စနစ်နဲ့ ဖြန့်ဝေပေးနေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဟန်က ပြောသည်။

၂၀၁၇ ခုနှစ်တွင် ကျေးရွာပေါင်း ၁၄၃ ရွာ ရေရှားပါးနိုင်ကြောင်း စာရင်းကောက်ယူရရှိသဖြင့် ရေဖြန့်ဝေပေးနိုင်ရန် ဘတ်ဂျက် သန်း ၂၀ ခန့်မှန်းတောင်းခဲ့ကြောင်း၊ သို့သော် အဆိုပါ ကျေးရွာစာရင်းတွင် ရေသုံးစွဲရန်ရှိသော်လည်း အခြားရွာများနှင့်တန်းတူ အခွင့်အရေးရရှိလိုသော ကျေးရွာများ၏ စာရင်းပေးသွင်းထားသည်ကို စိစစ်တွေ့ရှိခြင်း၊ မိုးရွာသွန်းခြင်းနှင့် ခန့်မှန်းထားသော ရေအရည်အသွေးနိမ့်ကျမသွားခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ်တွင် ကျေးရွာ ၉၈ ရွာကိုသာ ရေဖြန့်ဝေပေးခဲ့ရကြောင်း၊ ယခင်နှစ် ဘဏ္ဍာရေးနှစ်မှ ကျန်ရှိနေသော ဘတ်ဂျက် ၁၂ သန်းကျော်ကို ယခုနှစ် ရေဖြန့်ဝေရာတွင် အသုံးပြုရန် စက်သုံးဆီများအတွက် သက်ဆိုင်ရာမြို့နယ်ရှိ စက်သုံးဆီဆိုင်များတွင် စက်သုံးဆီဖိုး ပေးသွင်းထားကြောင်း ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၆၇၃ ရွာရှိရာ ယခုနှစ်အတွင်း တံတားဦးမြို့နယ်တွင် ခုနစ်ရွာ၊ မြစ်သားမြို့နယ်တွင် တစ်ရွာ၊ မိတ္ထီလာမြို့နယ်တွင် လေးရွာ၊ မလှိုင်မြို့နယ်တွင် ၁၃ ရွာ၊ သာစည်မြို့နယ်တွင် ရှစ်ရွာ၊ မြင်းခြံမြို့နယ်တွင် တစ်ရွာ၊ နွားထိုးကြီးမြို့နယ်တွင် နှစ်ရွာ၊ ပျော်ဘွယ်မြို့နယ်တွင် ကိုးရွာ၊ ညောင်ဦးမြို့နယ်တွင် တစ်ရွာ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် သုံးရွာ စုစုပေါင်း ကျေးရွာ ၄၉ ရွာတွင် ယခုနှစ်အတွင်း ရေရှားပါးပြတ်လပ်နိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကောက်ခံရရှိသော စာရင်းများအရ သိရသည်။

အဆိုပါ ကျေးရွာ ၄၉ ရွာတွင် အိမ်ခြေ ၆၇၉၉၊ လူဦးရေ ၉၃၄၈၇၄ ဦးရှိရာ စက်သုံးဆီကုန်ကျငွေ ကျပ်သန်း ၁၂ ဒသမ ၅၉၂၀၊ ရေသယ်ယာဉ်ငှားရမ်းခ ကျပ် သန်း ၂ ဒသမ ၇၀၇၅ စုစုပေါင်း ကုန်ကျငွေ ကျပ်သန်း ၁၅ ဒသမ ၂၉၉၅ အသုံးစရိတ်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ချင်းတွင်းမြစ်ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ်များအားလုံး သင်္ကြန်ကာလအတွင်း ခုနစ်ရက်ပိတ်မည်

**မုံရွာ မေ ၈**
ချင်းတွင်းမြစ်ကြောင်းသွား ခရီးသည်တင်နှင့် ကုန်တင်အမြန်ရေယာဉ်များအားလုံး သင်္ကြန်ကာလအတွင်း ခုနစ်ရက်ပိတ်ထားမည်ဖြစ်ကြောင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီတာဝန်ရှိသူထံမှ သိရသည်။ ဧပြီ ၁၁ ရက်မှစ၍ ၁၇ ရက်အထိ ခုနစ်ရက်ကြာ ပိတ်ထားမည်ဖြစ်ပြီး ၁၈ ရက်နေ့တွင် ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မုံရွာ-ခန္တီး-ဟုမ္မလင်း-ဖောင်းပြင်-မော်လိုက်-ကလေးဝ-မင်းကင်းစသည့် ချင်းတွင်းမြစ်တစ်လျှောက် ပြေးဆွဲနေသောအမြန်ရေယာဉ်များအပါအဝင် မုံရွာမှ ခေါက်တိုပြေးဆွဲနေသော မောက်ကတော်-ကနီစသည့်လိုင်းများမှ ရေယာဉ်များလည်း သင်္ကြန်ကာလတွင် နားမည်ဖြစ်ကြောင်း သိရသည်။



ခရီးသည်တင်ရေယာဉ်အသင်း ၁၀ သင်းတွင် ရေယာဉ် ၁၃၇ စင်းရှိပြီး ကုန်တင်ရေယာဉ်အသင်း၁၈ သင်းတွင်ရေယာဉ် ၅၉၄ စင်းဖြင့် မုံရွာအခြေပြုကာ ချင်းတွင်းမြစ်အထက်ပိုင်းမြို့များသို့ စုန်ဆန်ပြေးဆွဲပေးနေခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## နေပြည်တော်၌ ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ကျင်းပ

**ပျဉ်းမနား မေ ၈**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် (၂/၂၀၁၈) စွမ်းရည်မြှင့်သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၆ ရက် ညနေ ၃ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)သင်တန်းကျောင်း ပျဉ်းမနားမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။




တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် တာဝန်ထမ်းဆောင်နေသည့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၉ ရက်မှ ဧပြီ ၆ ရက်အထိ သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် စိတ်ပိုင်းဆိုင်ရာသဘောထားများ ပြုပြင်ပြောင်းလဲလာပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် ဦးစီးဌာန၏ လုပ်ငန်းလျာထားချက်များကို စွမ်းရည်မြင့်မားစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ကျွမ်းကျင်သည့် ဝန်ထမ်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ကန်ပက်လက်မြို့တွင် မြစိမ်းရောင်စီမံကိန်း စံပြကျေးရွာရွေးချယ်ပွဲကျင်းပ

**ကန်ပက်လက် မေ ၈**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာရွေးချယ်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက်တွင် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကန်ပက်လက်မြို့နယ်ရှိ ကျေးရွာ ၂၇ ရွာအနက်မှ ကျင်နွေးကျေးရွာကို စံပြကျေးရွာအဖြစ် ရွေးချယ်ခဲ့ကြောင်းသိရသည်။ ကျင်နွေးကျေးရွာသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပထမအကြိမ်စံပြကျေးရွာအဖြစ် ရွေးချယ်ခံခဲ့ရပြီး ယခု၂၀၁၇-၂၀၁၈ တွင်လည်း ဒုတိယအကြိမ် စံပြကျေးရွာအဖြစ် ထပ်မံအရွေးခံရခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးကျီးထန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဆွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးထန်းအွမ်နှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျေးရွာလူထု၏ စည်းလုံးညီညွတ်မှု၊ ကော်မတီဝင်များ၏ တက်ကြွစွာပူးပေါင်းပါဝင်မှု၊ ငွေစာရင်းများကျွမ်းကျင်ပိုင်နိုင်မှုနှင့် စာရင်းဇယား စနစ်တကျထိန်းသိမ်းထားရှိမှု၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပြန်လည်ပေးသွင်းမှု၊ စီမံကိန်းအပေါ် စိတ်ပါဝင်စားစွာ အကောင်အထည်ဖော်နိုင်ပြီး ကျေးရွာလူထုအပေါ် အကျိုးသက်ရောက်စေမှု စသည့် အချက်များအပေါ်တွင်မူတည်ပြီး စံပြကျေးရွာအဖြစ် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေကြီး(ကန်ပက်လက်)**

## Wet Zone တွင် လာရောက်ရေကစားသူများပြားလာ

**မုံရွာ မေ ၈**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်အတွင်း သဲသောင်ပြင်တွင် ပထမအကြိမ်အဖြစ်ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော် Wet Zone တွင် လာရောက်ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်ထံမှ သိရသည်။

"သင်္ကြန်ပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ပေမယ့် အခုလိုမျိုးအစီအစဉ်တွေက ပထမဆုံးအကြိမ်ကြုံဖူးတာဆိုတော့ ပျော်ပါတယ်။ လွတ်လွတ်လပ်လပ် ရေကစားလို့ရတယ်၊ ရေချိုးလို့ရတယ်၊ လှေစီးလို့လည်းရတယ်၊ မောလို့ရှိရင်လည်း ကမ်းပေါ်တက်ပြီး ထန်းလက်တဲလေးမှာ နားလို့ရတယ်၊ ဗိုက်ဆာရင်လည်း စားသောက်တန်းတွေမှာ ဝယ်စားလို့ရတယ်၊ အားလုံး စီစဉ်ပေးထားတာဖြစ်တဲ့အတွက် ကျွန်မတို့လည်းပျော်ပါတယ်၊ ချင်းတွင်း သင်္ကြန်ကိုလာပြီး လည်ပတ်ကြတဲ့မည်သူမဆို ပျော်ရွှင်မှုတွေ၊ အတွေ့အကြုံသစ်တွေ ခံစားရမယ်လို့ထင်ပါတယ်၊ ချင်းတွင်းမြစ်အတွင်းမှာ ဆင်းပြီး ရေကစားရတာ အလွန်ပျော်ပါတယ်" ဟု Wet Zone တွင် ရေကစားလာရောက်သူ မုံရွာမြို့ မြို့သစ်ရပ်ကွက်မှ ကိုမျိုးအောင်က ပြောသည်။

ချင်းတွင်းသင်္ကြန်ပွဲတော်အား ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြင်ဆင်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးရေး လုပ်ဆောင်လျက်ရှိရာတွင် Wet Zone တွင် ရေကစားလာရောက်သူများ ယခုရက်ပိုင်းအတွင်း ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။**ဝင်းဦး(ဧယျာတိုင်း)**



## မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်မှုနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ချမ်းမြသာစည် မေ ၈**
မန္တလေးချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၅၅ လမ်း၊ သော်ကလမ်းနှင့် ခတ္တာလမ်းကြားတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဧပြီ ၆ ရက် ညနေ ၄ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်း၊ ရပ်ကွက်အတွင်းပိတ်မိနေသူများအား အဆင့်မြင့် အသက်ကယ်ကိရိယာများအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းများ သရုပ်ပြ သန္နေနှင့်ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦး၊ မီးသတ်ယာဉ်အစီး ၂၀ ဖြင့် ရပ်ကွက်ပတ်လည်တွင် စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးသန်းဇော်ဦး၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ တပ်ခွဲမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်လူမှု ကယ်ဆယ်ရေးအဖွဲ့များတက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ လှည်းကူးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ထွက်ခွာ



**လှည်းကူး မေ ၈**
ပြည်သူလူထုအကြား ငြိမ်းချမ်းရေးစိတ်ဓာတ် စိမ့်ဝင်ပျံ့နှံ့ပြီး ထင်ရှားလာစေရန်ရည်ရွယ်ပြီး မြန်မာပြည်အနှံ့ နယ်လှည့်လှုပ်ရှားဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့သည် မေ ၈ ရက် နံနက် ၈ နာရီခွဲက ပဲခူးမြို့မှတစ်ဆင့် လှည်းကူးမြို့သို့ ရောက်ရှိသည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များ Wheel Chairရထားအဖွဲ့အား ခရိုင်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက လှည်းကူးမြို့ ငါးထပ်ကြီးဘုရားဝင်းရှေ့မှစတင်၍ ကြိုဆိုခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်မာလာထွန်း၊ လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များက ပန်းစည်းကမ်းခြင်း၊ ထမင်းဘူးနှင့် အအေးကမ်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ မေ ၈ ရက် နံနက် ၉ နာရီ ၃၁ မိနစ်တွင် အဆိုပါရထားအဖွဲ့သည် မင်္ဂလာဒုံမှတစ်ဆင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်းသိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# NEP မီးလင်းရေးနှင့် CDD လုပ်ငန်းများကွင်းဆင်းကြည့်ရှု

**ပန်းတောင်း မေ ၈**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်း(CDD) လုပ်ငန်းများအား ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်သည် မြို့နယ်ကျေးလက် ဦးစီးမှူးနှင့်အတူ မေ ၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများထဲမှ သရက်လိန်အုပ်စု တက်သစ်ကျွန်း ကျေးရွာတွင် ကျေးလက်မီးလင်းရေးလုပ်ငန်းတစ်ခု ဖြစ်သည့် NEP မီးလင်းရေးအတွက် Sola House တည်ဆောက်မည့်မြေနေရာနှင့် လူထုဗဟိုပြုစီမံကိန်း (CDD) မှ ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ CDD စီမံကိန်းမှကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် လူထုဗဟိုပြုစီမံကိန်း(CDD) မှ ဆောင်ရွက်ထားရှိသော လုပ်ငန်းများကွင်းဆင်း ကြည့်ရှုခဲ့ရာ ဆင်တဲအုပ်စု ဆင်တဲကျေးရွာနှင့် တမာကုန်းကျေးရွာတို့တွင် CDD မှ ဆောင်ရွက်သော ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုပြီး သရက်လိန်အုပ်စုမှ RC အမျိုးအစား ခတ္တိယခန်းမဆောင် တည်ဆောက်နေမှုနှင့် သရက်လိန်ကျေးရွာတွင် ကွန်ကရစ်ဘီးနင်းလမ်းဆောင်ရွက်ထားရှိမှုတို့အား ကွင်းဆင်းကြည့်ရှုခဲ့ကာ စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်းသိရသည်။

**သူရအောင် (ပြည်)**

# ကယားပြည်နယ်တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ အသိပညာပေးဟောပြော

**မယ်စဲ့ မေ ၈**
ကယားပြည်နယ်တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များနှင့် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၆ ရက် နံနက် ၁၀ နာရီက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ကယားပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများအပေါ် ညှိနှိုင်းရေးအဖွဲ့ဝင်များမှ တစ်ဦးချင်းမိတ်ဆက်ကြပြီး အဖွဲ့ခေါင်းဆောင်ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီးအဖွဲ့ဝင်များဖြစ်ကြသော ပြည်နယ်ဥပဒေအရာရှိဦးတင့်ဝေက ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏လုပ်ငန်းတာဝန် ၁၅ ချက်၊တိုင်စာနှင့် ပတ်သက်သည့်အချက် ခြောက်ချက်ကိုလည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးအေးလွင်က ဥပဒေဆိုင်ရာ အသိပညာပေးအကြောင်းများကို လည်းကောင်း၊ ပြည်နယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူးရဲမှူးစန်းဦးကလူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးအကြောင်းများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက်တက်ရောက်လာကြသူများက သိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကယားပြည်နယ်တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများအပေါ် ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



ဆိပ်ကြီးခနောင်တိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်ဌာနနှင့် ကျန်းမာရေး ဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် ညနေ ၄နာရီ ၄၅ မိနစ်တွင် မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများနှင့် လိင်စိတ်ကြွဆေးများ ရောင်းချခြင်း ရှိ၊ မရှိစစ်ဆေးခဲ့ပြီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **၁၁၈**

# ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနား လွိုင်ကော်မြို့၌ပြုလုပ်

**လွိုင်ကော် မေ ၈**
ကယားပြည်နယ် ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထုမှ စိုက်ထုတ်ကျခံသုံးစွဲရသော ကျန်းမာရေးဆိုင်ရာကုန်ကျစရိတ် (Out of Pocket)လျော့နည်းစေရေးနှင့်ထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ လူနာများအတွက် အခြေခံဆေးဝါးများအဖြစ် ဓာတ်ခွဲစစ်ဆေးမှုများ၊ ဓာတ်မှန်ရိုက်မှုများ၊ သွေးသွင်းကုသမှုများကိုလည်း အခမဲ့ရရှိစေရေး ပံ့ပိုးကူညီပေးလျက်ရှိကြောင်း ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက ပြောသည်။

ဆက်လက်၍ ကယားပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ဆေးရုံ ခြောက်ရုံနှင့် တိုက်နယ်ဆေးရုံ ၁၀ ရုံတို့မှ ဆေးရုံလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အညွှန်းကိန်းကောင်းမွန်သော မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအား ပြည်နယ်အဆင့် စံပြဆေးရုံရွေးချယ်ရေးဘုတ်အဖွဲ့ဝင်များက လုပ်ငန်းစဉ်နှင့်အညီ ကွင်းဆင်းစစ်ဆေး၍ စနစ်တကျ ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**ပုဇွန်တောင် မေ ၈**
ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက် ပုဇွန်တောင်ဈေးရှေ့တွင် မေ ၇ ရက် နံနက် ၈ နာရီက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးလွင်နှင့် တာဝန်ရှိသူများသည် မဟာသင်္ကြန်ကာလ မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ရပ်ကွက်နေပြည်သူစုစုပေါင်း ၃၀၀ ခန့် လာရောက်လေ့လာကြပြီး လေ့လာသူများအား မှုခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ငပလီကမ်းခြေတွင် သင်္ကြန်အကြိုကာလ အပန်းဖြေအနားယူသူများဖြင့် စည်ကား

**သံတွဲ မေ ၈**
ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီကမ်းခြေတွင် ဧပြီ ၇ရက်နေ့ကစတင်၍ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ကြိုတင်ရောက်ရှိကာ ကမ်းခြေတွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယခု ၂၀၁၈ ခုနှစ် ရခိုင်မဟာသင်္ကြန်ပွဲတော်ကို ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ငပလီကမ်းခြေတွင် ရခိုင်ရိုးရာရေလောင်းမဏ္ဍပ်၊ ရခိုင်ဒေသထွက် ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ရခိုင်ရိုးရာ အစားအသောက် အရောင်းဆိုင်ခန်းများဖွင့်လှစ်ကာ ငပလီကမ်းခြေ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုလို အပန်းဖြေအနားယူသူများဖြင့် ကြိုတင်စည်ကားလျက်ရှိကြောင်း လုပ်ငန်းရှင် ဦးဝဏ္ဏ၏ ပြောကြားချက်အရ သိရသည်။

**သတင်း-နေမျိုးအောင်(ပြန်/ဆက်)**
**ဓာတ်ပုံ-သန့်ဇင်(ပြန်/ဆက်)**

# Congratulations!

SHWE BANK

## on the successful launch of the First Full, Cash Recycle Machine (CRM)



Shwe Bank launched the first & newest deposit-enabled full banknote recycling machines (HITACHI SR7500), in partnership with;
Hitachi-Omron Terminal Solutions, Corp. & Myanmar Golden Rock International Co., Ltd.

Shwe Bank's newest CRMs are able to improve not only overall Myanmar user experiences but also cash handling operation at banks with it's reliable and cutting edge features;

- **Reduce cash handling costs;**
  Allows significant cost down of loading/collecting cash by banknote recycling technologies.
- **Reduce work load burden at teller counters;**
  The most frequent transactions such deposit and withdrawal can be handled by CRMs leaving the counters focusing on more value added banking services.
- **Increase cash availability & processing efficiency;**
  Large capacity of casettes and high speed procesing technology enable CRMs process a big volume of cash deposit/withdrawal demands from customers 24/7.
- **Ensuring reliable & secure cash transactions.**
  With superior bill validation and banknote handling technologies, we provide high-secure cash transaction experiences.

Hitachi and Myanmar Golden Rock International have been in effort to support Shwe Bank in CRMs initiatives and successfully implemented the first deposit-enabled full recycling CRMs.

**Hitachi-Omron Terminal Solutions, Corp.**
A member of Hitachi Group and leading vendor of highly reliable Cash Recycling Machines and Bank Systems in the World.

**Myanmar Golden Rock International Co., Ltd.**
Supporting Myanmar's banking industry since 1995 and maintained No.1 Market Share in Myanmar's ATM business, Now, the first to launch Full Recycling CRM in our country.




MYANMAR GOLDEN ROCK

HITACHI
Inspire the Next

**Myanmar Golden Rock International Co., Ltd.**
6th Floor, Building 18, Myanmar ICT Park,
Hlaing Township, Yangon.
Tel: (01) 654810 to 654819 & (01) 654844 to 654848
Fax: (01) 654820
Website : mgr.com.mm
Branch Offices : Mandalay, Nay Pyi Taw, Taunggyi.

**Hitachi-Omron Terminal Solutions, Corp.**
7F Ohsaki New City Bldg. No. 3, 1-6-3 Osaki, Shinagawa-ku,
Tokyo, 141-8576 Japan
http://www.hitachi-omron-ts.com


STEEL DRAGON ၏
အစဉ်အလာအတိုင်း အရည်အသွေး အာမခံချက် အပြည့်အဝရှိသော
ကုန်ပစ္စည်းများကိုသာ တင်သွင်း ဖြန့်ချီပါသည်။
မြန်မာပြည်တွင် အရည်အသွေး အကောင်းဆုံး
ALCO MAX
အလူမီနီယံ ကွန်ပိုးစစ်
No.1 BEST QUALITY
အကောင်းဆုံးအရည်အသွေး
● အရည်အသွေး အမြင့်ဆုံး နိုင်ငံတကာ စံချိန်မီသည့် အလူမီနီယံမျက်နှာပြင် နှင့် အတွင်းကွန်ပေါင်းသား။
● အရည်အသွေးနှင့် အရောင်အသွေးသက်တမ်း နှစ်(၂၀)အထိကြာရှည်ခံကြောင်း အာမခံအပြည့်အဝ ပေးနိုင်သော PVDF ဆေးသား။
ရာသီဥတုဒဏ်ခံနိုင်မှု
● မြန်မာနိုင်ငံ၏ရာသီဥတုနှင့်ကိုက်ညီမှုရှိစေရန် အထူးထုတ်လုပ်ထားခြင်း။
အဆင်ပြေစွာသုံးစွဲနိုင်မှု
● ကြိုးထိုးရအဆင်ပြေလွယ်ကူခြင်း။
● 30° မှ 95° အထိ စိတ်ကြိုက် ချိုးကွေးနိုင်ခြင်း။
မီးလောင်ကျွမ်းမှုဒဏ်ခံနိုင်မှု
● မီးလောင်ကျွမ်းမှုဒဏ်ခံနိုင်ခြင်း။
Steel Dragon ဆိုင်တိုင်းတွင် အဆင်ပြေလွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။
■ အမှတ်(၄၀၊ ၄၁၊ ၄၂၊ ၄၃)၊ စံပယ်လမ်း၊ သိရိမ္ဂလာဈေးဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၅၂၈၅၈၇၊ ၃၅၂၈၅၂၄၊ ၃၅၈၈၆၄၃၊ ၃၅၈၈၆၄၅
■ အမှတ်(၁၄၉၇)၊ ပြည်ထောင်စုလမ်းမကြီး၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၁၀၀၀၀၉၊ ၈၁၀၀၀၁၀၊ ၈၁၀၀၂၆၉၊ ၈၁၀၀၂၇၀၊ ၀၉ - ၅၁၃၉၁၉၃
■ အမှတ် (၃၀၅၅)၊ ရာဇဌာနီလမ်းနှင့် ပုန်းညက်လမ်းထောင့်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၆၇ - ၂၅၈၇၀၊ ၂၅၈၇၁၊ ၀၉ ၂၅၅၇၁၇၂၃၈၊ ၀၉ ၉၆၉ ၇၇၄၄၃၁
■ အမှတ်(၉၈)၊ ကျိုက္ခမီလမ်း၊ ဒေါင်းဇရပ်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇-၂၂၄၈၄၊ ၀၉ ၂၅၅၇၁၇၂၃၉၊ ၀၉ ၉၆၉ ၇၇၄၄၄၁
■ အမှတ်(၁၀၁)၊ ၄၂-လမ်း၊ (၈၁×၈၂)လမ်းကြား၊ ရွှေပွဲရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ ၂၅၀ ၃၅၈ ၃၄၈၊ ၀၉ ၂၅၀ ၆၆၆ ၀၅၂၊ ၀၉ ၉၆၉ ၇၇၄ ၄၅၁
■ အမှတ်(၁၀၂)၊ အနောက် မြို့ပတ်လမ်းနှင့် (၅)လမ်းထောင့်၊ ဘုရင့်နောင်လမ်းမကြီး၊ ခေတ္တရာမြို့သစ်၊ ပြည်မြို့။ ဖုန်း - ၀၅၃ - ၂၈၆၁၉၊ ၂၈၃၃၆၊ ၀၉ ၉၆၉ ၇၇၄ ၄၆၁၊ ၀၉ ၇၈ ၂၂၂ ၄၄၆၀
■ အမှတ်(၅/၁၇၃)၊ အနောက်မြို့ပတ်လမ်းနှင့် ဂုဏ်ထူးလမ်းထောင့်၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း - ၀၈၁ - ၂၀၅၁၅၂၊ ၂၁၂၅၂၂၀၊ ၀၉ ၄၄၀ ၅၀ ၉၇၇၊ ၀၉ ၄၄၀ ၅၀ ၉၈၈
■ အမှတ် (၆၄-က)၊ ဥသာမြို့သစ်(၆)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီး၊ ပဲခူးမြို့။ ဖုန်း-၀၅၂-၂၂၀၁၃၇၃၊ ၀၉-၄၄၀၀၅၁၁၂၂၊ ၀၉-၉၆၉၇၇၄၄၈၁၊ ၀၉-၉၆၉၇၅၂၈၁
■ အမှတ်(၃၄)၊ သိရိမ္ဂလာလမ်းမကြီး၊ သိရိမ္ဂလာဈေးဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၅၂၈ ၅၂၆ ၊ ၀၉ - ၇၆၅၈၂၈၅၂၄၊ ၀၉-၇၆၅၈၂၈၅၂၆

## သရဖူ မြတ်နိုးသူ Travels & Tours Co.,Ltd. Ph: 01-551453, 09-5014517 , 09-5156297 , 09 450053758

April 12 , 13 သင်္ကြန်အားလပ်ရက်တွင် ထွက်ရှိမည့်ခရီးစဉ်များ

| | |
|---|---|
| မြစ်ကြီးနား–အင်းတော်ကြီး–ဇလုံတောင် | 290000/330000 |
| ချင်း–ကန်ပက်လက်–နတ်မတောင်–ရွှေစက်တော် | 240000 |
| တောင်ကြီး–အင်းလေး–ကလော–ပင်းတယ–ရှမ်း | 190000 |
| တောင်ကြီး–အင်းလေး–လွိုင်ကော်–ဒီမောဆိုး | 220000 |
| မန်း–ပြင်ဦးလွင်(ဂုတ်ထိပ်ရထားစီး)–ရွှေလီ(မှန်တံတား)–မံစီ | 320000 |
| မန်း–ပြင်ဦးလွင်–ပုဂံဘုရားစုံ | 180000 |
| မန်း–ပြင်ဦးလွင်–အလောင်းတော်ကဿပ | 190000 |
| ရွှေစက်တော်–ပုဂံ–ပခုက္ကူ | 180000 |
| ထားဝယ်ဘုရားစုံနှင့်မြိတ်ကျွန်းစု | 300000 |
| မြိတ်ကျွန်းစုနှင့်ကော့သောင်း–ရနောင်း | 320000/390000 |

April 13,14 သင်္ကြန်အားလပ်ရက်တို့ ခရီးစဉ်များ

| | |
|---|---|
| ချင်း–ကန်ပက်လက်–နတ်မတောင် (ဟိုတယ် ညတည်း) | 170000 |
| မန်း–စစ်ကိုင်း–မုံရွာ–အလောင်းတော်ကဿပ | 130000 |
| တောင်ကြီး–အင်းလေး–ကလော–ပင်းတယ | 130000 |
| ပုဂံဘုရားစုံ(စွယ်တော်လေးဆူ)–ပခုက္ကူ | 100000 |
| လွိုင်ကော်–ဒီမောဆိုး | 100000 |

ကားစီးရေကန့်သတ်ထားပါသဖြင့် ကြိုတင်ဝယ်ယူနိုင်ပါပြီ။ Scania , Hotel , Restaurant , Gift

---

**ရခိုင်ဘုရားဖူး(ကောင်းထက်စံ)** (သင်္ကြန်13-20) 5N6D (သင်္ကြန်12) ငပလီ 4N5D

မြောက်ဦး၊ကျောက်တော်၊စစ်တွေ၊ငပလီ၊ကမ်းသာယာ 220000/150000/

ငပလီ၊ ပုလဲကျွန်း၊ သံတွဲဘုရားများ၊ ကမ်းသာယာ 270000/150000/

ဗီဒီယိုမှတ်တမ်းလက်ဆောင်။ လက်မှတ်အိမ်ပို့သည်။ ၁၈၁(မြေညီ)၊ ဆိပ်ကမ်းသာလမ်း။ ကျောက်တံတားမြို့နယ်။ Ph:09448003431,0949660481

---

**Asia Dragon** (အာရှနဂါး)

ရွှေချောင်းသာ ♦ ငွေဆောင်

ကျိုက်ထီးရိုး ♦ မြဝတီ

09 300 300 30 , 09 300 300 90

---

**သန္တိသုခ** သင်္ကြန်ခရီးစဉ်များ

✦ ထားဝယ်-ရှင်ကိုးရှင်၊ မောင်းမကန်၊ စက်စဲ+မြိတ် 250000/-

✦ ထားဝယ်-ရှင်ကိုးရှင်+မြိတ် လေးကျွန်းကမ်းခြေ 320000/-

ဟိုတယ် (၃)ည၊ SCANIA (2+2)၊ Speed boat APR 13

Ph: 09 4210 14940, 09 4210 68050

---

**ရတီဖူး** သင်္ကြန်အထူးခရီးစဉ် 09-250147247, 09-774438366

| | | |
|---|---|---|
| ▲ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ချင်းမိုင်၊ မယ်ဆိုင် | 200000 | April 12 ထွက်မည် |
| ▲ မိုးကုတ်၊ ဇလုံတောင်၊ မြစ်ကြီးနား၊ အင်းတော်ကြီး | 100000 | |
| ▲ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ နေပြည်တော် | 60000 | ခရီးစဉ်တိုင်း ထားပြီး |
| ▲ ထားဝယ်ရှင်ကိုးရှင်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ မျှော်ရစ် | 80000 | |
| ▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော် | 90000 | |

---

## Ever Clean Travel & Tour

| | | |
|---|---|---|
| * တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ည ၅ရက်) | April-12 |
| * ချင်းပြည်-ကန်ပက်လက်မြို့-ခေါ်နူးစုမ်(ခ)ဝိတိုရိယတောင် | (၄ည ၅ရက်) | April-12 |
| * ကလော(Trekking)-မိန်းမရဲတောင်-မြသပိတ်ရေပြာအိုင် | (၄ည ၅ရက်) | April-12 |
| * လွိုင်ကော်-ပန်ပက်-ဒီမောဆို-ထီးခဲခါးရေတံခွန် | (၄ည ၅ရက်) | April-12 |
| * ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ | (၄ည ၅ရက်) | April-12 |
| * မြဝတီ-မဲဆောက်-ဘားအံ | (၄ည ၅ရက်) | April-12 |

ကားစင်းလုံး ငှားရမ်းနိုင်သည်။

အမှတ်(၃၃)၊ ဒုတိယထပ်၊ လမ်းမတော်(၃)လမ်း၊ အောက်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

09-33886666, 09-795185522

---

**ရွှေခင်းသာ** FULLY AIR-CON EXPRESS April 12 သင်္ကြန်ခရီးစဉ်များ

| | |
|---|---|
| ◈ အင်းတော်ကြီး-ရွှေမဇ္ဈ မြစ်ကြီးနား မြစ်ဆုံ ဇလုံတောင်၊ မိုးကုတ်၊ မန္တလေး (၈)ရက် (ထမင်းကျွေး) | 130000 |
| ◈ ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ၊ သံတွဲဘုရားစုံ (၆)ရက် (ထမင်းကျွေး) | 120000 |
| ◈ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် (၆)ရက် (ထမင်းကျွေး) | 85000 |
| ◈ ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ မြိတ်၊ ကျိုက္ခမီ၊ စက်စဲ (၆)ရက် (ထမင်းကျွေး) | 90000 |
| ◈ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲသခင်မတောင်၊ လွိုင်ကော် (၅)ရက် (ထမင်းကျွေး) | 85000 |

Ph: 09-420046635, 09-772845260, 09-445328806

---

**ရွှေအိုးကြီး** 09 421073634, 09 777636630 April-12 , 27 မဟာသင်္ကြန်အထူးခရီးစဉ်များလက်မှတ်ရောင်းပြီ

* မြဝတီ၊ မဲဆောက်၊ ဖရဝေါ၊ ဘားအံဘုရားစုံ - ၇(၅)ရ Hotel(၂)ည အိပ် Visa တဆင့်ပြောင်းကား/ဆိုင်ထမင်းကျွေး အားလုံးစရိတ်ငြိမ်း (100000)
* ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ သံတွဲ၊ ငပလီ Hotel(220000)
* အင်းတော်ကြီး၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလုံတောင်၊ မိုးကုတ် စားငြိမ်း(130000)

---

**ခေတ်ရွှေဆောင်** 09-449250191, 09-773337137 Apr-12, Apr.27, May.18

ထားဝယ်ရှင်ကိုးရှင်မောင်းမကန်မြိတ်ကော့သောင်းရနောင်း

သူဌေးကျွန်း စားရိတ်ငြိမ်း ၂-သိန်းဆက်၍မောတောင်ပကျောကမ်းခြေ

(၉)ရက်စရိတ်ငြိမ်း ၁သိန်း ငပလီကမ်းခြေ(ဆံနှံ့အံ့)၁ရက်

ထားဝယ်မြိတ်မော့တောင်ပကျောကမ်းခြေ ၆ရက်စရိတ်ငြိမ်း ၂.၅သိန်း။

---

**မအိ** သင်္ကြန်အထူးခရီးစဉ်

ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်၊မျှော်ရစ်၊မြင်းခွာအော်၊ မော်လမြိုင် ကျိုက္ခမီ၊စက်စဲ၊ကျိုက်သလ္လံ၊ ဦးဇိနဲ၊ ဝင်းစိန်တောရ ဇာကျောက်တလုံး၊ အလံတရာ၊ ပန်းရုံပျောက်ဘုရား၊ သထုံရွှေစာရံ၊ ကျိုက်ဗောလောမဲ့ရှင် တစ်ဆင့်သွား ကား၊ စား၊ တည်း-ငြိမ်း (၉၅၀၀၀) April-12 (၅)ရက်

09.764481447, 09 421008185, 09 776356574

---

**ဆရာ ဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် သား-ဆရာ ဒွေးသူရိန်ဝင်း

အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အပြီးပြီ ဆိုင်တိုင်းဘွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၁-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

ဧပြီလ(၇/၉)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

4 Skills စိတ်တိုင်းကျစေမည့် သင်ကြားမှုများ

၂၂၅၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

---

**The Wheel Travel Co.,Ltd.**

လူကိုယ်တိုင်လာစရာမလိုပဲ လေယာဉ်လက်မှတ်များဝယ်လို့ရပါပြီ

ရန်ကုန် ဖုန်း 09-5005791

မန္တလေး ဖုန်း 09-796603555

စိတ်တိုင်းကျ ခရီးစဉ်များလည်း စုံစမ်းနိုင်ပါပြီ

---

## သစ်ပင်ဝယ်လိုသည်

အနည်းဆုံးအမြင့်(၁၅ပေ)ရှိရမည်။

၁။ စိန်ပန်းပင် ရောင်စုံ ] (၂၀) ပင်

၂။ ပျဉ်းမပင် (၁၀) ပင်

၃။ ငုဝါပင် (၂၀)ပင်၊

09-5113863, 09-73179994,09-30666613

---

အမျိုးသမီးအရောင်းဝန်ထမ်းအလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို

ရန်ကုန်နှင့်နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း

ရန်ကုန်အပြင်နယ်ဘက်များပါ

သွားနိုင်ပါကအဆောင်စီစဉ်ပေးမည်။

မှတ်ချက် ။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန်။ ။ ၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁

(ရုံးချိန်အတွင်းသာ)

---



ဘုရား၊ ရဟန်း၊ နတ်လမ်း ဒါယိကာမကြီး
## ဒေါ်ခင်မေ
## အသက် (၁၀၀)

ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ဆီဆုံကုန်းရပ်၊ ရန်ကုန်-ပဲခူးလမ်း၊ အမှတ်(၁၁၉)နေ ဦးရွှေမောင်၏ဇနီး၊ အင်းတကော်၊ ပုဂံဘိုရွာနေ (ဦးကျော်ဟိုး-ဒေါ်နှင်းကြိုင်)၊ ရန်ကုန်မြို့နေ ဦးငွေအောင်-ဒေါ်အုန်းရင်တို့၏ အစ်မ၊ ဦးရွှေမောင်ဦး၊ ဦးရွှေမြအေး-ဒေါ်သန်းသန်းမောင်(ရွှေညောင်)၊ ဒေါ်မြင့်မြင့်စိန်၊ ဦးစိန်ငွေး(မန်နေဂျာ၊ Royal Orbit Co.,Ltd၊ ရာဘာခြံ၊ ငွေဆောင်)၊ ဒေါ်သောင်းစိုး၊ ဦးမျိုးချစ်(ကကဆက်)-ဒေါ်ထွေးညို၊ စောကျော်ခွန်လျှမ်း-မအေးအေးမောင်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွား ကျေးဇူးရှင် ဒေါ်ခင်မေသည် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၈း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၈ ရက် နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်း (တောင်ငူ)
## အသက် (၉၄) နှစ်

ဆရာဦးကျော်သန်း (1975, B.Ed)၏ ချစ်လှစွာသောမိခင် ဒေါ်သန်းသန်းသည် ၅-၄-၂၀၁၈ ရက် မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**ဒေါ်မြင့်မြင့်အေး**
**ဒေါ်ရီရီတင်**
**ဒေါ်သက်မာကြည်**
**ဒေါ်ကြည်ကြည်အေး**
**1977 March Batch ပညာရေးတက္ကသိုလ်**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ရန်
## အသက် (၈၅) နှစ်
**အငြိမ်းစားအင်ဂျင်နီယာမှူးကြီးဆောက်လုပ်ရေးဝန်ကြီးဌာန**

ဦးဇော်မင်းဦး(ဒါရိုက်တာ-မြန်မာရွှေသရဖူကုမ္ပဏီ)-ဒေါ်ဝေဝေ (ဒါရိုက်တာ Vital Pharmaceutial Co., Ltd)တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးကျော်ရန် အသက်(၈၅)နှစ် အင်ဂျင်နီယာဌာနမှူးကြီး (ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၆-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြင့်ဝင်း (Project Engineer)**
**နှင့် ဝန်ထမ်းများ**
**(Pathein Site)**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ရန်
## အသက် (၈၅) နှစ်

သူငယ်ချင်း ဦးဇော်မင်းဦး(ဒါရိုက်တာ မြန်မာရွှေသရဖူကုမ္ပဏီ) ဒေါ်ဝေဝေ (ဒါရိုက်တာ Vital Pharmaceutical Co., Ltd) တို့၏ ဖခင်ကြီး ဦးကျော်ရန် သည် ၆-၄-၂၀၁၈ (သောကြာ)နေ့ တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစု နှင့် ထင်ဘူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း....။

1982-83 ပဲခူးကောလိပ် သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
## တပ်ကြပ်ကြီးမြတ်ကျော်(ငြိမ်း)
**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်**
## အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၆)လမ်း၊ အမှတ်(၉၆၄)နေ ဒေါ်ဂွတ်ထော်(ခ)ဒေါ်စန်းရီ၏ခင်ပွန်း တပ်ကြပ်ကြီး မြတ်ကျော်(ငြိမ်း)သည် ၃-၄-၂၀၁၈ ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်စစ်မှုထမ်းဟောင်းများမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှ
## အသက် (၉၃) နှစ်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နေ (ဌာနာအုပ် ဦးစိုးမောင်-ဒေါ်ငွေကြင်)၊ (ဒေါ်ဒေါ်ပု)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆၈၉)၊ (၄)ရပ်ကွက်၊ ပြဟ္မစိုရ်လမ်းနေ(ဗိုလ်ကြီးနေလ-ငြိမ်း)၏ဇနီး၊ ဦးစိန်လှဦး-ဒေါ်ခင်ညို၊ (ဦးမြင့်ကြွယ်)-ဒေါ်ခင်သန်းမြင့်၊ (ဦးသန်းအောင်)-ဒေါ်စန်းအေး၊ ဦးခင်မောင်ငွေး-ဒေါ်ခင်ဆုမြိုင်၊ ဒေါ်ခင်ဝင်းသန်း(နေလကျူရှင်)၊ ဦးအောင်ဝင်းထွန်း(နေလကျူရှင်)၊ (ဒေါ်ဖြူဖြူခင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ် ၁၀ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၄-၂၀၁၈ (စနေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဆရာမ ဒေါ်ခင်ခင်အေး (၈၄)နှစ်
**အထက(၁) ဟင်္သာတ၊ အထက(၂) ဒဂုံ၊ အထက-ဗထူး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဟင်္သာလမ်း၊ အမှတ်(၁၅၅/၁)နေ (ဗိုလ်မှူးအောင်တင်-ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး ရွှေမိုး(ငြိမ်း)-ဒေါ်မိုးမမအောင်၊ ဒေါက်တာပြည့်ဖြိုးထွန်း-ဒေါ်မိုးအေးအေး အောင်(UK)၊ ဦးမိုးသူရိန်အောင်-ဒေါ်မိမိသိုက်၊ [ဦးမိုးတေဇာအောင် (နည်းပြ-မန္တလေးကွန်ပျူတာတက္ကသိုလ်)]တို့၏မိခင်၊ ရဲတေဇ(ခ) Daniel (Head of Project Coordination Amara Communications Co., Ltd)၊ ဧကရီရွှေမိုးအောင် (Creative Lead, Yoma Bank)၊ ဒေါက်တာအေးမြတ်မြတ်ဖြိုး(UK)၊ ဝင်းမြတ်မြတ်ဖြိုး (Landscape Architect-UK)၊ သူရိန်မောင်မောင်သိုက် (METRO IT & Japanese Language Centre)တို့၏အဘွား၊ မောင်သူရမိုးအောင်၏ဘွားဘွားကြီး ဒေါ်ခင်ခင်အေးသည် ၆-၄-၂၀၁၈ ရက် နံနက် ၁၁း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၈ ရက်တွင် ဟင်္သာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ သားသမီး/မြေးမြစ်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းသိန်း(ခ)ဒေါ်ဘိုမ (၈၃)နှစ်

သိမ်ကြီးဈေး(B)ရုံ၊ ဆိုင်အမှတ်(၃၈၄)နှင့် အမှတ် (၂၉၊ ၃၄)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကောက်)၏ချစ်လှစွာသောဇနီး၊ ဦးလှဝင်း-ဒေါ်ခင်စန်းရီ၊ ဦးလှမြင့်-ဒေါက်တာနုနု၊ ဦးတင်ရွှေ-(ဒေါ်ချယ်ရီ)၊ (ဒေါ်ပြုံးပြုံး)၊ ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးစိန်ဝင်း-ဒေါ်ညွန့်ညွန့်ရီ၊ ဦးဇော်ဇော်ဝင်း-ဒေါ်သန္တာဦး၊ ဦးအောင်အောင်ဝင်း-ဒေါ်ခင်နှင်းအေး၊ ဦးသိန်းစိုး-ဒေါ်သန်းသန်းထွေး(U.S.A)၊ ဒေါ်ချောစုလှိုင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၇-၄-၂၀၁၈ (စနေနေ့) ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စောသာ(မြောက်ဦး/စစ်တွေ)
## အသက် (၉၅)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ သံရှင်ပြင်ကျေးရွာနေ (ဦးချစ်လှ-ဒေါ်နန်းဦး)တို့၏သမီး၊ ဦးကျော်ဇောအောင်-ဒေါ်မယဉ်ဦးတို့၏ အစ်မ၊ မင်းပြားမြို့နယ်၊ မြောင်းဘွေကျေးရွာနေ ဦးစောထွန်းကျော်-ဒေါ်ခင်အေးတို့၏ မိခင်၊ စစ်တွေမြို့နေ ဦးစံသာကျော်-ဒေါ်သန်းတင်ဦး၊ နေပြည်တော်နေ ဦးကျော်သောင်း(ဒုတိယညွှန်ကြားရေးမှူး၊ ထွေ/အုပ်)-ဒေါ်ညို၊ USA နေ ဦးအေးကျော်-ဒေါ်စန်းစန်းဝေ၊ စစ်တွေမြို့နေ ဦးစံဝင်း၊ USA နေဒေါ်အေးမြသန်း၊ရန်ကုန်မြို့နေ ဦးစိုးဝင်း၊ USA နေ ဦးထွန်းဝင်း-ဒေါ်လေးလေးနွယ်တို့၏အဒေါ်၊ မြေး ၂၂ ယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏အဖီးရှင်သည် ၈-၄-၂၀၁၈ ရက် နံနက် ၁၀း၂၀ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်း ငွေးကြွယ် (က)ရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၁၂)၊ ၃(က) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ပီးပီ(ခ)ဒေါ်နီးရီ
**အဖီးမူကြီ(ဒယ်စု၊ တောင်ငူ)**
## အသက် (၈၄) နှစ်

ဦးကီးကယ်-ဒေါ်မိုနဲနဲတို့၏သမီးကြီး၊ (ဦးလျှံထန်းငါး)၏ဇနီး၊ ဘုန်းတော်ကြီးရွှေမြ-ဒေါ်စေးရာမြ၊ (ဦးရော်ဘင်ထန်းငါး-မဝါဝါ)၊ (ဦးစောအေးဖိုး-ဒေါ်မေရီနားမူ)၊ (ဦးမောင်မောင်သန်း)-နန့်နှင်းနွယ်လေး၊ ဦးမိကီမောင်မောင်တင်-ဒေါ်လားဒီးနီး၊ ဦးဒေးဗစ်ထန်းငါး-ဒေါ်ဆန်းမျိုးအိတို့၏ ချစ်လှစွာသောအမိုး၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဖီးဖီးကြီးသည် ၇-၄-၂၀၁၈ ရက် ည ၈း၅၀ နာရီတွင် အမှတ်(၁၉၆)၊ ကျွန်းတောလမ်း၊ စိန်မေရီဝင်း၊ စမ်းချောင်းနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရှင်မိကျေလ ဘုရားကျောင်း၌ဝတ်ပြုပြီး ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး အသိမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း (မြင်းခြံ)
**(BE-EP,1968)**
**ဒု-စက်ရုံမှူး (ငြိမ်း)**
**မန်းသံပုရာကန်-ရေနံချက်စက်ရုံ**
## အသက် (၇၇) နှစ်

မြင်းခြံမြို့နေ (ဦးဘိုနီ-ဒေါ်အေးချို)တို့၏ သား၊ နတ်မောက်မြို့နေ (ဒေါ်ကြည်ကြည်ဆွေ)၏ ခင်ပွန်း၊ မခင်သူထွန်း (Kumagai Gumi Co., Ltd)၊ မောင်အောင်မင်းထွန်း(Kumagai Gumi Co., Ltd) - မအိစန္ဒာဦး (န. တ. လ-နေပြည်တော်)တို့၏ဖခင် ဦးတင်ထွန်းသည် ၈-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၂/ရပ်ကွက်၊ သီရိ ၅ လမ်း၊ အမှတ် ၉၁/ခ၊ မြေညီထပ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ငွေး
## အသက် (၆၃)နှစ်
**အတွင်းရေးမှူး၊ပြည်လုံးချမ်းသာမဟာဝိဇ္ဇုကစေတီတော်**

လမ်းမတော်မြို့နယ်၊ပြည်လုံးချမ်းသာမဟာဝိဇ္ဇုကစေတီတော်စောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး၊လမ်းမတော်မြို့နယ်၊မြို့နယ်ပရိယတ္တိထောက်ပံ့ရေးကော်မတီဝင် ဦးမောင်မောင်ငွေး(ဘ)ဦးအောင်ချမ်းသည်၈.၄.၂၀၁၈ (တနင်္ဂနွေနေ့) နံနက် (၄း၄၀)နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်လုံးချမ်းသာမဟာဝိဇ္ဇုကစေတီတော်
စောင့်ရှောက်ရေးအဖွဲ့၊လမ်းမတော်မြို့နယ်

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှရွှေ(ကတိုး၊ ကော့နှပ်)
## အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ကျော်ဇောလမ်း၊ အမှတ်(၁၉)နေ (ဦးစံထွန်း-ဒေါ်မြရှိန်)တို့၏သား၊ ဒေါ်ခင်စိန်၏ ခင်ပွန်း၊ ဦးငွေအောင်-ဒေါ်ခင်လှမွန်၊ ဦးမောင်မောင်လှိုင် (AGD Bank-ဖောင်ကြီး)၊ ဦးအောင်ဆန်းဝင်း-ဒေါ်အိအိမွန်တို့၏ ဖခင်၊ မောင်ကောင်းဆက်ဟိန်း (KMD-institute)၊ မယွန်းရှုပါအောင် (Grade VIII၊ အထက-၂၊ ဗဟန်း)၊ မောင်သီဟနိုင်တို့၏အဘိုးသည် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်ထွန်းဦး (၇၉)နှစ်
**(အထက်တန်းကျောင်း အုပ်ဆရာကြီး-ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ကိုးပင်ကျေးရွာနေ (ဦးဘသင်း-ဒေါ်အေးခိုင်)တို့၏သား၊ ဒေါ်ကိုင်းတင်၏မောင်၊ သံတွဲမြို့၊ ငပလီနေ ဒေါ်ဖြူဖြူ၏ခင်ပွန်း၊ ဒေါ်မေသက်ထွန်း(ဦးစီးအရာရှိ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)၏ ချစ်လှစွာသောဖခင်၊ မောင်ဟိန်းထက်၏ ချစ်လှစွာသော အဘိုး ဦးစိန်ထွန်းဦးသည် ၈-၄-၂၀၁၈ ရက် နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သိန်း(အထက-ဇီးကုန်း)
## အသက် (၇၂) နှစ်

ဇီးကုန်းမြို့၊ (၄)ရပ်ကွက်၊ ဘုရားလမ်းနေ (ဦးအေး-ဒေါ်ခင်လှိုင်)တို့၏ သမီးချွေးမ၊ (ဦးသာလှိုင်-ဒေါ်စိန်အေး)တို့၏သမီး၊ (ဦးတင်ဝင်း)၏ ဇနီး၊ ကိုဇော်ရှင်း-မမေသူ၊ ကိုမောင်မောင်မြင့်-မမေသန္တာ၊ ကိုတင်ထွန်းအောင်-မစုစုထွေးတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၅-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းအမကြီး
## ဒေါ်မြနွဲ့ (၆၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မာန်ပြေ (၂၁)လမ်း၊ (၃) ရပ်ကွက်၊ အမှတ် (၁၃၄၈/က)နေ (ဦးသိန်းအောင်-ဒေါ်စောမြင့်)တို့၏ သမီးကြီး၊ ဒေါ်တင်အုံး(YCDC)၏ အစ်မကြီး၊ ဦးစိုး(မြေစာရင်း-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကိုနေလင်း-မဇင်မွန်စိုး၊ ကိုဝင်းထက်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်လျှမ်းထက်အောင်၏အဘွားသည် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သင်းသင်းဦး (၅၄)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်နေ (ဦးသိန်းမြင့်-ဒေါ်စန်းရီ)တို့၏သမီး၊ အင်းစိန်မြို့နယ်နေ ဦးလှမြင့်-ဒေါ်ရီရီတို့၏သမီးချွေးမ၊ ဒေါ်ငွေငွေ၏တူမ၊ Capt: ဦးစိုးမြင့်လတ်၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာကေသရီစိုး၊ မစိမ့်စမ်းရည်စိုးတို့၏ချစ်လှစွာသောမိခင်၊ ဦးမိုးမြင့်ဦး (3/E)-ဒေါ်ဥမ္မာမိုးတို့၏ညီမ၊ ဒေါက်တာကျော်မြင့်ငယ်-ဒေါ်ဝါဝါသန်း၊ ဒေါက်တာအောင်အောင်ထွန်း-ဒေါက်တာအေးမြင့်ထွေး၊ ဒေါ်မြင့်မြင့်အေး (ပါရမီဆေးရုံ)တို့၏ ချစ်လှစွာသောအစ်မ ဒေါ်သင်းသင်းဦးသည် ၇-၄-၂၀၁၈ (စနေနေ့) ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပရမာဝုဓ
## သိက္ခာတော် (၇၀)ဝါ၊ သက်တော် (၉၀)
**ရေကြည်မြို့နယ်၊ သံဃနာယကဩဝါဒါစရိယ(မူလဒွါရ)**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းရွာ မဟာဝိဇိတာရုံ(ကမ်းနား)ကျောင်းတိုက်၏ ပဓာန နာယကသက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တပရမာဝုဓ အရှင်သူမြတ်သည် (၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်) ၇-၄-၂၀၁၈ ရက် ည ၉း၄၀ နာရီတွင် သီတင်းသုံးရာကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်) ၁၃-၄-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပ မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ
မဟာဝိဇိတာရုံကျောင်း ဘုရားကုန်းရွာ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုမန (ခရမ်းမြို့နယ်၊ ငှက်ပျောတောကျေးရွာ)
## သိက္ခာတော် (၅၀)ဝါ၊ သက်တော် (၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ကျောင်းကြီးကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တသုမနသည် (၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်) ၇-၄-၂၀၁၈ (စနေနေ့) နံနက် ၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်) ၉-၄-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးကြီးညွှန့်(ငြိမ်း)၊ ကပစ-၆ (၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားအလယ်စုကျေးရွာနေ (ဦးမောင်ခင်-ဒေါ်အုံး)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၂၁)နေ (ဒေါ်အမာတင်)၏ခင်ပွန်း၊ ဦးတင်အောင်ဇော်-ဒေါ်တင်မာညွန့်၊ ဦးတင်အောင်သိန်း-ဒေါ်သီတာစိမ်း၊ ဒေါ်ယဉ်ယဉ်ညွန့် (တ/ဥက္ကလာ၊ ထွေ/အုပ်)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီး ဗိုလ်ကြီးကြီးညွှန့်သည် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဆရာမဒေါ်ခင်ခင်အေး (၈၄)နှစ်
**အထက(၁) ဟင်္သာတ၊ အထက(၂) ဒဂုံ၊ အထက-ဗထူး**

ဟင်္သာတမြို့နေ [ဦးအေးတင်-ဒေါ်အုံးရင်(တော်ဝင်ရတနာရွှေဆိုင်)] တို့၏သမီး၊ ပဲခူးမြို့နေ (ဦးဘချော-ဒေါ်မြရင်)တို့၏ သမီးချွေးမ၊ (ဗိုလ်မှူးအောင်တင်-ငြိမ်း)၏ဇနီး၊ (ဦးထွန်းချစ်-ဒေါ်ခင်ရွှေ)၊ (ဦးအေးကြည်-ဒေါ်ခင်သန်း)တို့၏ ညီမ၊ (ဦးထွန်းအောင်ကျော်)-ဒေါ်ခင်လေးဆွေ၊ အရာခံဗိုလ်သက်ထွန်း(ငြိမ်း)-ဒေါ်သိန်းကြည်၊ (ဦးဘဆန်း)-ဒေါ်ငွေငွေရီ၊ (စန္ဒယားတင်မောင်ကြည်)-ဒေါ်ဝင်းပပတို့၏အစ်မ ဒေါ်ခင်ခင်အေးသည် ၆-၄-၂၀၁၈ ရက် နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ဟင်္သာလမ်း၊ အမှတ်(၁၅၅/၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၈ရက်တွင် ဟင်္သာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

## ဦးမောင်မောင်ငွေး (၆၃)နှစ်
**အတွင်းရေးမှူး(အလောင်းတော်ကဿပဘက်စုံဖွံ့ဖြိုးရေးအကျိုးဆောင်အဖွဲ့)**

ရန်ကုန်မြို့၊ အမှတ် (၈၂၁)၊ မဟာဗန္ဓုလလမ်း၊ (၁၀) လမ်းထိပ်၊ လမ်းမတော်မြို့နယ်နေ (ဦးအောင်ချမ်း-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးအုန်းမြင့်-ဒေါ်နှင်းစိန်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ ဒေါ်မေကြည်မြင့် (အထက-၁၊ ဒဂုံ-ငြိမ်း)၊ (ဦးခင်မောင်ငြိမ်း)-ဒေါ်တင်တင်ဝင်း တို့၏ညီ/ မောင်၊ ဦးညိုထွန်း-ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကို၊ ကိုအောင်ဇော်ထိုက်-မသီရိအောင်တို့၏ဖခင်သည် ၈-၄-၂၀၁၈ ရက် နံနက် ၄း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင့်မောင်(သန်လျင်) (၆၃)နှစ်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ဒုရဲအုပ်သင်တန်းအမှတ်(၁၅)**

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၂၈၀)၊ အခန်း(၈)နေ [ဦးငွေးမောင် (ဒု-ရဲမှူးကြီး၊ ငြိမ်း၊ သတင်းတပ်ဖွဲ့)-ဒေါ်သန်းမြင့်]တို့၏သား၊ (ဦးခင်မောင်-ဒေါ်တင်အေး)တို့၏ သားသမက်၊ သန်လျင်မြို့၊ အောင်မြင့်မိုရ်လမ်း၊ တိုက်(၅)၊ အခန်း(၉)နေ ဒေါ်ခင်စောယု(မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း၊ ရုံးချုပ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင်ခန့် (ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့)၏ချစ်လှစွာသောဖခင်၊ ဦးမျိုးဝင်း (လက်ထောက်ဌာနမှူး-ငြိမ်း၊ မြို့တော်စည်ပင်)-ဒေါ်အေးအေးသိန်း(ဆည်/မြောင်း-ငြိမ်း)၊ ဦးအေးလွင် (KMO Co., Ltd)-ဒေါ်အေးအေးငွေး(စ. စ. စ-ငြိမ်း)တို့၏ ညီ/မောင်၊ ဒေါ်သင်းသင်းနွယ်(ဆည်/မြောင်း)၊ ဦးဝင်းလှိုင်-ဒေါ်ခင်ဆန်းဝင်း၊ ဦးမြင့်နိုင်-ဒေါ်ဥမ္မာခင်၊ ဦးသက်လွင်-ဒေါ်ရီရီခင်၊ (ဦးချစ်မောင်မောင်)-ဒေါ်အေးအေးဝင်း တို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး ဦးအောင်မြင့်မောင်သည် ၈-၄-၂၀၁၈ ရက် နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ် ပန်းဝင်ခြင်း ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၈**

ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ကော့သောင်းမြို့မှ ရန်ကုန်မြို့အထိ မိုင်ပေါင်း ၉၂၀ ဖြတ်သန်းခဲ့သည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ် ပန်းဝင်ခြင်း ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပန်းဝင်လာသည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့က သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

"ဖြတ်သန်းခဲ့တဲ့ ခရီးစဉ်တစ်လျှောက်မှာ မျှော်မှန်းထားတာထက် ပိုပြီးတော့ ပြည်သူလူထုက ငြိမ်းချမ်းရေးမှာ ပါဝင်ချင်တယ်ဆိုတာ တွေ့ရတယ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အပြည့်အဝ မအောင်မြင်သေးတဲ့အတွက် ကျွန်တော်တို့အဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုကို ဆက်တိုက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့မှ သတင်းပြန်ကြားရေးတာဝန်ခံ စာရေးဆရာ ဇေယျာမင်းထင် (ခ) ဦးခင်မောင်မြင့်က ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်တွင် ကိုယ်အင်္ဂါမသန်စွမ်း နိုင်ငံ့ဂုဏ်ဆောင် နိုင်ငံ့လက်ရွေးစင်အားကစားသမား ၁၀ ဦးတို့က Wheel Chair ဖြင့် ပါဝင်ခဲ့ပြီး ခဝဲခြံမျက်မမြင်ကျောင်းမှ ဂီတအနုပညာရှင်များ၊ ပြင်ပမှ အနုပညာရှင်များ၊ ငြိမ်းချမ်းရေးတွဲလက်များတွင် ပါဝင်သည့် အဖွဲ့အစည်းများက အားဖြည့်ကူညီခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**



မိုင်ပေါင်း ၉၂၀ ဖြတ်သန်းပြီး ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့သို့ ပန်းဝင်လာသည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair အဖွဲ့အား တွေ့ရစဉ်။



# မြန်မာ-ထိုင်း လက်ဝှေ့ပွဲ အဓိကတွဲဆိုင်းများ သရေရလဒ်သာ ထွက်ပေါ်

**ရန်ကုန် မေ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ကျင်းပရာ အဓိကတွဲဆိုင်းများဖြစ်သည့် စိုးလင်းဦး(မြန်မာ)နှင့် ဝီဂျစ်(ထိုင်း) တွဲဆိုင်း၊ ရဲသွေးနီ(မြန်မာ)နှင့် ခွမ်ဖစ်(ထိုင်း)တို့ တွဲဆိုင်းမှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

စိုးလင်းဦးနှင့် ဝီဂျစ်တို့ပွဲစဉ်မှာ သုံးကြိမ်မြောက် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး ပထမ နှစ်ကြိမ်တွင်လည်း သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။ ကရင်လေး(မြန်မာ)က ဘန်ဒါဆတ်(ထိုင်း)ကို ပွဲစဉ်တစ်လျှောက် အသာစီးရထိုးသတ်နိုင်ခဲ့ပြီး ဒုတိယအချီတွင် ဘန်ဒါဆတ် အနားတောင်းခဲ့ရသည်။ စတုတ္ထအချီတွင် ကရင်လေးက အလဲထိုးအနိုင်ရရှိခဲ့သည်။

ပြည်တွင်း ငါးချီစိန်ခေါ်ပွဲတွင် ထွန်းတောက်ကြယ်(မုဒုံစတား)က ကျော်လင်းထူး(ရွှေသထုံ)ကို တတိယအချီတွင် အနိုင်ရရှိပြီး ဒေါင်းဖြူလေး (Adventure)နှင့် ကျော်နိုင်(တိုက်ဂါး)တို့ပွဲ၊ သွေးသစ်မောင် (အဖြူရောင်သွေးသစ်)နှင့် ကျော်ဇင်လတ်(ရွှေသထုံ)တို့ တွဲဆိုင်းမှာ ပူးတွဲသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ပြည်တွင်းသုံးချီစိန်ခေါ်ပွဲတွင် ဆွေထွန်းအောင်(တိုက်ဂါး)နှင့် စောထွန်းနိုင် (အဖြူရောင်သွေးသစ်)တို့ပွဲစဉ်နှင့် လေးချီစိန်ခေါ်ပွဲ တွဲဆိုင်းအဖြစ် ထိုးသတ်သည့် သိန်းစိုး(အဖြူရောင်သွေးသစ်)နှင့် အောင်နေထူး(ဒို့ရိုးရာ)တို့ပွဲမှာ ပူးတွဲသရေဖြင့်သာ ပြီးဆုံးခဲ့သည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မကွေး၊ ရောဝတီနှင့် ရခိုင်အသင်း နိုင်ပွဲပြန်လည်ရရှိပြီး စစ်ကိုင်းနှင့် မြဝတီအသင်း ရှုံးနိမ့်

**ရန်ကုန် မေ ၈**

၂၀၁၈ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ မကွေး၊ ရောဝတီနှင့် ရခိုင်အသင်းတို့ နိုင်ပွဲပြန်လည်ရရှိပြီး တန်းတက်နှစ်သင်းဖြစ်သည့် စစ်ကိုင်းနှင့် မြဝတီအသင်း အဝေးကွင်း၌ ရှုံးနိမ့်ခဲ့သည်။

**(သုဝဏ္ဏကွင်း)**
**မကွေး - တစ်ဂိုး**
**ဇွဲကပင် - ဂိုးမရှိ**

ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း မကွေးအသင်းက ပထမပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ရမှတ် ၂၀ ဖြင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ပြီး ဇွဲကပင်အသင်းမှာမူ သုံးပွဲဆက်အနိုင်ရမည့် အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

မကွေးအသင်းသည် ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး အောင်မြင့်ထွန်းမှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း ရောဝတီအသင်းကို အနိုင်ရခဲ့သည့် လူစာရင်းကို အမာခံထားကာ ပွဲထွက်ခဲ့သည်။ မကွေးအသင်းသည် ပြီးခဲ့သည့်ပွဲတွင် GFA အသင်းကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့သောကြောင့် ယခုပွဲကို စနစ်တကျပြင်ဆင်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၁၉ မိနစ်တွင် မကွေးအသင်း တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး နိုင်နိုင်ကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ဇွဲကပင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း မကွေးခံစစ်ပိုင်း အမှားမရှိခဲ့သောကြောင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။ ဇွဲကပင်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်အားမြင့်လာသလို

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ❍**



မကွေးနှင့် ဇွဲကပင်အသင်း ယှဉ်ပြိုင်နေစဉ်။

iGREEN မှ PAE ဖြင့် ဆောက်လုပ်ပေးမည်

09784060602

website : www.igreendeveloper.com
Email : igreen.qs6@gmail.com

ကြေးမုံ
အထူးကဏ္ဍ
မေ ၉၊ ၂၀၁၈ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# လေလွင့်ပြုန်းတီးမှု၊ ပျက်စီးဆုံးရှုံးမှုနဲ့ မသမာမှုတွေကို စစ်ဆေးဖော်ထုတ်ဖို့ ...

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တွေ့ဆုံမေးမြန်းခြင်း

● တွေ့ဆုံမေးမြန်း - သူရဇော်၊ ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)

**ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူများ၏ အခွန်ငွေများကို စနစ်တကျအသုံးပြုခြင်း ရှိ၊ မရှိ အဓိက ကြပ်မတ်ထိန်းသိမ်းပေးနေသည့် လွတ်လပ်သော စာရင်းစစ်ချုပ်၏ အခန်းကဏ္ဍသည် ဒီမိုကရေစီစနစ်၏ မရှိမဖြစ် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်တွင် ပါဝင်သည်။ ထိုသို့အရေးကြီးသော အစိတ်အပိုင်းတွင်ပါဝင်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ နှစ်နှစ်တာကာလအတွင်း ခေတ်စနစ်၏ လိုလားချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

**မေး။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ အခုလုပ်ကိုင်ဆောင်ရွက်နေမှုများနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ယခင်ကဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းနဲ့ လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းတွေကိုသာ ဆောင်ရွက်ခဲ့ရာကနေ ဒီနှစ်နှစ်တာကာလအတွင်းမှာ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းကိုပါ တိုးချဲ့ဆောင်ရွက်လာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ တာဝန်ပေးချက်အရ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းတွေကိုလည်း ၂၀၁၇ ခုနှစ် ဇွန်လမှစပြီးတော့ စစ်ဆေးခဲ့ပါတယ်။ ချေးငွေနဲ့ ဆောင်ရွက်တဲ့ ပြည်ထောင်စုဝန်ကြီးဌာန ရှစ်ခုရဲ့ ၂၀၁၅-၂၀၁၆ နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွေအတွင်း ပြည်ပအဖွဲ့အစည်းများထံမှ ချေးငွေ၊ ထောက်ပံ့ငွေနဲ့ဆောင်ရွက်တဲ့ စီမံကိန်းလုပ်ငန်းတွေကိုလည်း စစ်ဆေးခဲ့ပါတယ်။ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေရဲ့ သဘောထားမှတ်ချက် ညှိနှိုင်းတောင်းခံမှုများကိုလည်း ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ပေးပြီး ဝန်ကြီးဌာန ၁၈ ခုအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၂၀၃ စောင်နဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ၁၁၉ စောင် ပြန်ကြားပေးနိုင်ခဲ့ပါတယ်။

**မေး။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနဲ့ အခြားစာရင်းဆိုင်ရာဥပဒေများ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကိုလည်း သိလိုပါတယ်။**

**ဖြေ။** ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ စီမံဆောင်ရွက်ရတဲ့ ဥပဒေများကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနဲ့ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုဥပဒေတို့ ဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှာ ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ နဲ့ ပြင်ဆင်ခဲ့ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ကို ခန့်အပ်ရတဲ့ရည်ရွယ်ချက်အနေနဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၅ မှာ ယခင်က နိုင်ငံတော်၏ အရအသုံးစာရင်းများစစ်ဆေးရန်လို့သာ ပြဋ္ဌာန်းထားပေမယ့် ပြင်ဆင်တဲ့ဥပဒေမှာ နိုင်ငံတော်၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများလို့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ မူလက ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ တာဝန် ၁၂ ရပ်သာရှိခဲ့ရာမှ ယခုအခါ တာဝန် ၂၇ ရပ်ရှိလာပြီ ဖြစ်ပါတယ်။ အဓိကကတော့ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှု၊ ပျက်စီးဆုံးရှုံးမှုနဲ့ မသမာမှုတွေကို စစ်ဆေးဖော်ထုတ်ပြီး ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပိုမိုထိရောက်မှုရှိရန် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်စာရင်းစစ်ချုပ်တွေရဲ့ တာဝန်ကိုလည်း မူလကငါးချက်ကနေ အခု ၁၁ ချက်အထိ တိုးထားပါတယ်။ ထပ်တိုးလာတဲ့ အဓိကအချက်တွေကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်က စစ်ဆေးလိုတဲ့ကိစ္စရပ်များကို စစ်ဆေးရန်၊ ငွေရေးကြေးရေးကိစ္စ၊ စာချုပ်ကိစ္စ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေနဲ့ ဆက်စပ်ဆောင်ရွက်နေတဲ့ ကြွေးမြီ၊ အပ်ငွေ၊ ယာယီစတဲ့ စာရင်းဆိုင်ရာ ရငွေနဲ့ ပေးငွေစာရင်းများ ကိစ္စ၊ ရရန်ပေးရန် ကြွေးများနဲ့ ကုန်ပစ္စည်းများ စစ်ဆေးရန်တို့ပဲ ဖြစ်ပါတယ်။

စာရင်းစစ်အရာရှိများရဲ့ တာဝန်တွေဟာလည်း အရင်ကလေးချက်ကနေ ယခုတစ်ချက်ထပ်တိုးလာပါတယ်။ အဲ့ဒီတိုးလာတာကတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေနဲ့ ဆက်စပ်ဆောင်ရွက်နေတဲ့ ကြွေးမြီ၊ အပ်ငွေ၊ ယာယီစတဲ့ စာရင်းဆိုင်ရာ ရငွေနဲ့ ပေးငွေစာရင်းများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ထိန်းသိမ်းကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးဖို့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အရည်အချင်း ပြည့်ဝတဲ့ စာရင်းစစ်၊ စာရင်းကိုင်များ အရေအတွက် နည်းတဲ့အတွက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(CPA) သင်တန်းတက်ရောက်ခွင့်ဝင်ပေါက်ကို တိုးချဲ့ဖို့အတွက် မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်တဲ့သင်တန်းတွေနဲ့ မလုံလောက်တော့ဘဲ ပုဂ္ဂလိကကျောင်းတွေ ဖွင့်ပေးဖို့၊ ပုဂ္ဂလိက ဆရာ ဆရာမတွေ မှတ်ပုံတင်ဖို့၊ စာရင်းစစ်တွေရဲ့လုပ်ငန်းတွေ ပိုမိုကျယ်ပြန့်လာဖို့ စတာတွေအတွက် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ၂၀၁၅ ခုနှစ်က ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပါ

အထူးကဏ္ဍ [ ခ ] သို့ »»




(၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ညီလာခံကျင်းပစဉ်။



ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့၌ မြို့နယ်စာရင်းစစ်ရုံးဖွင့်ပွဲ ကျင်းပစဉ်။

ဂျာမန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ ကိုယ်စားလှယ်များ ပူးပေါင်းပြီး ငွေရေးကြေးရေးကဏ္ဍရှိ ဘဏ္ဍာရေးအစီရင်ခံမှု ဖွံ့ဖြိုးစေရေးအတွက် ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာ စာရင်းစံများနဲ့အညီ ပြုစုရေးဆွဲရန် ရှေ့ပြေးပုဂ္ဂလိကဘဏ် သုံးခုကို ရွေးချယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။



နေပြည်တော်စာရင်းစစ်ချုပ်ရုံးနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ပညာရပ်ဆိုင်ရာအသုံးအနှုန်းများကို နိုင်ငံတကာ စာရင်းအဖွဲ့အစည်းများ၏ အသုံးအနှုန်းများနှင့် ကိုက်ညီရေး၊ စာရင်းလုပ်ငန်းအမျိုးအစား ပိုမိုပြည့်စုံရေး၊ စာရင်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များ ပိုမိုတိုးတက်စေရေး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆိုင်ရာကော်မတီများသို့ လွှဲအပ်ဆောင်ရွက်နိုင်ရေး၊ ကိုယ်ပိုင်သင်တန်းကျောင်းနှင့် ဆရာများ မှတ်ပုံတင်ခွင့်ပြုရေး၊ အခြားသော တည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေ ဖြစ်စေရေးစတဲ့ အချက်အလက်များ ပြည့်စုံဖို့အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ထပ်မံပြင်ဆင်ဖို့ ဆောင်ရွက်နေပါတယ်။

ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုဥပဒေကတော့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ ယုံကြည်အပ်နှံမှုဥပဒေ စတာတွေမရှိသေးခင် ပြည်သူ့ကိုယ်စားလုပ်တဲ့ စာရင်းကိုင်တွေဆီက အာမခံချက်ရအောင် ပြဋ္ဌာန်းထားတာဖြစ်ပြီး ရှေးကျတဲ့ဥပဒေလည်းဖြစ်၊ ခုနကဥပဒေတွေလည်း ပေါ်လာပြီဖြစ်တာကြောင့် ၂၀၁၇ ခုနှစ်က ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။

**မေး။ ပြည်ထောင်စုစာရင်းစစ်ချုပ်အနေနဲ့ အခြားကော်မတီတွေ၊ ကော်မရှင်တွေမှာ ပါဝင်ဆောင်ရွက်နေမှု ရှိ၊ မရှိ သိပါရစေ။**

**ဖြေ။** ဘဏ္ဍာရေးကော်မရှင်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၊ အမျိုးသားစီမံကိန်းကော်မရှင်၊ စီးပွားရေးရာကော်မတီနဲ့ e-Government ဦးဆောင်ကော်မတီတွေမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေပါတယ်။

**မေး။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာမှာ ဆောင်ရွက်နေမှုအကြောင်း သိလိုပါတယ်။**

**ဖြေ။** ဒီမဟာဗျူဟာကို နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အဖြစ် ကမ္ဘာ့ဘဏ်ချေးငွေ၊ အလှူရှင်များရဲ့ ထောက်ပံ့ငွေနဲ့ ဌာနအဖွဲ့အစည်းခုနစ်ခုက ဆောင်ရွက်နေရာမှာ ကျွန်တော်တို့ရုံးဟာလည်း အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ရရှိတဲ့ရန်ပုံငွေ ၂ ဒသမ ၇၅ သန်းမှာ ချေးငွေ ၆၀ ရာခိုင်နှုန်း၊ ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းဖြင့် လုပ်ကိုင်ဆောင်ရွက်တဲ့အခါ ရုံးအတွက် အထောက်အပံ့ပစ္စည်းတွေ၊ ကိရိယာတွေ၊ ဝယ်ယူတာတွေ ဆောင်ရွက်ပါတယ်။ ဝန်ထမ်းတွေရဲ့ အရည်အချင်းတိုးတက်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ရုံးချုပ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးတွေ ချိတ်ဆက်တဲ့အခါမှာ Data Sharing ပြုလုပ်နိုင်ဖို့အတွက် Mini Data Centre ကို ဝယ်ယူခဲ့ပါတယ်။ သတင်းအချက်အလက်ပို့ဆောင်မှုကောင်းမွန်မှ ပြည်သူရဲ့အကျိုးစီးပွားဟာ ပိုပြီးတော့တိုးတက်လာမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဌာနတွေကလည်း ပြည်သူရဲ့လိုအပ်ချက်ကို တုံ့ပြန်ဖြည့်ဆည်းတဲ့အခါမှာ ကောင်းမွန်မှာဖြစ်ပါတယ်။

နိုင်ငံတကာစာရင်းစစ် စံများနဲ့အညီ မြန်မာနိုင်ငံက ကျင့်သုံးနေတဲ့စနစ်ကို ဆီလျော်ညီညွတ်စေဖို့အတွက် ပြုပြင်ရေးများဆောင်ရွက်ခြင်း၊ စာရင်းစစ်ဆေးမှု အရည်အသွေးစွမ်းရည်ပြည့်ဝမှုနဲ့ ထိရောက်မှုများကို ကျယ်ပြန့်စွာ မြှင့်တင်ခြင်းတို့အပြင် ကွန်ပျူတာအကူအညီနဲ့ စစ်ဆေးတဲ့ နည်းပညာ (Computer Assisted Audit Technique) များ အသုံးပြုပြီး စာရင်းစစ်ဆေးမှု အဆင့်အတန်းတိုးမြှင့်ဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**မေး။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိရင် ပြောပြပေးပါဦး။**

**ဖြေ။** နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ ASEAN Federation of Accountants (AFA)၊ ADB လို့ခေါ်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ GIZ လို့ခေါ်တဲ့ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ နော်ဝေစာရင်းစစ်ချုပ်ရုံး စတာတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

ADB နဲ့ ပူးပေါင်းပြီး နိုင်ငံတကာစာရင်းစစ်စံ(ISSAI)ကို အခြေပြုရေးဆွဲထားတဲ့ Financial Audit Manual မှာ ပါဝင်တဲ့ အချက်များနှင့်အညီ စစ်ဆေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ လူမွဲခံယူခြင်းဥပဒေ (Insolvency Act) ပြင်ဆင်ရေးအတွက် ADB နှင့် မြန်မာနိုင်ငံစာရင်းကောင်စီတို့ ပူးပေါင်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ရဲ့ အကူအညီနဲ့ မြန်မာနိုင်ငံရှိ အများပြည်သူ အကျိုးစီးပွားပါဝင်သည့် အဖွဲ့အစည်းများ၏ စာရင်းနှင့် စာရင်းစစ်စံများ၊ ကျင့်ထုံးများနှင့် ကော်ပိုရိတ်ဘဏ္ဍာရေး အစီရင်ခံမှုစနစ်ကို ပံ့ပိုးပေးနိုင်တဲ့ အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို အလေးထားဖော်ပြထားတဲ့ Report on Observance of Standards and Codes (ROSC) စံချိန်စံညွှန်းများနှင့် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ(စာရင်းနှင့် စာရင်းစစ်ကဏ္ဍ A&A) ကို ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့ ပူးပေါင်းပြီး လိုက်ပါဆောင်ရွက်နေပါတယ်။

နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍ လိုအပ်ချက်တွေအပေါ် သူတို့ရဲ့ အကြံပြုချက်တွေဟာ ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ထားတာကြောင့် ကျွန်တော်တို့အနေနဲ့ မေ့လျော့ထားလို့ မဖြစ်ပါဘူး။ အဲဒီအကြံပြုချက်တွေကို လိုက်နာဆောင်ရွက်ဖို့ လုပ်ငန်းစီမံချက်ရေးဆွဲပြီး ကြီးကြပ်ကော်မတီ ဖွဲ့စည်းဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။

ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ ကိုယ်စားလှယ်များ ပူးပေါင်းပြီး ငွေရေးကြေးရေးကဏ္ဍရှိ ဘဏ္ဍာရေးအစီရင်ခံမှု ဖွံ့ဖြိုးစေရေးအတွက် ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာစာရင်းစံများနဲ့အညီ ပြုစုရေးဆွဲရန် ရှေ့ပြေးပုဂ္ဂလိကဘဏ် သုံးခုကို ရွေးချယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံ

အထူးကဏ္ဍ [ ဂ ] သို့ »»»




အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

များ(IFRS)ကို ဘယ်အတိုင်းအတာထိ လိုက်နာနေတယ်ဆိုတာကို စစ်တမ်းကောက်ခဲ့ပါတယ်။ Pilot Banks သုံးခုအပြင် ကျန်တဲ့ ငွေရေးကြေးရေးကဏ္ဍ၊ ငွေရေးကြေးရေးအဖွဲ့အစည်းတွေအားလုံးက လိုက်နာရန် ဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍစစ်ဆေးခြင်းတွေကို ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ စစ်ဆေးခြင်းစတဲ့ စစ်ဆေးခြင်းအမျိုးအစားမျိုးစုံဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်ပေးရန် ရည်ရွယ်၍ နော်ဝေစာရင်းစစ်ချုပ်ရုံးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ၂၀၁၆ ခုနှစ်မှာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း (Compliance Audit)နဲ့ ပတ်သက်လို့ နိုင်ငံတကာ စာရင်းစစ်စံ(ISSAI)နဲ့အညီ ဆောင်ရွက်ဖို့ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပြီး စမ်းသပ်လုပ်ဆောင်နေပါတယ်။ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit) အတွက် နော်ဝေနိုင်ငံရဲ့ အတွေ့အကြုံတွေကို သိရှိနိုင်အောင် အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပေးနေပါတယ်။

Audit Management System (AMS) စနစ်တစ်ခု အကောင်အထည်ဖော်နိုင်ရေးအတွက် နော်ဝေနဲ့ပူးပေါင်းပြီး Audit Management System Workshop ကို ကျင်းပခဲ့ရာမှာ Audit Process Mapping ရေးဆွဲခြင်းနဲ့ Audit Flow ရေးဆွဲခြင်းတို့ကို အပြန်အလှန် ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

**မေး။ ရုံးတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပုံများကို ရှင်းပြပေးပါ။**

**ဖြေ။** ကမ္ဘာ့ဘဏ်ရဲ့ ကူညီထောက်ပံ့ငွေနဲ့ သုံးစွဲပြီး နိုင်ငံတကာ နိုင်ငံပိုင်ကဏ္ဍစာရင်းစံ (IPSAS) သင်တန်းပေးခဲ့ရာမှာ မိမိရုံးဝန်ထမ်းများသာမက တခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများပါ ပါဝင်ခဲ့ပါတယ်။ ဝန်ထမ်းတွေ အရည်အချင်းတိုးတက်ဖို့ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းတွေလည်း ပေးနေပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ ဥပဒေက ပေးအပ်တဲ့တာဝန်များ ပိုမိုများပြားလာတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးဖို့ အဓိကလိုအပ်ချက်အဖြစ် စီမံကိန်း (Project) တွေ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ နိုင်ငံပိုင်ပစ္စည်းတွေကို စစ်ဆေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု (Human Resources Management) စီမံကိန်းစီမံခန့်ခွဲမှု (Project Management) ရရန်ပိုင်ခွင့်စီမံခန့်ခွဲမှု (Assets Management) ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးဖို့ ရှိပါတယ်။

**မေး။ မြန်မာနိုင်ငံ စာရင်းကောင်စီရဲ့ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** မြန်မာနိုင်ငံစာရင်းကောင်စီ (MAC) မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဟာ ဥက္ကဋ္ဌဖြစ်ပါတယ်။ မြန်မာနိုင်ငံစာရင်းကောင်စီအနေနဲ့ အဓိကအားဖြင့် ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ စာရင်းလုပ်ငန်း လုပ်ကိုင်သူတွေကို ကြီးကြပ်လမ်းညွှန်အကြံပေးဖို့ တာဝန်ရှိပါတယ်။ စာရင်းစစ်နဲ့ စာရင်းကိုင်တွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဒီပလိုမာစာရင်းကိုင်(DA)သင်တန်းနဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) သင်တန်းတွေ ဖွင့်လှစ်ပေးနေပါတယ်။ မြန်မာနိုင်ငံမှာ အရည်အချင်းပြည့်ဝတဲ့ စာရင်းပညာရှင် ၁၂၀၉ ဦးသာရှိတာကြောင့် သင်တန်းဝင်ပေါက်ကို တိုးချဲ့ပေးတဲ့အတွက် တိုးလာမယ့် သင်တန်းသားတွေအတွက် ပုဂ္ဂလိကကျောင်းတွေကို ဖွင့်လှစ်ခွင့်ပေးခဲ့ပါတယ်။ အဲဒီကျောင်းတွေမှာ သင်ကြားမယ့်ကထိက ဆရာတွေကိုလည်း အရည်အချင်းစစ်ပြီး ခွင့်ပြု ပေးခဲ့ပါတယ်။

**မေး။ စာရင်းနဲ့ စာရင်းစစ်စံများနဲ့ ပတ်သက်လို့ အပြောင်းအလဲရှိရင်လည်း သိလိုပါတယ်။**

**ဖြေ။** စာရင်းနဲ့ စာရင်းစစ်စံတွေမှာ ပုဂ္ဂလိကကဏ္ဍနဲ့ နိုင်ငံပိုင်ကဏ္ဍစံများဆိုပြီး ရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာ နိုင်ငံတကာစံဖြစ်တဲ့ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ (IFRS) ကို ၂၀၁၀ ပြည့်နှစ်မှာ မြန်မာမှုပြုပြီး မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံများ (MFRS)ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ ဒီစံတွေကလည်း အစဉ်အမြဲပြောင်းလဲနေပါတယ်။ အပြောင်းအလဲနဲ့ တစ်ပြေးညီရှိလာအောင် မြန်မာနိုင်ငံစာရင်းကောင်စီနဲ့ IFRS Foundation Corporation တို့ သဘောတူစာချုပ်ချုပ်ဆိုပြီး Open License Agreement ပြုလုပ်ထားပါတယ်။

သူတို့လုပ်ထားတာကို ဘာမှပြောင်းလဲမှုမရှိဘဲနဲ့ ကျွန်တော်တို့ကအမြဲတမ်း လိုက်ပါဆောင်ရွက်နိုင်တဲ့ ပုံစံမျိုးဖြစ်ပါတယ်။ ဒါအတွက်လည်း အမိန့်ကြော်ငြာစာထုတ်ပြန်ဖို့ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ IFAC လို့ခေါ်တဲ့ နိုင်ငံတကာစာရင်းကိုင်များအသင်းချုပ်ကလည်း ပုဂ္ဂလိကကဏ္ဍမှာ စာရင်းစစ်ဆေးခြင်းနဲ့ပတ်သက်လို့ နိုင်ငံတကာစာရင်းစစ်စံများ(ISA)ကို ထုတ်ပြန်ထားတာရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာရှိတဲ့ စာရင်းစစ်တွေအနေနဲ့ ဒါတွေကို သိရှိကျွမ်းကျင်နေဖို့ လိုအပ်ပါတယ်။ နိုင်ငံပိုင်ကဏ္ဍမှာလည်း ISSAI လို့ခေါ်တဲ့ စာရင်းစစ်စံတွေနဲ့ ညွှန်ကြားချက်တွေရှိပါတယ်။ ISA တို့ ISSAI တို့ကတော့ IFRS နဲ့စာရင် အပြောင်းအလဲ နည်းပါတယ်။ သို့သော်လည်း အဲဒီအပြောင်းအလဲနဲ့အညီ

အထူးကဏ္ဍ [ ဃ ] သို့ »»»

မြန်မာနိုင်ငံမှာ အရည်အချင်း ပြည့်ဝတဲ့ စာရင်းပညာရှင် ၁၂၀၉ ဦးသာ ရှိတာကြောင့် သင်တန်း ဝင်ပေါက်ကို တိုးချဲ့ ပေးတဲ့အတွက် တိုးလာမယ့် သင်တန်းသားတွေ အတွက် ပုဂ္ဂလိကကျောင်းတွေကို ဖွင့် လှစ်ခွင့်ပေးခဲ့ပါတယ်။ အဲဒီ ကျောင်းတွေမှာ သင်ကြားမယ့် ကထိက ဆရာတွေကိုလည်း အရည်အချင်း စစ်ပြီး ခွင့်ပြု ပေးခဲ့ပါတယ်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းခွင်အား တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

လိုက်ပါဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ စံတွေဟာ တရားသေမှတ်လို့မရဘဲ အမြဲတမ်းပြောင်းလဲနေပါတယ်။ ISSAI နဲ့ ပတ်သက်လို့ ASEANSAI လို့ခေါ်တဲ့ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့နဲ့ ချိတ်ဆက်ပြီး အလုပ်ရုံဆွေးနွေးပွဲများ အမြဲမပြတ်ပြုလုပ်ပေးနေပါတယ်။ စံတွေအမြဲပြောင်းလဲနေတာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ မြန်မာနိုင်ငံ စာရင်းကောင်စီအနေနဲ့ လိုက်ပါဆောင်ရွက်နိုင်အောင် ကြိုးပမ်းနေပါတယ်။

**မေး။ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းအကြောင်းနဲ့ အသင်းရဲ့ဆောင်ရွက်ချက်များကို ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ဟာ အမြတ်အတွက် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း မဟုတ်ပါဘူး။ အရည်အချင်းပြည့်ဝတဲ့ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ စုပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က စာရင်းနှင့် စာရင်းစစ်ပြပွဲ ပြုလုပ်ခဲ့ရာမှာ ကျွန်တော်တို့နဲ့အတူ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ယခင်က အာဆီယံစာရင်းကိုင်များအသင်း(AFA)မှာ မြန်မာနိုင်ငံစာရင်းကောင်စီဟာ Primary Member ဖြစ်ခဲ့ရာက အခုတော့ MICPA ဟာ Primary Member ဖြစ်လာခဲ့ပါပြီ။ AFA ရဲ့ လိုအပ်ချက်နဲ့ ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က အစားထိုးပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေတို့အရ အရည်အချင်းပြည့်ဝတဲ့ Practicing Accountant တွေနဲ့ ဖွဲ့စည်းထားတဲ့ MICPA ဟာ National Accountant Body ဖြစ်လာပြီး AFA မှာ Primary Member အဖြစ် ရရှိသွားတာ ဖြစ်ပါတယ်။

**မေး။ နိုင်ငံတကာစာရင်းကိုင်စံများ ကျင့်သုံးမှုနှင့်ပတ်သက်လို့ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** နိုင်ငံတကာစာရင်းစံများ ကျင့်သုံးမှုနဲ့ ပတ်သက်လို့ GIZ နဲ့ ပူးပေါင်းပြီး ဘဏ္ဍာရေးကဏ္ဍမှာ အစမ်းဘဏ်သုံးခု ရွေးချယ်ပြီး လိုက်နာကျင့်သုံးဖို့ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာစာရင်းစံများလိုက်နာကျင့်သုံးမှုနှင့် ပတ်သက်ပြီး စစ်တမ်းကောက်ယူကြည့်တဲ့အခါ ၆၀ ရာခိုင်နှုန်းလောက်က နိုင်ငံတကာစာရင်းစံနဲ့ ညီညွတ်တဲ့ပုံစံမျိုးနဲ့ ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ နိုင်ငံတကာစာရင်းစံတွေ လိုက်နာကျင့်သုံးဖို့အတွက် ကော်မတီဖွဲ့ပြီး လုပ်ကိုင်ဆောင်ရွက်ဖို့ရှိပါတယ်။ နိုင်ငံပိုင်ကဏ္ဍအနေနဲ့ လက်ရှိအားဖြင့် ငွေသားအခြေခံ(Cash Basis)နဲ့ လုပ်ငန်းဆောင်ရွက်နေရာမှ IPSAS ရဲ့ အနှစ်သာရဖြစ်တဲ့ စေ့ရောက်မှုအခြေခံ (Accrual Basis) သို့ ကူးပြောင်းဖို့နဲ့ အဲဒီကမှ အဆင့်မြင့် Accrual Basis သို့ ရောက်ရှိလာအောင် အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



**လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း ဆောင်ရွက်ပေးစဉ်။**

**မေး။ Private Sector Auditor များနဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးများအကြား ဆက်စပ်ပတ်သက်မှုကို သိလိုပါတယ်။**

**ဖြေ။** နိုင်ငံတော်အစိုးရက အစုရှယ်ယာတွေ ထည့်ဝင်ထားတဲ့ ကုမ္ပဏီတစ်ခုရဲ့ အထွေထွေအစည်းအဝေးက စာရင်းစစ်ခန့်အပ်ဖို့ ဆုံးဖြတ်ချက်အပေါ် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ကို သဘောထားမှတ်ချက်တောင်းခံပြီး ဆောင်ရွက်ကြရပါတယ်။ ကျွန်တော်တို့အနေနဲ့ အစိုးရကနေ အစုရှယ်ယာပါတဲ့ ကုမ္ပဏီတွေဆိုရင် ပြင်ပစာရင်းစစ်တွေကို လုပ်ပိုင်ခွင့်ပေးထားပါတယ်။ ကျွန်တော်တို့က ဘယ်လိုစစ်သင့်တယ်ဆိုတဲ့ အကြံပြုချက်တွေလည်း ပေးနိုင်ပါတယ်။ အထူးသဖြင့် အခွန်ဘဏ္ဍာကောက်ခံရာမှာ လုံလောက်မှုမရှိဟုယူဆပါက ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနဲ့အညီ ပြန်လည်စစ်ပိုင်ခွင့်ရှိပါတယ်။

**မေး။ ပြည်ပအကူအညီ၊ ထောက်ပံ့ငွေများနဲ့ ဆောင်ရွက်တဲ့ အစိုးရစီမံကိန်းလုပ်ငန်းများကို ပြည်ပစာရင်းစစ်များမှ စစ်ဆေးခွင့် ရှိ၊ မရှိ သိလိုပါတယ်။**

**ဖြေ။** နိုင်ငံခြားသား စာရင်းပညာရှင်တွေဟာ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေနဲ့အညီ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီရင် မြန်မာနိုင်ငံမှာ စာရင်းလုပ်ငန်းလုပ်ကိုင်ဖို့ လျှောက်ထားနိုင်ပါတယ်။ ဒါပေမယ့် အာဆီယံနိုင်ငံများအတွင်း ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်များ(MRA)အရ အခြားအာဆီယံနိုင်ငံများနဲ့ မြန်မာနိုင်ငံမှ စာရင်းပညာရှင်တွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဥပဒေနဲ့ အညီစာရင်းစစ်ခြင်း (Statutory Audit) မဟုတ်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကိုသာ ဆောင်ရွက်ခွင့်ပြုထားပါတယ်။

**မေး။ ပြည်ထောင်စုစာရင်းစစ်ရုံးရဲ့ မဟာဗျူဟာစီမံချက်နဲ့ပတ်သက်ပြီး သိရှိလိုပါတယ်။**

**ဖြေ။** ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်သူ့အကျိုးလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့နဲ့ စာရင်းစစ်အစီရင်ခံစာတွေကို လွှတ်တော်ကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ရဲ့ အားသာချက်၊ အားနည်းချက် အခွင့်အလမ်းနဲ့ စိန်ခေါ်မှုများ၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေနဲ့ ဝန်ထမ်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု အနေအထားတွေကို ထည့်သွင်းစဉ်းစားပြီး ၂၀၁၈-၂၀၂၂ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မဟာဗျူဟာစီမံချက်ကို ရေးဆွဲလျက်ရှိပါတယ်။

မိမိတို့ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ စာရင်းစစ်ဆေးခြင်း အရည်အသွေးအာမခံချက်ရှိဖို့ e-Government နဲ့ ပတ်သက်လို့ စီမံချက်အတိုင်းဆောင်ရွက်ဖို့၊ နိုင်ငံတကာ စာရင်းစစ်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့၊ အခြားသက်ဆိုင်သူ (Stakeholder) များဖြစ်တဲ့ မြန်မာနိုင်ငံမှ အခြားစာရင်းကိုင်များ၊ အသင်းအဖွဲ့များနဲ့လည်း ဆက်သွယ်ဆောင်ရွက်ဖို့ စတာတွေကို မဟာဗျူဟာစီမံချက်မှာ ထည့်သွင်းရေးဆွဲထားပါတယ်။

**မေး။ နောက်ဆုံး မေးခွန်းအနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ရှေ့ဆက်ရမယ့် လုပ်ငန်းစဉ်များကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ကျွန်တော် စတင်တာဝန်ထမ်းဆောင်ကတည်းက နိုင်ငံပိုင်ကဏ္ဍမှာ Cash Basis ကနေ Accrual Basis သို့ ပြောင်းလဲတဲ့ IPSAS ကို ကျင့်သုံးဖို့ လုပ်ငန်းစဉ်ချထားပါတယ်။ အဖွဲ့အစည်းတွေဆီက ဘဏ္ဍာရေးရှင်းတမ်းတွေ တောင်းထားပြီး စိစစ်နေဆဲ၊ လုပ်ကိုင်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ Accrual Basis မှာပင်လျှင် အင်မတန်အဆင့်မြင့်တဲ့ Accrual Basis ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Infrastructure Asset လို့ခေါ်တဲ့ လမ်းတွေ၊ တံတားတွေ၊ ဆိပ်ကမ်းတွေ၊ Heritage Assets ရှေးဟောင်းအမွေအနှစ် ပစ္စည်းတွေထိအောင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာမှာ ဖြစ်ပါတယ်။ မကြာခင်က စင်ကာပူမှာ ကျွန်တော်သွားတက်ခဲ့တဲ့ Seminar တစ်ခုမှာ IPSAS ရဲ့အခြေခံဖြစ်တဲ့ Cash Basis ပြင်တာတောင်မှ သုံးနှစ်လောက်ကြာတယ်လို့ သိခဲ့ရပါတယ်။

နိုင်ငံတကာ အတွေ့အကြုံအရဆိုရင်တော့ IPSAS သို့ ပြောင်းလဲရာမှာ ၁၀ နှစ်လောက်ကြာတယ်လို့ သိခဲ့ရပါတယ်။ စာရင်းနှင့်စာရင်းစစ်ပြပွဲ (A&A Fair) လုပ်ခဲ့သလိုပဲ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ MAC၊ MICPA နဲ့ ဝါဏိဇ္ဇဘွဲ့ရများအသင်းတို့ ပူးပေါင်းပါဝင်ပြီး ဒီနှစ်အောက်တိုဘာလလောက်မှာ Commerce Fair ဆိုပြီး ပွဲတော်တစ်ခုလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တာဝန်မပြီးဆုံးခင် IPSAS ကို ကျင့်သုံးမယ့်လမ်းကြောင်းပေါ် ရောက်ရင်ပဲ ကျေနပ်ပါပြီ။ A&A Fair လိုဟာမျိုး နှစ်စဉ်လုပ်ဖို့ တောင်းဆိုကြပေမယ့် ဒီအတိုင်းသာဆိုရင် ရိုးအီသွားပါလိမ့်မယ်။ တစ်နှစ်ခြား၊ နှစ်နှစ်ခြားသာ ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့ စာရင်းစစ်ဝန်ထမ်းတွေရဲ့ အရည်အချင်းတိုးတက်ဖို့အတွက် နိုင်ငံခြားပညာသင်တွေ စဉ်ဆက်မပြတ် စေလွှတ်လျက်ရှိရာမှာ ဩစတြေးလျနိုင်ငံက မဟာဝါဏိဇ္ဇဘွဲ့ရ တစ်ဦး၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA) ကို တရုတ်နိုင်ငံမှ ရရှိထားသူ တစ်ဦး၊ ထိုင်းနိုင်ငံမှ ရရှိထားသူတစ်ဦး ရှိခဲ့ပြီဖြစ်ပါတယ်။

ယခုလက်ရှိမှာလည်း တရုတ်နိုင်ငံမှာ စာရင်းကိုင်စာရင်းစစ်ဆိုင်ရာ မဟာဘွဲ့ သင်တန်းတက်ရောက်နေသူလေးဦးရှိပါတယ်။ နိုင်ငံတကာသို့လည်း စာရင်းနှင့်စာရင်းစစ်ဆိုင်ရာ အစည်းအဝေး၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနဲ့ သင်တန်းတွေကို အရာထမ်း၊ အမှုထမ်းတွေကို စဉ်ဆက်မပြတ် စေလွှတ်နေပါတယ်။ အငြိမ်းစားယူမယ့် ဝန်ထမ်းတွေရဲ့နေရာမှာ အရည်အချင်းပြည့်ဝတဲ့ ဝန်ထမ်းတွေနဲ့ အစားထိုးနိုင်ဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကောင်းမွန်လာစေရေး၊ နိုင်ငံပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံးရဲ့ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာစာရင်းစံ၊ နိုင်ငံတကာ စာရင်းစစ်စံများနဲ့အညီ ဆောင်ရွက်နိုင်စေရေးနဲ့ စာရင်းပညာခေတ်မီတိုးတက်ရေးစတဲ့ မူဝါဒ(၃)ရပ်ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။**



**စာရင်းစစ်ဆေးမှုများ ဆောင်ရွက်နေကြစဉ်။**

**နိုင်ငံတော်အစိုးရက အစုရှယ်ယာတွေ ထည့်ဝင်ထားတဲ့ ကုမ္ပဏီတစ်ခုရဲ့ အထွေထွေအစည်းအဝေးက စာရင်းစစ်ခန့်အပ်ဖို့ ဆုံးဖြတ်ချက်အပေါ် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ကို သဘောထားမှတ်ချက်တောင်းခံပြီး ဆောင်ရွက်ကြရပါတယ်။ ကျွန်တော်တို့အနေနဲ့ အစိုးရကနေ အစုရှယ်ယာပါတဲ့ ကုမ္ပဏီတွေဆိုရင် ပြင်ပစာရင်းစစ်တွေကို လုပ်ပိုင်ခွင့်ပေးထားပါတယ်။ ကျွန်တော်တို့က ဘယ်လိုစစ်သင့်တယ်ဆိုတဲ့ အကြံပြုချက်တွေလည်း ပေးနိုင်ပါတယ်။ အထူးသဖြင့် အခွန်ဘဏ္ဍာကောက်ခံရာမှာ လုံလောက်မှုမရှိဟုယူဆပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနဲ့အညီ ပြန်လည်စစ်ပိုင်ခွင့်ရှိပါတယ်။**

